အဆုံးမဲ့ဓားကမ္ဘာ ၅၂ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၂ – ရင်းနှီးနေသောမျက်နှာ

အားလုံးက တံခါးအပြင်ဖက်ကို
ပြေးထွက်လာကြသည်။
လုဟိုင် တို့သုံးယောက်အုပ်စုသည်ပင်
ယန်ယဲ့ကို မစောင့်တော့ဘဲ အပြင်ဖက်သို့
တရောသောပါးပြေးသွားကြလေသည်။

ယန်ယွဲ့သည် လူတိုင်းနောက်ကိုမလိုက်ခင်
နေရာမှာရပ်နေရင်း အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။
"တစ်ယောက်ယောက်က ငါ့ကိုယ်စား
ဟန်ဆောင်နေတာလား?
ဒါမဖြစ်သင့်ဘူးလေ။ ငါ့ကိုယ်စား
ဘယ်သူက ဟန်ဆောင်ဖို့ သတ္တိရှိမှာလဲ?
အဲဒီလူက သေချင်နေတာလား?
ငါ့လိုဟန်ဆောင်သူတစ်ယောက်မဟုတ်ရင်
အပြင်က 'ယန်ယွဲ့' ဆိုတာက
ဘယ်ကလာတာလဲ?"

ယန်ယဲ့သည်လည်း စိတ်ထဲတွင်
မေးခွန်းများစွာဖြင့် ခေါင်းယမ်းလိုက်ကာ
ခန်းမထဲမှ ထွက်လာခဲ့သည်။

ဤအခိုက်အတန့်တွင် စုရုံးခြင်းခန်းမ
အပြင်ဖက်၌
ထောင်ချီသောလူအုပ်ကြီးနှင့်ပြည့်နေလေ
သည်။

လူအုပ်အလယ်တွင် အနက်ရောင်တ်စုံနဲ့
မျက်နှာဖုံးစွပ် လူတစ်ဦးရှိနေ၏။
ဤလျှို့ဝှက်ဆန်းကြယ်သော အနက်ဝတ်လူ
၏လက်ထဲတွင် ဓားတစ်ချောင်း
ကိုင်ထားကာ ၎င်း၏အသွင်အပြင်က
ထက်မြိနေသောဓားတစ်ချောင်းကဲ့သို့
အငွေ့အသက်များပင် ဖြာထွက်နေပါသည်။

"ဒီလူက အနည်းဆုံး အဆင့် ၇ ဓားစိတ်ဆန္ဒ
ကို နားလည်ထားပြီပဲ" ယန်ယဲ့က
လူအုပ်အလယ်ရှိ အနက်ဝတ်လူ ကို

တစ်ချက်လှမ်းကြည့်ရင်း
ရှင်းလင်းစွာသိသွား၏။

"ယန်ယဲ့! မင်း ဒီအချိန်မှာ ဘယ်လိုမှ
လွတ်မြောက်နိုင်မှာ မဟုတ်ဘူး!"
လို့ဝှက်ဆန်းကြယ်သောအနက်ဝတ်လူ
၏ရှေ့တွင်ရပ်နေသော လူငယ်တစ်ဦးက
ကြီးကျယ်သောအမူအရာနှင့် "ယန်ယဲ့"ကို
ရှာတွေ့ခဲ့သဖြင့် စိတ်လှုပ်ရှားနေပုံပါ။

ထိုအချိန်တွင် လူတိုင်းက ၎င်းတို့၏ လက်နက်များကို ဆွဲထုတ်ရင်း နောက်ကို ခြေတစ်လှမ်းဆီဆုတ်သွားကြသည်။

လူတိုင်းက ချက်ချင်းမတိုက်ခိုက်ခဲ့ပေ။ အသေအချာပင်၊ လူတိုင်းက ယန်ယဲ့ ဟူသောအမည်နာမကို မည်မျှထိတ်လန့်ကြောက်ရွံ့နေကြောင်း သိသာလှ၏။

ထိုယန်ယဲ့က ထောင်စုနှစ်
၏ဓားအင်ပါယာဖြစ်သော်ငြားလည်း
ရက်စက်ကြမ်းကြုတ်သောသတ်ဖြတ်မှု
ကြောင့် ဓားနတ်ဆိုး
ဟုနာမည်ကျော်နေသည် မဟုတ်သလော။

လျှို့ဝှက်ဆန်းကြယ်သောအနက်ဝတ်လူ က
ပတ်ဝန်းကျင်ရှိ
လူတိုင်း၏အကြည့်များအောက်တွင်
မျက်နှာဖုံးကို
ဖြည်းညှင်းစွာဖယ်ရှားပြီးနောက် ယန်ယဲ့

အပါအဝင် လူတိုင်း

အံ့အားသင့်သွားကြသည်။

လှိုဝှက်ဆန်းကြယ်သောလူက

အမျိုးသမီးတစ်ဦးဖြစ်ပြီး

အလွန်ချောမောလှပသောအမျိုးသမီးတစ်

ဦးဖြစ်နေသောကြောင့် အားလုံးပင်

အံ့သြသွားကြသည်။

ယန်ယွဲ့ကတော့ ထိုအမျိုးသမီးကို

သိနေသောကြောင့် အံ့အားသင့်သွားခြင်းပါ။

သူမက သူနှင့်အတူ လမ်းခွဲထွက်သွားသော
ရှေးဟောင်းဒိုမိန်းမြို့မြို့သခင်
၏သမီးဖြစ်သူ လုကျန်းယောင် ပါပင်။

ဤအခိုက်အတန့်တွင် လုကျန်းယောင်
ကလည်း အတော်လေး ဒေါသထွက်နေ၏။

သူမ၏အထောက်အထားကို
မဖော်ထုတ်ချင်သောကြောင့်
သူမ၏အသွင်အပြင်ကို
ဖုံးကွယ်ထားသော်လည်း ဤနေရာမှ

လူများက သူမကို ပစ်မှတ်ထားကာ
လမ်းတစ်လျှောက်လုံး စောင့်
ကြည့်နေလိမ့်မည်ဟု မမျှော်လင့်ထားပေ။

အဆုံးတွင် ၎င်းတို့က သူမကို ယန်ယဲ့ ဟုပင်
စွပ်ဆွဲခဲ့ပြီး ဤနေရာတွင်
တားဆီးထားခဲ့ကြသည်မဟုတ်လော။

"ငါလုကျန်းယောင် က ဘယ်နေရာမှာများ
ယန်ယဲ့ နဲ့တူနေလို့လဲ?"

လုကျွန်းယောင်က ကြည်နူးမှုနှင့် ဒေါသကို
တစ်ပြိုင်နက်တည်း ခံစားလိုက်ရသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့ဟာ
ဗဟိုနယ်မြေရှိ လူတိုင်းက
လိုက်လံဖမ်းဆီးခြင်းခံရသည့်အထိတိုင်
နာမည်ကျော်နေမည်ဟု သူမ
မမျှော်လင့်ခဲ့ပေ။

သို့သော် အမှန်အတိုင်းပြောရလျှင်
ယန်ယဲ့က ဗဟိုနယ်မြေတစ်ခုလုံးကို
ရင်ဆိုင်ရန် သူ့ကိုယ်ပိုင်အင်အားကိုသာ

အားကိုးထားသောကြောင့် ယန်ယဲ့အပေါ်
အနည်းငယ် လေးစားမိလေသည်။

ထို့အပြင် ဗဟိုနယ်မြေရှိ ထောင်ချီသော
ကျွမ်းကျင်သူများ
ပူးပေါင်းရှာဖွေနေသည့်တိုင် ယန်ယဲ့ ကို
ထိခိုက်စေနိုင်ခြင်းမရှိသေးပေ။

ထိုသို့သောမြင်ကွင်းက လွန်ခဲ့သည့်နှစ်ပေါင်း
(၁၀,၀၀၀)က ဆေဘာဓားဂိုဏ်း

၏တည်ထောင်သူဘိုးဘေး
လုပ်ဆောင်ခဲ့သော အရာတစ်ခုကဲ့သို့ပင်။

အနက်ဝတ်လူဟာ
အမျိုးသမီးဖြစ်နေကြောင်း
မြင်လိုက်ရချိန်တွင် လူတိုင်း မထွက်ခွာခင်
လောဘကြီးစွာ ကြည့်လိုက်ကြသည်။

သို့သော် အနက်ဝတ်အမျိုးသမီးက
လှပသော်ငြား
အစွမ်းထက်ကျွမ်းကျင်သာတစ်ဦးဖြစ်နေ
ကြောင်းအားလုံးသတိထားမိခဲ့၏။

ထို့ကြောင့် လူတိုင်းက သူမကို
ပြဿနာရှာချင်လျှင် အဆင့် ၇ ဓားစိတ်ဆန္ဒ
(သို့) ထို့ထက်ပို၍မြင့်မားနိုင်သော
ဓားစိတ်ဆန္ဒ ကို ပိုင်ဆိုင်ရမည်ဖြစ်သည်။

"ဒီမှာ ရပ်လိုက်ပါ!" လုကျန်းယောင် က
ထွက်ခွာရန်ပြင်နေသော လူငယ်လေးကို
အော်ငေါက်လိုက်သည်။
သူမက တိုက်ကြီးကို ခရီးသွားရန်သာ
ထွက်လာခဲ့သော်လည်း

ခရီးစဉ်တစ်လျှောက်လုံး ဒေါသကို

အတတ်နိုင်ဆုံး ထိန်းထားခဲ့၏။

သို့သော်လည်း သူမက

ထိုကဲ့သို့လူများနှင့်ရင်ဆိုင်ရသည့်အခါ

အနည်းငယ် ပို၍ ရက်စက်ရမည်ကို

သဘောပေါက်သွားသည်။

လူငယ်လေး ၏မျက်နှာက ချက်ချင်းပင်

ဖြူဖျော့သွား၏။

လုကျန်းယောင် သာ ယန်ယွဲ့ ဖြစ်နေလျှင်

ပတ်ဝန်းကျင်ရှိ ကျွမ်းကျင်သူအားလုံးကို

သူမကို  သေချာပေါက်
ဝိုင်းရံတိုက်ခိုက်ကြပါလိမ့်မည်။

ကံဆိုးစွာပင် ဤအနက်ဝတ်အမျိုးသမီးက
ယန်ယဲ့မဟုတ်ပေ၊ ထို့အပြင် သူက မှားယွင်း
စွပ်ဆွဲမိသဖြင့်  ဤအစွမ်းထက်အမျိုးသမီး
၏လက်ထဲတွင် ဒုက္ခရောက်ပါတော့မည်။

လူငယ်လေးက လုကျန်းယောင် ၏ရှေ့တွင်
ဒူးထောက်ချလိုက်ပြီး “ဒီက သခင်မလေး!

ငါ့အများပါ” ဟုဆိုကာ လျင်မြန်စွာ ငိုလိုက်သည်။
ငါ မင်းကို တခြားတစ်ယောက်အတွက် အထင်လွဲခဲ့တယ်။ ကျေးဇူးပြုပြီး ငါ့အသက်ကို နှမြောပါ…”

“အင်း!” လုကျန်းယောင် က ထိုကဲ့သို့ အခြေအနေမျိုး ကြုံတွေ့ရသောအခါ အမှန်တကယ်တွင် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူငယ်က
မည်သည့်နည်းဖြင့်မဆို
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ
ဖြစ်နေ၏။

သို့သော် ထိုလူငယ်က ဤမျှအထိ
သူ့ရဲဘောကြောင်လိမ့်မည်ဟု
မမျှော်လင့်ထားပေ။

ဤအရာက လုကျန်းယောင် ကို စကားပင်
ပြန်မပြောနိုင်လောက်အောင်
ခံစားရစေသည်။

လူငယ်သည် သူမ၏ တိတ်ဆိတ်မှုကို ကြည့်၍ သူ့အား အသက်ရှင်ခွင့်ပေးလိုစိတ်မရှိဟုထင်သွားလေသည်။

လူငယ် ၏မျက်လုံးထဲတွင် ရက်စက်ကြမ်းကြုတ်သောအမူအရာများ ပေါ်လာပြီး ရုတ်တရက် ကြမ်းပြင်ပေါ် ခြေစောင့်နင်းကာ ခုန်ထလိုက်သည်။

တစ်ဆက်တည်း သူ၏ညာလက်ကို ဆန့်ကာ လုကျန်းယောင် ၏လည်ပင်းကို ဦးတည်ကုတ်ဆွဲလေသည်။

ရုတ်တရက် အလစ်အငိုက်တိုက်ခိုက်မှုက အလွန်လျင်မြန်လွန်းပြီး လူနှစ်ဦးက နီးကပ်လွန်းနေသဖြင့် လုကျန်းယောင် ၏ ရှေ့သို့ ချက်ချင်းရောက်လာခဲ့သည် ။

ဆူး!

ထိုအချိန်တွင် အလင်းတန်းတစ်ခု
လင်းလက်သွားပြီးနောက်
ဓားတစ်ချောင်းက လူငယ် ၏ဗိုက်ကို
ထိုးခွဲသွားကာ လေထဲတွင်ရှိနေသော
လူငယ်၏ခန္ဓာကိုယ်က ရုတ်ချည်းပင်
တောင့်တင်းသွားပါတော့သည်။

ဘုန်း!

လုကျန်းယောင် က သူမ၏ဓားကို
ဆွဲနုတ်လိုက်ပြီး မြေပြင်ပေါ်

ပြုတ်ကျသွားသော လူငယ်ကို တစ်ချက်ကြည့်လိုက်ကာ “ယန်ယဲ့ မှန်တယ်။ စေတနာအရမ်းကြီးလို့ မရဘူး။ ဒါကိုမြင်ရင် သူ ငါ့ကို အရူးလို့ ခေါ်မှာ သေချာတယ်!”

ထိုစကားကိုကြားလိုက်သောအခါ ယန်ယဲ့ ၏ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး စိတ်ထဲတွင် ချက်ချင်း ကျိန်ဆဲလေသည်။ "မင်းက လူမိုက်ပဲ! တကယ်ကို ထူးဆန်းတဲ့ လူမိုက်။ အခုဒီကလူတိုင်းက

မင်းငါ့ကိုသိတယ်ဆိုတာသတိထားမိသွား
ကြပြီလေ။ မင်းလို မိုက်မဲတဲ့ မိန်းမကို
ငါတကယ် မတွေ့ဖူးဘူး။"

အသေအချာပင်။ လုကျန်းယောင်
၏စကားကြောင့် ထွက်ခွာနီး လူအားလုံး
ရုတ်တရက် ရပ်တန့်သွားပြီး နောက်ကို
ပြန်လှည့်ကြည့်လိုက်ကြသည်။

"မင်းက ယန်ယွဲ့ ကိုသိသလား?"
ဤမေးခွန်းကို

ချက်ချင်းတန်းမေးလိုက်သူက လူအုပ်၏ရှေ့ဆုံးမှ ရဲချန် ပင်။

သို့သော် ဤမေးခွန်းက လူတိုင်းမေးချင်နေသည့်အရာပင်ဖြစ်သည်။

ဤအခိုက်တွင် လုကျန်းယောင် က သူမစကားမှားသွားသည်ကို သတိပြုမိပြီးနောက်ခေါင်းကို အမြန်ခါလိုက်ပြီး "ငါ ယန်ယဲ့ ကို မသိဘူး။ အရမ်းရှက်စရာကောင်းပြီး စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့လူကိုငါဘယ်လိုသိနိုင်မလဲ?”

ယန်ယဲ့ဟာ ဤစကားကို
ကြားလိုက်သည့်အခါတွင် ပါးစပ်ထဲကနေ
သွေးအန်ထွက်လုနီးပါးဖြစ်နေပါပြီ။

"ဒီမိန်းကလေးက အကန့်အသတ်မရှိအောင်
မိုက်မဲနေတာလား? မင်းငါ့ကို
မသိဘူးလို့ပဲပြောလိုက်ရင်
အဆင်ပြေသွားမှာလေ။
အခုတော့ ဘယ်နဲ့ကြောင့်
ငါ့ကိုစော်ကားလိုက်တာလဲ? မင်းငါ့ကို

စော်ကားတာ အရေးမကြီးပေမယ့်
မင်းရဲ့စကားတွေက ငါ့ကိုသိတယ်ဆိုတာ
သက်သေပြဖို့ဖြစ်လာတာကို
မင်းသဘောမပေါက်ဘူးလား? တကယ်ပါပဲ။
ပေါင်အာ ကမှ သူမထက်
ပိုပြီးညဏ်ကောင်းသေးတယ်။"

ရဲချန်က ထိုစကားကို ကြားလိုက်သောအခါ
ချက်ချင်းပင် စိတ်လှုပ်ရှားသွားသည်။
ရဲချန် သာမကပေ၊ ပတ်ဝန်းကျင်ရှိ
အခြားလူများအားလုံးလည်း

စိတ်လှုပ်ရှားဖွယ်အမူအရာများကို ထုတ်ပြလိုက်ကြသည်။

ရဲချန် က "မင်းက ယန်ယဲ့ ကို မသိဘူးသာပြောနေတာ။ သူက အရှက်ကင်းမဲ့ပြီး စက်ဆုပ်ရွံရှာဖွယ်ကောင်းတယ်လို့ မင်းဘယ်လိုသိတာလဲ? ဒါ့ပြင်၊ ငါ အခုမှ ဂရုတစိုက်ကြည့်မိတယ်။ မင်းရဲ့အဝတ်အစားနဲ့ လေယူလေသိမ်းက ဗဟိုနယ်မြေ ရဲ့ကျွမ်းကျင်သူဖြစ်ပုံမရဘူး။"

"ဘာလို့ဖြေရမှာလဲ?" လုကျန်းယောင် က ထိုအခါမှသာ စကားထပ်များသွားသည်ကို သတိပြုမိသွားပြန်လေသည်။

သို့ရာတွင် သူမက မျက်နှာအမူအရာကို ပုံမှန်အတိုင်းထားကာ ငြင်းဆန်လိုက်၏။

ဆက်ရန်

၅၂၃

အဆုံးမဲ့ဓားကမ္ဘာ ၅၂၃ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၂၃ – နောက်တစ်ခါ ကယ်ရခြင်း

ရဲချန် က အသံတိုးတိုးဖြင့်ပြောလိုက်၏။

“ဒီနေရာမှာရှိတဲ့ လူတိုင်းက ယန်ယဲ့ ကိုလိုက်ရှာနေကြတာဆိုတော့ မင်းသူ့ကိုသိရင် ကျေးဇူးပြုပြီး သူ့အကြောင်းအချက်အလက်တွေကို ပြောပြပေးပါ။

ဒီလိုမှမဟုတ်ရင် မင်းက ခေါးစိတ်ဆန္ဒ ကို နားလည်ထားတဲ့

ဓားသမားဖြစ်နေရင်တောင် ဒီနေ့ဒီမှာ
သေသွားနိုင်တယ်။
ယန်ယဲ့ ဘယ်မှာရှိတယ်ဆိုတာ ပြောပြရင်
မင်းအတွက် အခက်အခဲတွေ
ရှိလာမှာမဟုတ်ဘူးလို့ ငါအာမခံတယ်။"

ယန်ယဲ့သည် ရဲချန် ကို အေးစက်စွာ
ကြည့်လိုက်သည်။ "ဒီကောင်က
ငါ့ကိုသတ်ချင်တဲ့ စိတ်ဆန္ဒကို စွန့်လွှတ်ဖို့
တကယ်ငြင်းဆန်နေတာပဲ။"

လုကျန်းယောင် အတွက် ယန်ယဲ့ကလွဲ၍
သူမတစ်သက်တာလုံး မည်သူ့ထံမှ
ခြိမ်းခြောက်ခြင်းကိုမခံရဖူးပေ။

ဤအခိုက်အတန့်တွင် သူမအား
လူပုံအလယ်တွင် ခြိမ်းခြောက်ခံနေရသဖြင့်
ဒေါသထွက်ကာ
သူမ၏ဓားကိုချက်ချင်းဆွဲထုတ်ပြီး ရဲချန် ကို
ချိန်ရွယ်လိုက်သည်။

"ငါဒီမှာသေမှာလား? နင့်ကိုယ်နင်
ဘယ်သူထင်လို့လဲ?

နင်ကများ ငါ့ကို ခြိမ်းခြောက်ဖို့တောင် ထိုက်တန်သလား? နင့်မှာ အစွမ်းအစရှိရင် ဒီကိုလာပြီး ငါနဲ့ တိုက်ခိုက်!”

"ယန်ယဲ့ ဘယ်မှာလဲ မင်း ငါတို့ကို မပြောပြချင်ဘူးထင်တယ်!" ရဲချန် က မှုန်ကုပ်ကုပ်နှင့် ပြောသည်။“လူတိုင်း၊ သူမက ယန်ယဲ့ ရဲ့မိတ်ဆွေတစ်ယောက် ဖြစ်နိုင်ချေ များတယ်။

ငါတို့က သူမကိုဖမ်းလိုက်ရင် ယန်ယဲ့ ရဲ့နေရာကို သေချာပေါက်သိနိုင်မှာပဲ။

ဒါမှမဟုတ် ယန်ယဲ့က သူမကို
ငါတို့လက်ကနေ လာကယ်ဖို့
ဓားစာခံအနေနဲ့သုံးလို့ရတယ်။”
ရဲချန်က လူတိုင်း ကို အဖော်ညှိလိုက်၏။
သူက ဓားစိတ်ဆန္ဒ ကိုနားလည်ထားသော
အဆင့်တူကျွမ်းကျင်သူနှင့်
တိုက်ခိုက်ဝံ့ခြင်းမရှိပေ။

"ဟမ့်!" လုကျန်းယောင် က အေးစက်စက်
အော်ဟစ်ပြီး အထင်အမြင်သေးစွာဖြင့်

"နင်က ငါ့ကို တိုက်ဖို့တောင် မဝံ့ရဲဘူး။
အမှိုက်တစ်စပဲ!”

ရဲချွန် ၏အမူအရာက တဖြည်းဖြည်း
အေးစက်လာသည်။

သူက ဒေါသတကြီးဖြင့်
တိုက်ခိုက်ရန်ပြင်လိုက်ချိန်တွင် လူအုပ်ထဲနေ
အဘိုးအိုတစ်ယောက် ထိုးထွက်လာသည်ကို
မြင်လိုက်၏။

အဘိုးအို လူတိုင်းကို ဂရုမစိုက်ဘဲ လုကျန်းယောင် ကို စိုက်ကြည့်ရင်း "အမျိုးသမီးငယ်လေး၊ မင်းက သူဘယ်မှာရှိမှန်း မသိရင်တောင် ယန်ယဲ့ နဲ့ အရမ်းရင်းနှီးမယ်ဆိုတာ မင်းပြောခဲ့တဲ့စကားတွေအရ ငါသိတယ်။ ဒါဆိုရင်ကော ဘယ်လိုလဲ? ဒီအဘိုးကြီးက ကိုယ့်ထက် အားနည်းတဲ့သူကို အနိုင်ကျင့်မှာ မဟုတ်ဘူး။ ယန်ယဲ့ အကြောင်းကို မင်းသိသမျှကို ငါ့ကို ပြောပြလိုက်။ ပြီးတာနဲ့ မင်းကို လွှတ်လိုက်မယ်။"

"ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်....။"
ယန်ယဲ့က ညာလက်သီးကို
တင်းတင်းဆုပ်ထားမိသည်။

လုကျန်းယောင်က သူ့ကို
အဆောင်သခင်တစ်ဦးနှင့်
ကြောက်မက်ဖွယ်ရုပ်ခန္ဓာခွန်အားပိုင်ဆိုင်
ထားသူဖြစ်ကြောင်း ပြောလိုက်လျှင်
သူ့အနေဖြင့်
ချက်ချင်းဖော်ထုတ်ခံရပါလိမ့်မည်။

ယန်ယဲ့သည် ချက်ချင်းဆိုသလိုပင်
ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပါသည်။

ဤနေရာတွင် ကျွမ်းကျင်သူ (၂၀,၀၀၀)
နီးပါးရှိကြောင်း သတိပြုမိလိုက်ပြီး
ထိုအထဲတွင် အဆင့် ၅ နှင့် အဆင့် ၆
ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ထောင်ချီရှိနေသည်ကိုပါ
သတိပြုမိလေသည်။

ထို့အပြင် သူ၏အထောက်အထား
ဖော်ထုတ်ခံလိုက်ရသည်နှင့်တပြိုင်နက်
သိုင်းကမ္ဘာမြို့ရှိ လူတိုင်းက သူ့ကို
ဝိုင်းရံတိုက်ခိုက်လာပေမည်။

ထိုအချိန်ရောက်လျှင် သူက
မည်သည့်နေရာကို ထွက်ပြေးရမည်နည်း?

မမျှော်လင့်ဘဲ လုကျန်းယောင်
ရောက်ရှိလာခြင်းကသူ့အတွက် အလွန်
ကြီးမားသောပြဿနာပင်။

လုကျန်းယောင် ၏အမူအရာက
လေးနက်သွားကာ ချက်ချင်းပင်
နှလုံးသားတစ်ခုလုံး တုန်လှုပ်သွားသည်။

သူမက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
များကို အသာလေးသတ်နိုင်စွမ်းရှိသည့်
ယန်ယွဲ့ မဟုတ်ပေ။
သို့ရာတွင် သူမက အံကြိတ်လိုက်ပြီး “ငါ
ဘာမှမသိဘူး။ ဒီကဆရာကြီး! မေးတာ
လူများနေပြီ!" ယန်ယွဲ့ နှင့်

သူမ၏ဆက်ဆံရေးက
သိပ်ပြီးမရင်းနှီးသော်လည်း သူမအနေဖြင့်
ယန်ယဲ့ကို
သစ္စာဖောက်လိုသည့်အတိုင်းအတာအထိမ
ဟုတ်ပေ။

တစ်ဖက်တွင်မူ လုကျန်းယောင်
၏စကားကိုကြားလိုက်သောအခါ ယန်ယဲ့က
နှလုံးသားထဲတွင်
အနည်းငယ်နွေးထွေးသွားသလို
ခံစားလိုက်ရသည်။

မည်သို့ပင်ဖြစ်စေ လုကျန်းယောင် က သူ့ကို သစ္စာမဖောက်ခဲ့သဖြင့် သူမအတွက် ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများနှ င့် လမ်းတစ်လျှောက်လုံး ကယ်တင်ခဲ့ခြင်းက အလဟာသမဖြစ်ဟုခံစားရစေသည်။

“တကယ်တော့ ဒီအဘိုးအိုက ရမက်ဆန္ဒပညာရှင် ပဲ။ ဒီညစ်ပတ်တဲ့ လူအိုကြီးက သိုင်းကမ္ဘာမြို့ကိုရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားပါဘူး။”

"ဟုတ်တယ်၊ တကယ်က သူပဲဟ။ ဟီးဟီး!
ဒီမိန်းကလေးတော့ သေချာပေါက်
ဒုက္ခရောက်တော့မယ်။
ရမက်ဆန္ဒပညာရှင်က လှုပ်ရှားမှုမျိုးစုံနဲ့
ပုံစံအမျိုးမျိုးပြောင်းပြီး ကစားရတာကို
နှစ်သက်တာ လူတိုင်းသိတယ်။ ချီးပဲဟေ့!
ကံဆိုးလိုက်တာ။ ဒီလိုမိန်းမလှလေးက
အဲဒီနတ်ဆိုးအဘိုးအိုရဲ့လက်ထဲမှာပျက်စီး
တော့မယ်။"

"ဒါကို မင်းမမြင်ချင်ရင် အဲဒီအလှလေးကို သူရဲကောင်းလုပ်ပြီး ဘာလို့မကယ်တင်တာလဲ? ပြီးရင် မင်း သူမနဲ့ကစားလို့ရတယ်လေ။"

"ဟာသပဲ! သူမက တော်တော်လေးလှပပေမဲ့ ဟိုမှာရှိတဲ့မင်းအဖေက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်လေ။ ငါ မသေချင်ဘူး!"

အဘိုးအိုက အနည်းငယ် ထူးဆန်းသော
အပြုံးကို ထုတ်ပြရင်း ပတ်ဝန်းကျင်ရှိ
လူအားလုံးကို လျစ်လျူရှုကာ
“မိန်းမလှလေး! မင်းက ပြောပြဖို့
ငြင်းဆိုတဲ့အတွက် အားနည်းသူတွေကို
အနိုင်ကျင့်တာကို အပြစ်မတင်ပါနဲ့။

မင်းတော်တော်ကြည့်ကောင်းတာမို့
ငါ့ရဲ့ကိုယ်လုပ်တော်ဖြစ်နိုင်တယ်။ မင်းသာ
ငါ့ကိုယ်လုပ်တော်ဖြစ်လာရင် မင်းကို
စကားပြောဖို့ နည်းလမ်းတစ်ခုထက်မက
ရှိတယ်။"

စကားဆုံးသည်နှင့် အဘိုးအိုက
ဖျတ်ခနဲလက်သွားပြီး လုကျန်းယောင်
၏ရှေ့သို့
လှျပ်တစ်ပြက်ရောက်လာတော့သည်။

လုကျန်းယောင် ၏အမူအရာက
ချက်ချင်းပင်ပြောင်းသွားကာ သူမ၏ဓားကို
လွှဲယမ်းပြီး အဘိုးအို ဆီသို့
ခုတ်ပိုင်းလိုက်ပါသည်။

အဘိုးအိုရ
အနည်းငယ်အံ့အားသင့်သွားသော်လည်း
ရုတ်တရက် ပြုံးပြီး ပြောလိုက်သည်။
"အဆင့် ၇ ဓားစိတ်ဆန္ဒ က
ကြောက်စရာကောင်းပေမဲ့ မင်းရဲ့ကျင့်
ကြံမှုက အားနည်းလွန်းတယ်။ ဒီတော့
ငါ့အသက်ကို မထိခိုက်စေနိုင်ဘူး။"

"လေဟာနယ်ချုပ်နှောင်ခြင်း!" အဘိုးအိုက
အော်လိုက်ရာ ရုတ်တရက်
မမြင်နိုင်သောစွမ်းအားတစ်ခုက

လုကျန်းယောင် နှင့် သူမ၏ ဓားစိတ်ဆန္ဒ ကို ချုပ်နှောင်သွားခဲ့ပါသည်။

လုကျန်းယောင် ၏အမူအရာကလည်း သိသိသာသာ ပြောင်းလဲသွားသည်။

သူမက ဓားကို ပစ်လွှတ်ကာ လေဟာနယ်အတားအဆီးကိုချိုးဖျက်ရန် ပြင်လိုက်ချိန်တွင် အဘိုးအိုက သူမ၏ခန္ဓာကိုယ်အား ဖမ်းဆုပ်လာသည်ကို သတိပြုမိလိုက်သည်။

တစ်ချိန်တည်းတွင် အဘိုးအိုက
ရည်ရွယ်ချက်ရှိရှိ လုပ်နေသည်
ဟုတ်မဟုတ်ကို မသိသော်လည်း
၎င်း၏လက်က သူမ၏ ရွှေရင်အစုံကို
ဆုပ်ကိုင်ရန် ဦးတည်နေသည်။

ထိုအခိုက်အတန့်တွင် လေပြင်းတစ်ချက်
အဘိုးအို ၏နောက်မှ တိုက်ခတ်လာသဖြင့်
သူ့အမူအရာ က ချက်ချင်းပင်
ပြောင်းလဲသွားခဲ့သည်။

အဘိုးအိုက ခန္ဓာကိုယ်ကို လျင်မြန်စွာ
လှည့်ကာ သူ့လက်သီးကို
တရကြမ်းထိုးချလိုက်သည်။

အုန်း!

အဘိုးအို ၏လက်သီးချက်က သူ့ဆီသို့
ထိုးချလာသော လက်သီးနှင့်
တိုက်မိသွားပြီးနောက် ခြေလှမ်းအနည်းငယ်
ပြန်ဆုတ်သွားလိုက်ရသည်။

ထိုမြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိ
လူတိုင်းပင်လျှင် အမူအရာများ
ပြောင်းလဲသွားကြသည်။

“အစ်ကို ရဲ! မင်း...ဘယ်လိုဖြစ်....!" ယန်ယဲ့
ရုတ်တရက် တိုက်ခိုက်လိုက်ခြင်းကြောင့်
လုဟိုင် လည်း နားမလည်နိုင်စွာ
အံ့သြသောအမူအရာဖြင့်
စိုက်ကြည့်နေသည်။
တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲတွင်
အလွန်တုန်လှုပ်သွားမိသည်။

ဤအဆောင်သခင် ၏ရုပ်ခန္ဓာခွန်အားက အမှန်ပင် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ထက် သာလွန်နေပေသည်။

၎င်းက

နတ်ဆိုးမျိုးနွယ်ပင်ဖြစ်နေပါသလော?

"သူမက ယန်ယွဲ့ ဘယ်ရောက်နေတာလဲ သိနိုင်တယ်။ တကယ်လို့ သူမက ဒီအဘိုးအိုရဲ့လက်ထဲကိုရောက်သွားရင် အဲဒီအချက်အလက်တွေကို ငါတို့ရနိုင်တော့မယ်လို့ ထင်နေတာလား?"

ယန်ယဲ့က
ပြတ်ပြတ်သားသားပြောလိုက်သည်။

လုဟိုင် နှင့် အခြားလူများလည်း
ထိုစကားကိုကြားသောအခါ ရုတ်တရုတ်
သဘောပေါက်သွားပြီးနောက် အဘိုးအို ကို
စူးစူးရဲရဲကြည့်ကာ ယန်ယဲ့ ၏ဘေးနားတွင်
ယှဉ်ရပ်လိုက်ကြသည်။

“နင်….” ထိုအချိန်တွင် လုကျန်းယောင်
၏မျက်လုံးများက

တုန်လှုပ်ခြောက်ခြားမှုများဖြင့်
ပြည့်နှက်နေချိန်တွင် ယန်ယဲ့ ကို ရုတ်တရက်
လက်ညှိုးထိုးလိုက်သည်။

ယန်ယဲ့ ၏ပါးစပ်ထောင့်များပင်
တဆတ်ဆတ် လှုပ်ယမ်းသွားသည်။

အကယ်၍ လုကျန်းယောင် သာ
ယခုလက်ရှိတွင် သူ့အထောက်အထားကို
ထုတ်ဖော်သည်အထိမိုက်မဲနေပါက
သူမကိုမသတ်ခင်
ခန္ဓာကိုယ်တစ်ခုလုံးကိုအကြိမ်ပေါင်း

တစ်သန်းကျော် ညှဉ်းပန်းနှိပ်စက်မည်ဟု အာမခံလိုက်သည်။

ဆက်ရန်

၅၂၄

အဆုံးမဲ့ဓားကမ္ဘာ ၅၂၄ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၂၄ – သွေးဆောင်ခြင်း

လုကျန်းယောင် လည်း ဤအနက်ဝတ်လူက
အထူးသဖြင့် သူ့အသံကို
အလွန်ရင်းနှီးနေသည်ဟု ခံစားရသည်။
ထို့အပြင် သူမသည် ဤအနက်ဝတ်လူထံမှ
ဖိအားပုံစံတစ်ခုကိုပါ ခံစားလိုက်သည်။

ဤဖိအားက သူမ၏ကျင့်ကြံမှုအဆင့်နှင့်
လုံးဝသက်ဆိုင်ခြင်းမရှိပေ။
၎င်းက ဓားစိတ်ဆန္ဒ ဖိအားတစ်ခုဖြစ်သည်။

ဤအနက်ဝတ်လူ သူ့ရှေ့တွင်
ပေါ်လာပြီးနောက် သူမ၏လက်ထဲမှ ဓားက
အနည်းငယ်တုန်ခါသွားပြီး
အလွန်အန္တရာယ်များသော
ခံစားချက်ကိုရလိုက်သည်။

အဆင့် ၇ ဓားစိတ်ဆန္ဒ
ကိုပိုင်ဆိုင်ထားသဖြင့် သူမကို
ခြိမ်းခြောက်နိုင်သည်မှာ
တစ်ခုတည်းသာရှိ၏။

တစ်ချိန်တည်းတွင် ထိုအနက်ဝတ်လူဆီမှ ရင်းနှီးသည့်ခံစားချက်ကို ရလိုက်ချိန်တွင်တော့ ယန်ယဲ့ ဖြစ်နိုင်ချေကို ပထမဆုံးအကြိမ် တွေးမိလိုက်ပါတော့သည်။

ထို့အတူ ကံကောင်းစွာဖြင့် သူမက ယန်ယဲ့ ၏အထောက်အထားကို ဖော်ထုတ်ရလောက်သည်ထိ မိုက်မဲမနေပေ။

"မင်းဘယ်သူလဲ?" ရမက်ဆန္ဒအဘိုးအိုက ယန်ယဲ့ကို ကြည့်ရင်း မျက်နှာပေါ်တွင် မှုန်ကုပ်ကုပ် ဖြစ်နေသည်။

ယန်ယဲ့ နှင့် လက်သီးချင်းရင်ဆိုင်ပြီးနောက်

ဝတ်ရုံရှည်အောက်တွင် ဖုံးကွယ်ထားသော

သူ့လက်တစ်ဖက်လုံး

တဆတ်ဆတ်တုန်ယင်နေခဲ့၏။

ယန်ယဲ့က အဘိုးအို

၏စကားကိုပြန်မဖြေပေ။

လူတိုင်း အံ့အားသင့်စွာကြည့်နေချိန်မှာပင်

သူ၏ညာလက်ကိုဆန့်ထုတ်ကာ

ရောမနဂါးလက်သည်းကြီးအဖြစ်ပြောင်း၍

ရမက်ဆန္ဒအဘိုးအိုရှိ ကုတ်ဆွဲချလိုက်သည်။

အဘိုးအို က ထိတ်လန့်သွားပြီး ကမန်းကတန်းအော်ဟစ်လိုက်သည်။

"လေဟာနယ်အကာအကွယ်!"

အုန်း!

ယန်ယွဲ့က သူ့လက်ကို တစ်ချက်လှုပ်လိုက်သည်နှင့် ရောမနဂါးလက်သည်းကြီးက အဘိုးအို၏လေဟာနယ်အကာအကွယ်ကို

ရိုက်ချသွားကာ ဖန်သားပြင်ကဲ့သို့ ချက်ချင်း ကွဲထွက်သွားသည်။

ဤမြင်ကွင်းကြောင့် အဘိုးအို အပါအဝင် လူတိုင်းအံ့သြတုန်လှုပ်သွားကြသည်။

ထိုအချိန်တွင် ယန်ယွဲ့ ၏ပုံရိပ်က ဖျတ်ခနဲတောက်ပလာပြီး အဘိုးအိုရှေ့သို့ ရောက်လာကာ နဂါးလက်သည်းကြီးက လေချွန်သံများစူးရှစွာထွက်နေကာ အဘိုးအို ၏နဖူးအလယ်ဆီသို့ ကုတ်ဆွဲလိုက်သည်။

အဘိုးအို ၏အမူအရာက
နောက်တဖန်ပြောင်းသွားပြန်သည်။
အဘိုးအို က ယန်ယဲ့ကို ပေါ့ပေါ့ဆဆ
သဘောထားနေခြင်းမရှိတော့ပေ။

အဘိုးအိုက ရုတ်တရက် နောက်ဆုတ်ပြီး
လက်ကိုဝှေ့ယမ်းလိုက်ရာ လက်ထဲတွင်
အနက်ရောင်သံမဏိလှံရှည်တစ်ချောင်းပေါ်
လာသည်။

ထို့နောက် သူ့လက်ထဲက

အနက်ရောင်သံမဏိလုံကို ဝှေ့ယမ်းကာ

ကောင်းကင်အပြည့်လုံရိပ်များထွက်လာပြီး

ယန်ယဲ့ ကို ဖုံးလွှမ်းသွားသည်။

အုန်း!

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာသည်။

လူတိုင်းက တိုက်ပွဲအခြေအနေကို

အာရုံစိုက်ကြည့်လိုက်ရာ

ရောမနဂါးလက်သည်းကြီးက အဘိုးအို၏ဝမ်းဗိုက်အား ထိုးဖောက်သွားသည်ကို တွေ့လိုက်ရသည်။

"ဒီအဆောင်သခင်က ဝိညာဉ်နယ်ပယ်အလွှာအဆင့်ခွန်အားနဲ့ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကိုသတ်နိုင်တယ်!"

အားလုံးက ယန်ယွဲ့ ကို မယုံနိုင်စွာ စိုက်ကြည့်နေကြသည်။

"ငါတို့ရဲ့ဗဟိုနယ်မြေမှာ
ဒီလိုကြီးကျယ်ခမ်းနားတဲ့ပါရမီရှင်မျိုး
ဘယ်တုန်းကပေါ်လာတာလဲ?"

လုဟိုင် တို့သုံးဦးအဖွဲ့က
အလွန်စိတ်လှုပ်ရှားနေချိန်တွင် ရဲချန်
၏မျက်လုံးများကမူ
ကြောက်ရွံ့မှုအပြည့်ဖြင့် ပြည့်နှက်နေသည်။

ဤအဆောင်သခင် ရဲယန်က အလွန်
အလွန်ကြောက်စရာကောင်းသော

ခွန်အားကို
ပိုင်ဆိုင်ထားသည်မဟုတ်သလော။

တစ်ဖက်တွင်မူ လုဟိုင်က
ဤအခြေအနေကြောင့်အတော်လေးဝမ်း
သာနေ၏။

"အစ်ကို ရဲယန်က ငါတို့အဖွဲ့ထဲမှာ
ပါဝင်နေတယ်ဆိုတော့ ယန်ယွဲ့
ကိုသတ်ပစ်ဖို့က မခက်တော့ဘူး။"

ယန်ယဲ့က သူ့လက်ကို ပြန်ရုတ်ပြီး အဘိုးအို ၏သိုလှောင်လက်စွပ်ကို ဆွဲယူကာ တစ်ချက်စစ်ဆေးကြည့်လိုက်သည်။

သိုလှောင်လက်စွပ်ထဲမှ ပစ္စည်းများကိုမြင်သောအခါ ယန်ယဲ့က စကားမပြောနိုင်လောက်အောင်ပင် ချက်ခြင်းပင် လန့်သွားသည်။
"ဒီလို ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် က ဆင်းရဲနေတာလား?"

ကျင့်ကြံခြင်းနည်းစနစ် များနှင့်
တိုက်ခိုက်ရေးနည်းစနစ်များက
လုံးဝအသုံးမဝင်ပေ။
ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၅၀
ကျော်ခန့်သာ ရှိသည်။
ထို့အပြင် အဘိုးအို
၏သိုလှောင်လက်စွပ်ထဲ၌ အမှန်ပင် တွင်
မဖွယ်မရာ ကားချပ်များနှင့်
ပန်းချီကားများစွာဖြင့် ပြည့်နေခဲ့သည်။
ထိုရုပ်ပုံ၊ ပန်းချီကားချပ်များက
အမျိုးမျိုးရှိကြပြီးထူးထူးဆန်းဆန်းပုံစံများရှိ

နေသဖြင့် အမျိုးသမီးများသာ
မြင်တွေ့သွားပါက အလွန်အမင်း
ရှက်ရွံ့သွားပေလိမ့်မည်။
"တကယ့်ကို သောက်ရှက်မရှိတဲ့ အရူးပဲ!"
ယန်ယဲ့က ကျိန်ဆဲရင်း ရုပ်ပုံများ နှင့်
ပန်းချီကားချပ်များကိုဆွဲထုတ်ကာ
အပိုင်းပိုင်း ခွဲပစ်လိုက်တော့သည်။

ထို့နောက် ယန်ယဲ့က လုကျန်းယောင်
ကိုစူးစိုက်ကြု◌်◌့ကာ လူအုပ်ကို
တစ်ချက်ဝေ့ကြည့်ရင်း “မိန်းကလေး!

ငါနဲ့လိုက်ခဲ့။ ငါ့ကို ခုခံဖို့
မကြိုးစားနဲ့။ငါ့အစွမ်းကို
မင်းမြင်တွေ့ပြီးပြီမဟုတ်လား။ ငါက
အလှတရားကို
ရက်စက်ကြမ်းကြုတ်ပြီးမနှိပ်စက်ချင်ဘူး။"

သို့ရာတွင် လုကျန်းယောင် က ယခုထက်ထိ
သဘောပေါက်သေးပုံမရဘဲ ချက်ချင်းပင်
ခေါင်းညိတ်လေသည်။ "ကောင်းပြီ၊
နင့်စကားနားထောင်မယ်!"

ယန်ယဲ့က လဲကျလုမတတ်ပင်။ "ဟမ်၊ နင်က ဘာလို့နည်းနည်းလေးမှ ဟန်မဆောင်တတ်တာလဲ? အနည်းဆုံးတော့ ငါ့နောက်ကိုလိုက်ဖို့ ငြင်းဆန်သင့်တယ်လေ။

မခံမရပ်နိုင်အမူအရာနဲ့ နည်းနည်းလေးဝမ်းနည်းပြီး စိတ်ဓာတ်ကျနေသလို အမူအရာကို ထုတ်မပြနိုင်ဘူးလား? ငါမင်းကိုခေါ်သွားမယ်လို့ပြောတာကို ချက်ချင်းမငြင်းတဲ့အပြင် ပြုံးတောင်ပြုံးနေသေးတယ်။..."

မျှော်လင့်ထားသည့်အတိုင်းပတ်ဝန်းကျင်ရှိ
လူများက လုကျန်းယောင် နှင့် ယန်ယဲ့ ကို
ထူးဆန်းသောအကြည့်များဖြင့်
စိုက်ကြည့်နေကြသည်။

"သွားရအောင်!"ယန်ယဲ့က
ဤအမျိုးသမီးနှင့်ပတ်သက်၍ အတော်လေး
ကူကယ်ရာမဲ့နေ၏။သူက မည်သည့်
စကားမှ ထပ်မပြောတော့ဘဲ
နောက်ပြန်လှည့်ကာ ထွက်လာလိုက်သည်။

လုကျုန်းယောင် ကလည်း
ကမန်းကတန်းအမူအရာဖြင့် နောက်ကနေ
တန်းလိုက်လာလေသည်။

လုဟိုင် နှင့် အခြားနှစ်ဦးကလည်း
အကြည့်ချင်းဖလှယ်ကာ ယန်ယဲ့ နောက်ကို
လိုက်ပါသွားကြသည်။

ပတ်ဝန်းကျင်ရှိ ကျွမ်းကျင်သူ များစွာက
သံသယနှင့် ပဟေဠိဖြစ်နေကြသော်လည်း
အနက်ဝတ်အဆောင်သခင် ၏ခွန်အားကို

မြင်ပြီးနောက် မည်သူမှ
မတားဆီးရဲတော့ပေ။

လူတိုင်းက ဤအချိန်တွင်
တစ်ခုတည်းသောအရာကိုသာ
အလွန်သိချင်နေကြ၏။
ထိုကဲ့သို့ ထူးခြားသောပါရမီရှင်က
ဗဟိုနယ်မြေတွင် မည်သည့်အချိန်ကများ
ထွက်ပေါ်လာသနည်း?

ဆက်ရန်။

၃၂၅

အဆုံးမဲ့ဓားကမ္ဘာ ၅၂၅ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၂၅ – ငါတို့ကို အသုံးချနေတာ

စုရုံးခြင်းခန်းမ....။

အခန်းတစ်ခုထဲတွင် ။

လုကျန်းယောင် က ယန်ယဲ့ကို ကြည့်ကာ အဆက်မပြတ်မေးချင်နေလေသည်။

သို့ရာတွင် သူမက
စကားပြောရန်ပြင်လိုက်တိုင်း အဆင့် ၈
ခားစိတ်ဆန္ဒ ဖိအားက သူမကို
ဖိနှိပ်နေသဖြင့် အလွန်စိတ်ခာတ်ကျနေ၏။

တစ်ဖက်တွင်လည်း ယန်ယဲ့က
ဤအမျိုးသမီးအား သူ့ဘေးနားတွင်
ထားနေရသဖြင့် အတော်လေးကို
စိတ်ခာတ်ကျသွားသည်။

သို့သော်လည်း လုကျန်းယောင် အန္တရာယ်ကျရောက်နေသည်ကို ကြည့်၍ မနေနိုင်ခဲ့ပေ။

"ဒါပေမဲ့ ငါ သူမကို ဘယ်လိုဆက်ဆံရမလဲ?" မှန်ပေသည်။ တစ်ချက်မှားသွားလျှင် သူ့ဘေးနားရှိ လူသုံးဦးက သေချာပေါက် သိရှိသွားပါလိမ့်မည်။

"သူမက တကယ်ကို အန္တရာယ်များလို့ ငါ့အနားမှာ အကြာကြီးထားလို့မရဘူး!"

"နင်က "ယန်ယဲ့"ကို သိသလား?" လူတိုင်း တိတ်ဆိတ်နေချိန်တွင် မိုချင်းရှယ်က အရင်ဦးဆုံးစကားစမေးခဲ့သည်။

ယန်ယဲ့က လုကျန်းယောင် ကို အဆက်မပြတ် ကျိန်ဆဲနေရင်း သူ၏ ဝမ်းကွဲညီမ ကို တိုက်ခိုက်ရမည်လောဟုပင် တွေးတောမိလိုက်သည်။

သို့သော် သူ၏ ဝမ်းကွဲညီမ က
အလွန်အားနည်းနေကြောင်း
သိသာပေသည်။

သူမက မိုချင်းယု ထက်ပင်
များစွာနိမ့်ကျနေပေသည်။

လုကျန်းယောင် က ခေါင်းညိတ်ပြီး
ပြောလေသည်။ "နင်တို့အားလုံး အဲဒီ
ဆွဲဆောင်မှုရှိတဲ့ ဆုလာဘ်ကို လိုချင်နေလို့
ယန်ယဲ့ ကိုသတ်ချင်နေတယ်ဆိုတာ
ငါသိပါတယ်။ ဒါပေမဲ့ နင်တို့က

အောင်မြင်နိုင်မယ်လို့ အားလုံးက

ထင်ကြလား? ငါပိုင်တဲ့ ခွန်အားကို

နင်တို့အားလုံး မြင်ဖူးကြမှာဘဲ။ ငါ့မှာ အဆင့်

၇ ဓားစိတ်ဆန္ဒ နဲ့

ကောင်းကင်အဆင့်နည်းစနစ်တွေပါအကုန်

ရှိတယ်။ ယန်ယွဲ့ အပြင်.... အာ!

ဒီအနက်ဝတ်လူကလွဲရင်

နင်တို့သုံးယောက်ထဲက

တစ်ယောက်ယောက်က ငါ့ကို

အနိုင်ယူနိုင်မှာလား?

"ဘာကိုပြောချင်နေတာလဲ?" စီကွန်မင် က မကျေမနပ် မေးလိုက်သည်။

လုကျန်းယောင် က "ဘာမှမဟုတ်ပါဘူး။ နင်တို့အားလုံး လက်ရှိခွန်အားနဲ့ ယန်ယဲ့ကို ရင်ဆိုင်ရရင်
နင်တို့ရဲ့ခွန်အားအပြည့်သုံးရင်တောင် ခုခံဖို့ အခွင့်အရေးရှိမှာမဟုတ်ဘူးဆိုတာ
ငါနင်တို့အားလုံးကိုပြောဖို့ကြိုးစားနေတာ။ ရိုးရိုးရှင်းရှင်းပြောရရင် အန်ကလန် ရဲ့ ထိပ်ဆုံးရောက်ပါရမီရှင်ကလွဲလို့

လူသားကမ္ဘာမှာ အဆင့်တူတွေထဲ
တခြားဘယ်သူကမှ ယန်ယဲ့ကို
အနိုင်ယူနိုင်မှာမဟုတ်ဘူး။ နင်တို့အားလုံးက
သူ့ကိုရှာပြီး အသေခံဖို့ တကယ်ကို
သေလမ်းရှာနေတာလေ။”

ယန်ယဲ့က
အနက်ဝတ်မျက်နှာဖုံးအောက်ကနေ
မျက်ခုံးပင့်ကာ သူမကို
မော့ကြည့်လိုက်သည်။

"ဒီမိန်းကလေးက လူတွေကို
ဘယ်လိုမြှောက်ပင့်ရမလဲဆိုတာတော့
သိသေးတာပဲ!"

"ငါတို့
တမင်သက်သက်သေလမ်းရှာတာလား။"

စီကွန်မင် က လှောင်ပြောင်ရယ်မောပြီး
"အဲဒါတော့မဖြစ်နိုင်ပါဘူး။ ငါတို့က
ဒီနတ်ဆိုး ယန်ယဲ့ နဲ့ တစ်ပွဲပြီးတစ်ပွဲ
တိုက်ခိုက်ရရင် ငါတို့ထဲ ဘယ်သူကမှ သူ့
ပြိုင်ဖက်မဟုတ်ဘူးဆိုတာ ငါဝန်ခံပါတယ်။

ဒါပေမဲ့ အခု ငါတို့အဖွဲ့ထဲမှာ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကိုတောင်
သတ်နိုင်တဲ့ အစ်ကို ရဲ ရှိနေတယ်။

ဒါ့အပြင် ငါတို့ သုံးဦး နဲ့ အစ်ကို ရဲ
သာပူးပေါင်းလိုက်ရင် အဆင့် ၅
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ကို
ကိုင်တွယ်နိုင်တယ်လို့
သေချာပေါက်ယုံကြည်တယ်။”

"ယန်ယဲ့က
အချိန်တော်တော်ကြာကတည်းက အဆင့်

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကိုသ
တ်နိုင်နေပြီ!" လုကျန်းယောင် က
မထူးခြားဘဲ ပြောလိုက်သည်။

လုဟိုင် နှင့် အခြားသူများက
မှိုင်းညို့သွားကာ အနည်းငယ်
ထိတ်လန့်ဟန်များပေါ်လာကြသည်။

ခဏတာတိတ်ဆိတ်သွားပြီးနောက်
လုဟိုင်က ယန်ယဲ့ကို ကြည့်ကာ "အစ်ကို ရဲ!

ငါတို့အဖွဲ့ ရဲ့ ပူးပေါင်းအင်အားနဲ့ ယန်ယဲ့ ကို ကိုင်တွယ်ဖြေရှင်းနိုင်တယ်ဆိုတာ မင်းယုံကြည်ရဲ့လား?"

ယန်ယဲ့က "ညီအစ်ကို လု! ငါ ဒီကိုမလာခင် ယန်ယဲ့ အကြောင်း အချက်အလက်တွေ စုဆောင်းထားတယ်။တစ်ပွဲချင်း တိုက်ပွဲဖြစ်ရင် မိန်းကလေး လု ပြောတဲ့အတိုင်းပါပဲ။

သိုင်းနတ်ဘုရား အန်နန်ကျင်း ကလွဲရင်

အဆင့်တူနယ်ပယ်မှာ ဘယ်သူမှ

သူ့ပြိုင်ဖက်မရှိဘူး။

ငါတောင်မှ သူ့ကို ယှဉ်နိုင်မယ်လို့

မပြောရဲဘူး။

ဒါက အတော်လေးရှက်စရာကောင်းတယ်။

တကယ်လို့ အတင်း

ဖိအားပေးတိုက်ခိုက်ရင်တော့ ငါတို့မှာ

အခွင့်အရေးရှိတယ်၊ ဒါပေမယ့် ငါတို့ထဲက

နှစ်ယောက်၊ သုံးယောက် ဒါမှမဟုတ်

ငါတို့အားလုံး အသက်ဆုံးရှုံးသွားနိုင်တယ်!"

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က လူတိုင်းကို ကြည့်ကာ ဆက်ပြောလိုက်၏။

"တကယ်တော့ ငါတို့ကို လော့ကျန်း က အသုံးချနေတာလို့ထင်တယ်။

မင်းတို့ အဲဒါကို တွေးကြည့်လိုက်။ မြင့်မြတ်သောဟန်အင်ပါယာက အရမ်းကြောက်စရာကောင်းတယ်မဟုတ်လား။

သူတို့မှာ မရေမတွက်နိုင်တဲ့ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေရှိတယ်။

ဒီလိုဆို လော့ကျန်း က ယန်ယွဲ့ကိုသတ်ဖို့ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို စေလွှတ်ထားတဲ့အပြင် ဒီလိုဆုလာဘ်ကိုဘာကြောင့်ထုတ်ပြန်ရတာလဲ? မင်းတို့အားလုံး ဒါကို ပုံမှန်လို့ထင်လား?"

"ငါတို့က အသုံးချခံရတာလား?"
လူသုံးဦးလုံး အံ့ဩသောအကြည့်များဖြင့်
ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

ယန်ယဲ့က ပုံမှန်အတိုင်းသာ “စဉ်းစားကြည့်။
သူက ဒီလိုဆုကြေးထုတ်ပေးပြီးတာနဲ့
ဂိုဏ်းပေါင်းစုံက ပါရီရှင်တွေအားလုံး
ယန်ယဲ့ ကို လိုက်ရှာနေပြီမဟုတ်လား?
မင်းတို့အားလုံး ယန်ယဲ့ကို
သည်းကြီးမည်းကြီး လိုက်ရှာနေတော့
တားမြစ်နယ်မြေထဲက

သူတော်စင်အကြွင်းအကျန်နယ်မြေကိုသွား နိုင်သေးလား? ဒီတော့ အခု လော့ကျန်း က သူတော်စင်အကြွင်းအကျန်နယ်မြေမှာရော က်နေပြီလေ။ မင်းတို့ ဒါကို ဘယ်လိုမြင်လဲ? ဒီလိုဆို သူ့ရဲ့ပြိုင်ဖက်အရေအတွက်က တော်တော်လေးကို လျော့သွားမှာမဟုတ်လား?”

ဝုန်း!

စီကွန်မင်က သူ့ဘေးနားရှိ ကျောက်စားပွဲကို ရိုက်ချလိုက်ရာ ချက်ချင်းဆိုသလို အပိုင်းပိုင်းကွဲသွားသည်။ သူက "ငါ့စီကွန်ကလန်က ဒီကိစ္စတွေအားလုံး အစကတည်းက တစ်ခုခုမှားနေပြီလို့ ထင်ခဲ့တာ။ ဒါကြောင့်ကိုး! ယန်ယဲ့ ကို သတ်ဖို့ ဆုကြေးထုတ်တဲ့ လော့ကျန်း ရဲ့ရည်ရွယ်ချက်က ငါတို့အားလုံးကို တစ်ဖက်လှည့်နဲ့ ပထုတ်လိုက်တာပေါ့လေ။

ခွေးကောင်! အင်ပါယာအိမ်တော်ရဲ့ ပါရမီရှင်က မျှော်လင့်ထားတဲ့အတိုင်း

တကယ်ကို ညာဏ်များလွန်းတယ်။ သူက တကယ်ကို စိတ်ကူးယဉ်လွန်းနေတာပဲ!”

မိုချင်းရှယ် အပြင် လုပ်ဟိုင် သည်လည်း မျက်နှာပေါ်တွင် မှိုင်းညို့နေသည့်အမူအရာများပေါ်နေလေသည်။

မှန်ပေသည်။ သူတို့အားလုံး ယန်ယွဲ့ကို လိုက်ရှာနေချိန်တွင် လော့ကျန်းက

သူတော်စင်အကြွင်းအကျန်နယ်မြေထဲသို့
ရောက်ရှိနေပြီမဟုတ်သလော။
ယခု ပြောဆိုနေသော စကားများကို
နားထောင်ပြီးနောက် သူတို့အားလုံး
သေချာပေါက် အလိမ်ခံလိုက်ရပြီဟု
ခံစားမိလိုက်သည်။

သို့သော် ချွင်းချက်အနေနှင့်
မိုချင်း၍ယ်ကတော့ အတွေးနက်နေဟန်ဖြင့်
ယန်ယဲ့ ကို စိုက်ကြည့်နေ၏။

ယန်ယဲ့ က သူ၏ဝမ်းကွဲညီမ ကို

ဂရုမစိုက်အားဘဲဆက်ပြောလိုက်သည် ။

“တကယ်တော့ ငါ ဒီကိုလာရတဲ့

အဓိကအကြောင်းရင်းက ယန်ယဲ့ မဟုတ်ဘဲ

သူတော်စင်အကြွင်းအကျန်နယ်မြေ လေ။

ဘာကြောင့်လည်းဆိုတော့

အကြွင်းအကျန်နယ်မြေထဲမှာ

ရှေးဟောင်းအဆောင်ရေးဆွဲနည်းတွေ

ရှိကောင်းရှိနိုင်တယ်မဟုတ်လား? ငါ့လို

အဆောင်သခင်တစ်ယောက်အတွက်

ဘယ်လောက်အရေးကြီးတဲ့ရတနာတွေဆို

တာ မင်းတို့အားလုံးလည်း

သတိပြုမိမယ်ထင်ပါတယ်။ ဒါပေမဲ့ ငါ

ဒီကိုရောက်ပြီးတာနဲ့ သိုင်းကမ္ဘာမြို့က

မြို့တံခါးတွေအကုန် ပိတ်သွားမယ်လို့

မမျှော်လင့်ထားဘူး။”

လုဟိုင် က ရုတ်တရက် ပြောသည်။ "အစ်ကို

ရဲ! မင်းက

သူတော်စင်အကြွင်းအကျန်နယ်မြေ ကို

သွားချင်နေတာလား?"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "
သူတော်စင်တစ်ပါး ရဲ့
အကြွင်းအကျန်နယ်မြေထဲမှာ ကျန်ရစ်ခဲ့တဲ့
ရတနာတွေ၊ အပျက်အစီးတွေကို
ဖောက်ခွဲဖို့အခွင့်အရေးကို
ငါဘယ်လိုလက်လွှတ်နိုင်မှာလဲ?"

လုဟိုင် က ပြုံးကာပြောလေသည်။ "ဒီလိုဆို
ငါတို့အဲဒီကို အတူတူသွားကြရအောင်။
အစ်ကို ရဲ ရဲ့ခွန်အားက
ကြောက်ခမန်းလိလိဖြစ်နေတော

အဖွဲ့တွေဖွဲ့ရတာ မကြိုက်တာလည်း သိပါတယ်။

ဒါပေမဲ့ လူတိုင်းရဲ့ခွန်အားကို တွက်ဆရင် ငါတို့သုံးယောက်ကလည်း အားမနည်းပါဘူး။ ငါတို့က အစ်ကို ရဲ ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေမှာမဟုတ်ဘူးလို့ အာမခံတယ်။ ဒါ့အပြင် သူတော်စင်အကြွင်းအကျန်နယ်မြေကို ဝင်ရောက်ဖို့ပြင်နေတဲ့ လူအုပ်ကြီးထဲမှာ ထောင်သောင်းချီတဲ့ ကျွမ်းကျင်သူတွေရောနှောနေတယ်။

နတ်ဆိုးမျိုးနွယ် နဲ့ ကျန်
မျိုးနွယ်ခြားပညာရှင်တွေလည်း
အဲဒီအထဲမှာ
ပုန်းအောင်းပြီးစောင့်နေမှာသေချာတယ်။
ဒီတော့ ငါတို့က အဖွဲ့ဖွဲ့တာ ပိုပြီးလုံခြုံမယ်
မဟုတ်လား။”

ယန်ယဲ့က ချက်ချင်း ဝမ်းသာသွားသည်။
ထိုစကားက သူကြားချင်နေသော
အရာပါပင်။

သို့သော်လည်း သူ့မျက်နှာပေါ် ရှိ အမူအရာက လုံးဝပြောင်းလဲသွားခြင်းမရှိပေ။

"ငါက မင်းတို့အားလုံး မစွမ်းဆောင်နိုင်ဘူးလို့ ထင်ရလောက်အောင် အထင်မသေးတတ်ပါဘူး။ ဒါပေမဲ့ ညီအစ်ကို လု၊ ငါတို့က အခု မြို့ထဲမှာ ပိတ်မိနေတယ်။ ငါတို့ ဘယ်လို ထွက်သွားနိုင်မှာလဲ?"

လုပ်ဟိုင် က စီကွန်မင် ကိုကြည့်၍ ရယ်မောပြီး ပြောလိုက်၏။ " ဒါက ရိုးရိုးရှင်းရှင်းပြောရရင် သိုင်းကမ္ဘာမြို့ ရဲ့မြို့သခင်က ငါ့ဦးလေး ပဲ။  ငါတို့အတွက် ချွင်းချက်လုပ်ခိုင်းဖို့က သိပ်ပြီး မခက်ခဲနိုင်ပါဘူး။ဘာပဲဖြစ်ဖြစ် သူ့ပစ်မှတ်က ယန်ယဲ့ ပဲလေ။”

ယန်ယဲ့ ၏စိတ်ထဲမှ နောက်ဆုံးလက်ကျန် စိုးရိမ်ပူပန်မှုအားလုံး ပျောက်ကွယ်သွားပြီး သူက “အဲလိုဖြစ်ရင် ကောင်းတာပေါ့။ ဒါဆို

ငါတို့က အခုချက်ချင်းထွက်လိုက်ရအောင်။ ငါတို့နောက်ကျရင် အဲဒီနေရာမှာ အမှိုက်ပဲ ကျန်နေလိမ့်မယ်။”

ထိုအချိန်တွင် လုကျန်းယောင် က ရုတ်တရက် ပြောလာသည်။ "ငါလည်း သွားတော့မယ်!"

ဆက်ရန်။

၅၂၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၂၆ – မြို့မှထွက်ခွာရန်ပြင်ဆင်

"မင်းတို့တွေ မြို့ပြင်ကိုထွက်ချင်တာလား?" ရှယင်ဟို က မြို့သခင်အိမ်တော်ထဲတွင် သူ့ရှေ့ရပ်နေသော ယန်ယဲ့ နှင့်အပေါင်းအပါတစ်သိုက်ကိုမေးလိုက်သ ည်။

စီကွန်မင် က ခေါင်းညိတ်ပြပြီး "ဦးလေး၊ ငါတို့ စဉ်းစားပြီးပြီ။ ဒီနေရာမှာနေတာက ယန်ယဲ့ကိုရှာဖွေတာ ငါတို့အတွက် အချိန်ဖြုန်းတာသက်သက်ပဲ။

အဖွဲ့ဖွဲ့ပြီး ကိုယ့်ကိုယ်ကို ပိုသန်မာလာအောင်လုပ်တာ ပိုကောင်းမယ် မဟုတ်လား။ ကံကြမ္မာကောင်းတွေနဲ့ ကြုံရတာမျိုးတောင် ဖြစ်နိုင်တယ်။

ဒါ့ထက် ငါတို့ ယန်ယဲ့ ကိုတွေ့ရင်တောင် ဘယ်လိုလုပ်မလဲ? သိုင်းကမ္ဘာမြို့မှာ ကျွမ်းကျင်သူတွေ အများကြီးရှိတယ်။ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေတောင်ရောက်နေပြီ။ ဒါကြောင့် သူ့ကို ငါတို့ရှာတွေ့ရင်တောင် သူ့အသက်က ငါတို့နဲ့ သက်ဆိုင်မှာ မဟုတ်ဘူး။”

ရှယင်ဟို က ခေါင်းယမ်းကာ "မင်းတို့အားလုံး မြို့ပြင်ကိုထွက်လို့မရဘူး!"

"ဘာကြောင့်လဲ?"စီကွန်မင် လည်း အနည်းငယ် အံ့သြသွား၏။

ရှယင်ဟိုက သူ့ရှေ့မှ လူငယ်များကို တစ်ချက်ကြည့်ကာ “အခုအချိန်က အရေးကြီးတဲ့ အခိုက်အတန့်လေ။ ယန်ယဲ့က မြို့ထဲမှာ လှည့်စားပြီးထွက်သွားရင် မင်းဦးလေး ဖြစ်တဲ့ ငါ ခေါင်းပျောက်သွားလိမ့်မယ်။နားလည်ရဲ့လား ? ဒါ့အပြင် မြို့ထဲကနေ ထွက်ခွာချင်နေတဲ့လူတွေ အများကြီးပဲ။

ငါက မင်းရဲ့အဖွဲ့ကို ထွက်သွားဖို့
မြို့တံခါးဖွင့်ပေးလိုက်ရင် အဲဒီလူတွေကို
ဒေါသဖြစ်စေလိမ့်မယ်။

ဒီမြို့က လူတွေအားလုံး
ဘာမှမသိနားမလည်တဲ့
လူ့အမှိုက်တွေချည်းပဲလေ။ ဒီတော့ သူတို့က
ဘယ်လိုတုံ့ပြန်မလဲဆိုတာ မသိနိုင်ဘူး။"

စီကွန်မင်က ထပ်ပြောရန်ပြင်လိုက်စဉ်
ယန်ယွဲ့က ခေါင်းယမ်းကာ

ထိပ်တန်းအဆင့်အဆောင်တစ်အုပ် နှင့်

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၁၀၀

ကျော်ကို ထုတ်ကာ စားပွဲတင်လိုက်ပြီး

"မြို့သခင် ရှ!ငါတို့လည်း စီနီယာ

ရဲ့အခက်အခဲတွေကို နားလည်ပါတယ်။

ဒါပေမဲ့ ကျေးဇူးပြုပြီး ငါတို့ကို

နည်းနည်းလောက် ထောက်ပံ့ပေးပါဦး။

ငါတို့အားလုံးက ကျင့်ကြံသူတွေဆိုမှတော့

ကိုယ့်ကိုယ်ကို အမြဲတမ်း

တိုးတက်ချင်ကြတယ်လေ။

ဒါ့အပြင် မြို့သခင် ရှ ရဲ့ပစ်မှတ်က ယန်ယဲ့ ပဲမဟုတ်လား? ဒါကြောင့် ငါတို့က ဒီမှာနေရတာ ဘယ်လိုမှအရေးမပါဘူးလေ။"

ရှယင်ဟို ၏မျက်လုံးများက စားပွဲပေါ် ရှိ ထိပ်တန်းအဆင့်အဆောင် အထပ်လိုက်ကို စိုက်ကြည့်ရင်း တုန်လှုပ်သွားကာ ယန်ယဲ့ ကို ပြောလိုက်သည်။ "ဗဟိုနယ်မြေက အဆောင်သခင် တချို့ကို ငါသိပါတယ်။

မင်းရဲ့ဆရာက ဘယ်သူလဲဆိုတာ
ငါသိနိုင်မလား?"

"ကျေးဇူးပြုပြီးငါ့ကိုခွင့်လွှတ်ပါ။
အမှန်အတိုင်းပြောရရင် ငါက အမြဲတမ်း
အဲဒီအရာတွေကိုချည်းပဲလေ့ကျင့်နေရတာ
ပျင်းလာလို့
ဆရာမသိအောင်ခိုးထွက်လာခဲ့တာ။
ဆရာက ငါ့ကို
အဆောင်ရေးဆွဲတာကိုပဲအာရုံစိုက်စေချင်
တယ်။

ဒါပေမယ့် ဒီလိုလုပ်ရတာ တကယ်ကို ပျင်းစရာကောင်းလွန်းတယ်။ ဒါကြောင့် မတတ်သာဘဲ ခိုးပြီးထွက်ပြေးလာတာ!" ယန်ယဲ့က ပြောသည်။

ရှယင်ဟို က ပြုံးပြီး "ဒါကြောင့်မို့လို့ကိုး။ အမှန်တော့ မင်းအားလုံးကို မြို့ပြင်ကို ထွက်ခွာခွင့်ပြုလို့ရတယ်။ ဒါပေမဲ့ မင်းတို့တွေ သတိမပြုမိသေးတာရှိတယ်။

မင်းတို့ သိုင်းကမ္ဘာမြို့ကနေ
ထွက်သွားရင်တောင်
တခြားမြို့တွေရောက်ရင် တားဆီးခံရမှာပဲ။"

"မြင့်မြတ်သောဟန်အင်ပါယာ က
တကယ်ပဲ အဲဒီလူ ယန်ယွဲ့ အတွက်နဲ့
ပရမ်းပတာဖြစ်အောင်လုပ်နေတာလား?"
လုဟိုင် ပင်လျှင်
မျက်မှောင်ကြုတ်လိုက်သည်။

ရှယင်ဟို ကလည်း သက်ပြင်းချလိုက်ကာ ဆက်ပြော၏။ "မှန်တယ်၊ ငါတောင် အရမ်းသိချင်မိတယ်။ သူက တစ်ယောက်တည်းပဲလေ။

သူ့ရဲ့ခွန်အားက ကောင်းကင်ကိုဘယ်လောက်ပဲ အံတုနေပါစေဦးတော့ အင်ပါယာကို ဒီလောက်ပရမ်းပတာဖြစ်အောင် လုပ်နိုင်မယ်မထင်ဘူး။ ဒါပေမဲ့ အဲဒါက ငါတို့ စိုးရိမ်ရမယ့် ကိစ္စမဟုတ်ဘူး။

ငါတို့လုပ်သင့်တာက အင်ပါယာ ရဲ့အမိန့်ကို ကောင်းကောင်းလိုက်နာဖို့ပဲ။ ကဲ.... မင်းတို့အားလုံး မြို့ထဲက ထွက်ချင်ကြသေးလား?”

ယန်ယွဲ့ က ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး ပြောလိုက်သည်။ "မြို့သခင် ရှ ! ငါတို့မြို့ကထွက်ပြီးရင် ငါတို့ရင်ဆိုင်ရမယ့် ဒုက္ခအားလုံးကို ရှောင်ဖို့ နည်းလမ်းကို ပြောပြနိုင်မလားပဲ။ ဟုတ်တယ်...ငါတို့က

မြို့သခင် ရှ ကို

ဘာပြဿနာမှမဖြစ်စေရဘူး။”

ရှယင်ဟို က စိတ်ထဲတွင်

ဝမ်းသာအားရပြောရင်း

"အဆောင်သခင်များက အမှန်ပင်

စည်းစိမ်ဥစ္စာကြွယ်ဝသူများပင်

မဟုတ်ပေလား။"

နောက်ဆုံးတွင် သူက

ခဏတာတုံ့ဆိုင်းနေပြီးမှ မြေပုံကို

ထုတ်ယူလိုက်ကာ

စားပွဲပေါ်တင်ပေးလိုက်သည်။ "ငါ့အထင်
မင်းတို့အားလုံး
သူတော်စင်အကြွင်းအကျန်နယ်မြေကို
သွားချင်နေတာ မဟုတ်လား?
တကယ်တော့ မင်းတို့က
တခြားလမ်းကနေသွားလို့ရတယ်။
အဲဒီနေရာကို ရောက်ဖို့
မြင့်မြတ်သောဟန်အင်ပါယာ ရဲ့နယ်မြေကို
ဖြတ်သန်းစရာမလိုအပ်ဘူး။

ဒီကိုကြည့်လိုက်။

မင်းတို့ မြို့ကထွက်ပြီးရင်

မြောက်ဖက်တည့်တည့်ကိုဦးတည်သွား။

ရှုံ့နှံ့တောကိုဖြတ်ပြီးတာနဲ့

ကောင်းကင်လှုပ်ခါခြင်းတောင်ကို ကျော်ရင်

မင်းတို့သွားချင်နေတဲ့

သူတော်စင်အကြွင်းအကျန်နယ်မြေ ကို

ရောက်လိမ့်မယ်။"

ရှယင်ဟို ၏စကားကို ကြားသည့်အခါ

လုဟိုင် နှင့် အခြားသူများက

မျက်မှောင်ကြုတ်သွားကြသည်။စီကွန်မင်

က ဒေါသတကြီးဖြင့် ပြောလိုက်၏။

“ဦးလေး၊ ငါ့ကို သေလမ်း လွှတ်ဖို့

ကြိုးစားနေတာလား။ ရှုံ့နှံ့တော ? အဲဒီမှာ

သံမဏိမိကျောင်းမျိုးနွယ်စု

နေထိုင်တယ်လေ။

အရွယ်ရောက်ပြီးတဲ့

သံမဏိသတ်ဖြတ်ခြင်းမိကျောင်းတွေက

လူသားချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် နဲ့

ညီမျှတယ်။

ဒါ့အပြင်

ကောင်းကင်လှုပ်ခါခြင်းတောင်တန်းပေါ်မှာ

ဘယ်လိုအန္တရာယ်တွေအပြည့်ရှိနေတယ်ဆို

တာ မသိဘူးလို့တော့ မပြောနဲ့။

အဲဒီမှာရှိတဲ့ အပေါင်းအပါတွေက

သူတို့မြင်တဲ့လူကို သတ်ပစ်တဲ့

အရူးတစ်စုဘဲ။ အဲဒီနှစ်နေရာကို

မေ့လိုက်ပါ။ ဦးလေး! ဦးလေးက ငါ့ကို

ရှုံ့နှံ့တောဆီ အပြစ်ဒဏ်ပေးပြီး သတ်ဖို့

ကြိုးစားနေတာလား?"

ရှယင်ဟို က စီကွန်မင် ကို စိုက်ကြည့်ပြီး

"ဒါဆို မင်းက ဘာလိုချင်လဲ? ကလေး။

မင်းရဲ့ဒီဦးလေးက မြို့သခင်ဆိုပေမဲ့

ဘာကြီးမြတ်တဲ့အခွင့်အာဏာမှမရှိဘူး။

ဒါ့အပြင် ငါ မင်းကို

အင်ပါယာရဲ့နယ်မြေတွေဖြတ်ပြီး

သူတော်စင်အကြွင်းအကျန်နယ်မြေဆီ

သွားခွင့်မပြုနိုင်ဘူး။

ဒီလမ်းကို မသွားချင်ဘူးဆိုရင် အင်ပါယာက

အမိန့်တော်ကို

ပြန်ရုတ်သိမ်းမဲ့အချိန်သာစောင့်လိုက်။

ဒါပေမဲ့ ငါ့အမြင်အရတော့ ယန်ယဲ့

ကိုရှာမတွေ့ခင်အထိ

အဆုံးသတ်မယ်မထင်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ထွက်သွားတာပဲဖြစ်ဖြစ်

မထွက်သွားဘဲ ဆက်နေရင်လည်း

မင်းအပေါ်မှာပဲမူတည်တယ်။”

စကားပြောနေစဉ် ရှယင်ဟို စားပွဲပေါ်မှ

အဆောင်အုပ်လိုက် နှင့်

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများ

ကို ယူလိုက်သည်။

ယန်ယဲ့သည်လည်း ခဏတာ
ငြိမ်သက်သွား၏။

သူသည် ရှုံ့နှံ့တော (သို့)
ကောင်းကင်လှုပ်ခါခြင်းတောင်တန်း
မကြောက်ပေ။

အရေးကြီးဆုံးမှာ သူက ထိုနေရာများနှင့်
မရင်းနှီးခြင်းပါ။

သို့သော် သူသာ ထပ်၍မေးနေပါက
သံသယဝင်သွားနိုင်ပေသည်။

ထို့ကြောင့် သူက ရွေးချယ်စရာမရှိဘဲ
ခဏတာ နှုတ်ဆိတ်နေလိုက်ပါသည်။

ထိုအချိန်တွင် လုကျန်းယောင် က ရုတ်တရက် မေးလိုက်၏။ "ငါတို့က အဲဒီနေရာတွေကို ပုံျသန်းသွားလို့မရဘူးလား?"

စီကွန်မင် က ခေါင်းခါပြီး "ဒါက မလွယ်ဘူး!" သူပြောပြီးသည်နှင့် တပြိုင်နက် ယန်ယဲ့ကို စိုက်ကြည့်ကာ “အစ်ကို ရဲ၊ ဒီနေရာတွေက ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ

မင်းသတိထားသင့်တယ်။ ဒီနေရာတွေကို
ဖြတ်သွားရင် ငါတို့သွားမယ့်နေရာကို
မရောက်ခင် သေဖို့ အလားအလာ
တော်တော်များတယ်။”

"အစ်ကို စီကွန်! ငါ မင်းကို
တစ်ခုလောက်မေးချင်တယ်။
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ
တွေ အရင်တုန်းက အဲဒီနေရာတွေကို
သွားဖူးသလား?"ယန်ယဲ့က မေးလိုက်၏။

စီကွန်မင်က အံ့သြသွားသည်။

စီကွန်မင် အနားတွင် ရပ်နေသော လုဟိုင် က ဝင်ပြောလိုက်၏။

“တခြားဂိုဏ်းတွေအကြောင်းတော့ ငါမသိဘူး။ ဒါပေမဲ့ ငါ့အဆုံးမဲ့ဂိုဏ်းရဲ့ တပည့်တချို့က ကိုယ့်ကိုယ်ကိုလေ့ကျင့်ဖို့သွားလေ့ရှိတယ်။ ပြီးတော့ အဲဒီမှာ တစ်စုံတစ်ခုကို ပြီးအောင်လုပ်ဖို့ ဂိုဏ်းရဲ့မစ်ရှင်တချို့လည်း ရှိတယ်။

ဒီမစ်ရှင်တွေကို လက်ခံယူတဲ့

အကြီးအကဲတွေ ဒါမှမဟုတ်

စီနီယာတပည့်တွေ အများစုက

အထွတ်အထိပ်

ဝိညာဉ်နယ်ပယ်အလွှာအဆင့်တွေ။

ဟုတ်ပါတယ်၊ ငါ အဓိကပြောချင်တာက

သူတို့ထဲက အားလုံးလိုလို

အဲဒီနေရာတွေကနေ ပြန်မလာနိုင်ဘဲ

သေဆုံးသွားကြတယ်။!”

ယန်ယဲ့ က လုဟိုင် ၏ရှင်းပြချက်ကို
နားထောင်ပြီးနောက်
ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူက “သူတို့တောင်
သွားနိုင်သေးတာ၊ ငါတို့က ဘာလို့
မလုပ်နိုင်တာလဲ? ပွင့်ပွင့်လင်းလင်း
ပြောရရင် မဖြစ်နိုင်ဘူးလို့
ထင်တဲ့အရာတွေကို အဆက်မပြတ်
စိန်ခေါ်နေမှသာ ငါတို့ကကိုယ်ကို
တိုးတက်အောင် လုပ်နိုင်မှာလေ။ ဒါ့အပြင်
အဲဒီနေရာတွေက

ဘယ်လောက်အန္တရာယ်များနေပါစေ
သူတော်စင်အကြွင်းအကျန်နယ်မြေက
အန္တရာယ်တွေနဲ့ နှိုင်းယှဉ်ဖို့ မဖြစ်နိုင်ဘူးလို့
ငါ ထင်ပါတယ်။”

လုဟိုင် က ခေါင်းယမ်းပြီး ပြုံးပြရင်း
"အစ်ကို ရဲ၊ မင်းက
အဆောင်သခင်တစ်ယောက်ဖြစ်နေတာ
တကယ့်ကို ဝမ်းနည်းစရာပဲ။ တကယ်လို့
မင်းက ကျင့်ကြံမှုလမ်းကြောင်းကို
အာရုံစိုက်နိုင်ရင် ဓားအင်ပါယာ ဒါမှမဟုတ်

သိုင်းနတ်ဘုရားက ငါတို့ရဲ့ဗဟိုနယ်မြေမှာ မွေးဖွားလာနိုင်တယ်။ ကောင်းပြီ၊ ဒီလိုဆိုတော့ ငါလည်း အစ်ကို ရဲ နဲ့ လိုက်မယ်!"

ယန်ယဲ့က စီကွန်မင် နှင့် မိုချင်းရွှယ် ကို တစ်ချက်ကြည့်လိုက်သည်။ မိုချင်းရွှယ် က မတွန့်ဆုတ်ဘဲ အတူသွားရန် ဆန္ဒရှိကြောင်း ချက်ချင်း
ခေါင်းညိတ်လိုက်သည်။တစ်ဖက်တွင်၊

စီကွန်မင်က ခဏတာတုံ့ဆိုင်းနေပြီး
အဆုံးတွင် ခေါင်းညိတ်လိုက်လေသည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး မြေပုံကိုယူကာ
ရှယင်ဟို ထံ နောက်ထပ် ထိပ်တန်းအဆင့်
စွမ်းအင်ကျောက်တုံး ၅၀ ကို ပေးလိုက်ရင်း
"မြို့သခင် ရှ! ဒီလိုဆို ငါတို့ မြို့ပြင်ကို
ထွက်လို့ရအောင် နည်းနည်းတော့
နှောင့်ယှက်ရလိမ့်မယ်!"

ရှယင်ဟို က ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးများကို လက်ခံယူကာ ပြုံးလိုက်သည်။ "ဒါက ပြဿနာမဟုတ်ဘူး!"

ဆက်ရန်

၁၂၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၅၂၇ – ထွက်ခွာခြင်း

...

ဤသို့ဖြင့် ....

ည

၏အမှောင်ကန့်လန့်ကာကျလာပြီးနောက်

လရောင်ခြည်က ညအမှောင်ကိုဖြတ်ကာ

ကမ္ဘာပေါ်သို့

ကျရောက်လာပါသည်။

ယန်ယဲ့ နှင့်အဖွဲ့က ရှယင်ဟို
၏အကူအညီဖြင့် သိုင်းကမ္ဘာမြို့ထဲမှ
တိတ်တဆိတ် ထွက်ခွာခဲ့ကြသည်။
သူတို့ထွက်လာချိန်တွင် မည်သူမှ
မရိပ်မိခဲ့ကြပေ။

ယန်ယဲ့သည် သူ့နောက်တွင် ကျန်နေသော
သိုင်းကမ္ဘာမြို့ကို ပြန်လှည့်ကြည့်ရင်း
ပြုံးလိုက်သည်။

နောက်ဆုံးတွင်တော့ သိုင်းကမ္ဘာမြို့ထဲရှိ
လူတိုင်းက သူ့ကို
သတ်ချင်နေသည်မဟုတ်သလော။

မှန်ပေသည်။

သူကတော့
အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းက
အဓိပ္ပါယ်မရှိဟု ယူဆထားသည့်အတွက်
၎င်းတို့ကို လက်စားချေရန်စိတ်မဝင်စားပေ။

ထိုလူအားလုံးက လောကျန်း
ဧါ်စစ်တုရင်ခုံပေါ်မှ နယ်ရုပ်လေးများပင်
မဟုတ်ပါလား။ ၎င်းတို့ကို
သတ်လိုက်ခြင်းက သူ့အတွက်
မည်သည့်အကျိုးအမြတ်မှမရနိုင်ပေ။

ထို့အပြင် သူက လူတိုင်းကို
တစ်ယောက်မကျန်သတ်ဖြတ်လိုက်သည့်တို
င် ဗဟိုနယ်မြေရှိ လောကျန်း နှင့်
မြင့်မြတ်သောဟန်အင်ပါယာ

၏အခြေခံအုတ်မြစ်ကို
လုံးဝထိခိုက်စေမည်မဟုတ်ပါ။

အတိတ်ကာလတွင် ယန်ယဲ့ဟာ "ကံကြမ္မာ၏ရန်သူ" ဟူသော စကားကို မယုံသော်လည်း ယခုအချိန်တွင်တော့ လက်ခံလိုက်ရပါပြီ။

သူ နှင့် လော့ကျန်း တို့နှစ်ဦးလုံးက ခေတ်တစ်ခုတည်းတွင် မွေးဖွားလာခဲ့သဖြင့် နှစ်ဦးလုံးကတစ်ဖက်ကို

လက်အောက်ခံရန်မဖြစ်နိုင်သည့်
ကြီးကျယ်ခမ်းနားသောပါရမီရှင်များ
ဖြစ်နေခဲ့၏။

တစ်နည်းဆိုရသော် ခေတ်တစ်ခုတည်းတွင်
မွေးဖွားလာခဲ့ပြီး မတူညီသောလမ်းစဉ်ကို
လျှောက်လှမ်းနေသည့်
ထိပ်ဆုံးရောက်ပါရမီရှင်နှစ်ဦးက ကံကြမ္မာ
၏ရန်သူ အဖြစ်
အလိုလိုသတ်မှတ်ထားကြသည်။

ရှေးစကားအတိုင်း ပါပင်။
ကျားနှစ်ကောင်က တောင်တစ်လုံးတွင်
အတူတကွနေရန်မဖြစ်နိုင်ပေ။

ထို့အတူ သူတို့နှစ်ဦးအနက် တစ်ယောက်
သေဆုံးရန် ကောင်းကင်ဘုံတာအိုက
သတ်မှတ်ထားပြီးသားဖြစ်သည်။

...

ယန်ယဲ့ ၏အဖွဲ့ သိုင်းကမ္ဘာမြို့ကနေ
ထွက်ခွာသွားပြီး နှစ်နာရီခန့်အကြာတွင်
လဲ့ချန်းယွမ် နှင့်သန်မာသောလူတစ်ယောက်
မြို့ထဲသို့ရောက်ရှိလာခဲ့သည်။

"ဒီ! မင်း ယန်ယဲ့ ကိုတွေ့ပြီလား"
လဲ့ချန်းယွမ် က သူ့ဘေးနားမှ
သန်မာသောလူကို မေးလိုက်၏။

သန်မာသောလူက ခဏတာ
ငြိမ်သက်သွားပြီး၊ ၎င်း၏

ထူးဆန်းသောနှာခေါင်းကို မြေပြင်နှင့်
ဖိကပ်လိုက်စဉ် နားကိုပါ
မြေပြင်နှင့်ထိလိုက်သည်။

ထို့နောက်တွင် မတ်တပ်ရပ်ကာ နှာခေါင်းကို
တရှုံ့ရှုံ့ လုပ်ရင်း "သူ့အနံ့က မြို့ထဲမှာ
မဟုတ်ဘူး။ သူက အဲဒီမှာ မရှိတော့တာ
ဖြစ်နိုင်တယ်!"

လဲ့ချန်းယွမ် က မျက်နှာပျက်သွားကာ ၊
သန်မာသောလူက ဆက်ပြောလိုက်၏။
"ဒါပေမဲ့ သူချန်ထားခဲ့တဲ့ အငွေ့အသက်က

မြို့ထဲမှာရှိတယ်။ ပြောရရင် သူက မြို့ထဲမှာ ရှိနေသေးတယ်။"

ထို့နောက်တွင် သန်မာသောလူက မြောက်ဖက်တည့်တည့်ကို လျှောက်သွားလိုက်ကာ လဲ့ချန်းယွမ် ကို လှည့်ကြည့်ကာ ပြောလိုက်သည်။ “ သူက အဲဒီလမ်းကြောင်းကနေ ထွက်သွားတာပဲဖြစ်ရမယ်။ သူ့အငွေ့အသက်က အဲဒီလမ်းမထက်မှာ ကျန်နေတုန်းပဲ။”

"သွားရအောင်!" လဲ့ချန်းယွမ် ၏ပုံရိပ်က တဖျပ်ဖျပ်လက်သွားကာ နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

သန်မာသောလူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ရင်း နောက်ကနေ ကမန်းကတန်း လိုက်ပါသွား၏။

လဲ့ချန်းယွမ် ထွက်သွားပြီးနောက်တွင် ခရမ်းရောင် ချပ်ဝတ်တန်ဆာဝတ်ထားသော အမျိုးသမီးတစ်ဦးက သိုင်းကမ္ဘာမြို့ထဲသို့

ဝင်ရောက်လာပြီး မြို့သခင် အိမ်တော် ဆီသို့ တည့်တည့်သွားခဲ့သည်။

"အထူးသံတမန် ရောက်လာမယ်ဆိုတာ ဒီနိမ့်ကျတဲ့လူက မသိလိုက်ဘူး။ သံတမန်ကြီးရောက်လာတာကို မကြိုဆိုမိတဲ့အတွက် ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ်။

ကျေးဇူးပြုပြီး ဒီနိမ့်ကျတဲ့လူကို ခွင့်လွှတ်ပါ!" ရှယင်ဟို က

မျက်နှာဖုံးအုပ်အမျိုးသမီးကို အနည်းငယ် ဦးညွှတ်ကာ ယဉ်ကျေးသိမ်မွေ့စွာ ပြောလေသည်။

၎င်းတို့ နှစ်ဦးစလုံးက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ ဖြစ်သည့်တိုင် သူ့အကန့်အသတ်သူကောင်းကောင်းကြီးသိထား၏။

သူ့ရှေ့မှ အမျိုးသမီးက အင်ပါယာ ၏တော်ဝင်အစောင့်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။

အမျိုးသမီး ၏အဆင့်အတန်းက လက်ရှိ မြင့်မြတ်သောဟန်အင်ပါယာ ၏အိမ်ရှေ့စံမင်းသားကိုယ်တိုင် ခန့်အပ်ထားသည့် လူယုံတော်တစ်ဦးပင်ဖြစ်လေသည်။

တော်ဝင်အစောင့်တပ်ဖွဲ့ဝင်များက
အင်ပါယာ ၏ကေရာဇ်အပေါ်တွင်သာ
သစ္စာစောင့်သိကြသည်။
ထို တော်ဝင်အစောင့်တပ်ဖွဲ့က
လူသားကေရာဇ် ပင်လျှင်
ကြောက်ရွံ့ထိတ်လန့်ကာ
ထိန်းမနိုင်သိမ်းမရဖြစ်သော
စစ်တပ်တစ်ခုဖြစ်သည်။

မျက်နှာဖုံးအုပ်အမျိုးသမီးက "မြို့သခင်
ရှ!ထုံးတမ်းစဉ်လာတွေမလိုပါဘူး။ ယန်ယဲ့

က သိုင်းကမ္ဘာမြို့မှာ မရှိတော့ဘူးဆိုတာ ရှင့်ကိုပြောပြဖို့ ဒီကိုလာခဲ့တာပဲ။”

"ဘယ်လိုဖြစ်နိုင်မှာလဲ?" ရှယင်ဟို က ထိတ်လန့်သွားပြီး “ဒါ လုံးဝမဖြစ်နိုင်ဘူး။ တစ်မြို့လုံးကို တံခါးပိတ်ထားဖို့ အမိန့်ထုတ်ထားတယ်။ ခြင်တစ်ကောင်တောင် မြို့ပြင်ကို ပျံသန်းဖို့ အိပ်မက်မက်နိုင်တယ်။ ယန်ယွဲ့ က ဘယ်လိုဖြစ်ပြီး မြို့ကနေ ထွက်ပြေးနိုင်မှာလဲ?”

မျက်နှာဖုံးအုပ်အမျိုးသမီးက အေးစက်စက်အသံနှင့် “ရှင်နဲ့ စကားများဖို့ ဒီကိုလာတာမဟုတ်ဘူး။ ဒီနေ့ကစပြီး သိုင်းကမ္ဘာမြို့ထဲမှာရှိတဲ့ တပ်ဖွဲ့တွေ နဲ့ အင်အားစုတွေအားလုံး ငါ့ရဲ့ထိန်းချုပ်မှုအောက်မှာရှိနေမယ်။

ရှင်က လုပ်စရာတစ်ခုပဲရှိတယ်။ ပထမဦးဆုံး သိုင်းကမ္ဘာမြို့ထဲမှာရှိတဲ့ လူတိုင်းကို ယန်ယဲ့ မြို့ထဲကနေ ထွက်သွားပြီဆိုတာ အသိပေးပါ။

ဒုတိယအချက်က ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၅ နဲ့ အထက်ဆင့် ကျွမ်းကျင်သူတွေအားလုံးကို စုစည်းပြီး မြောက်ဖက်မြို့တံခါးမှာ စုရုံးခိုင်းပါ။ ၁၅ မိနစ်အတွင်းမှာ မလာတဲ့လူတွေကို သတ်ပစ်လိုက်!"

စကားပြောပြီးသည်နှင့် မျက်နှာဖုံးအုပ်အမျိုးသမီးက နောက်ပြန်လှည့်၍ ထွက်သွားလေသည်။

သို့သော် တံခါးဝသို့ရောက်သောအခါတွင် ခဏရပ်တန့်ကာ "အဲဒီကို မြို့သခင် ရှု ကိုယ်တိုင်သွားသင့်တယ်!"

...

ရှုံ့ညွန်တော.....။

၎င်း၏အမည်အတိုင်း
ပတ်ဝန်းကျင်ရေယာတစ်ခုလုံးက
တကယ့်ကို စိမ့်မြေဖြစ်သည်။

၎င်းသည် သိုင်းကမ္ဘာမြို့ထက် အနည်းဆုံး
ငါးဆပိုကြီးမားသော ရေယာကို
နေရာယူထား၏။

ရှုံ့နှံ့အတွင်း
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများစွာရှိ
ပြီး အရွယ်ရောက်ပြီးမိကျောင်းများက

လူသား ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်
နှင့် ခွန်အား ညီမျှသည်။

ထို့အပြင်
စိမ့်မြေပြင်ကျယ်ကြီးတစ်ခုလုံးတွင်
အရွယ်ရောက်ပြီး
သတ်ဖြတ်ခြင်းသံမဏိမိကျောင်း
အကောင်ရေ ၅၀ ထက်မနည်း ရှိခဲ့သည်။

"ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၅၀။"

ဤအရေအတွက်ကြောင့် ယန်ယဲ့ပင်လျှင် အံ့သြသွားမိသည်။

ကံကောင်းထောက်မစွာဖြင့် သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများက အုပ်စုလိုက်နေထိုင်ခြင်းမရှိပေ။

အထူးသဖြင့် အရွယ်ရောက်ပြီးသည်နှင့် တပြိုင်နက် ၎င်းတို့အားလုံးတွင် ကိုယ်ပိုင်နယ်မြေအဖြစ်သတ်မှတ်ထားသော နေရာများကို အပိုင်ယူထားကြသည်။

တစ်နည်းဆိုရသော် ၎င်းတို့သည်
အုပ်ကဲ့သွားကာ နေရာယူထားသဖြင့်
၎င်းတို့နှင့် တိုက်ခိုက်ရာတွင်
ပို၍လွယ်ကူနိုင်ပေသည်။

သို့သော် လမ်းတစ်လျှောက်တွင်
ပြဿနာတစ်ခုရှိနေပေသည်။
၎င်းက စိမ့်မြေပြင်ကျယ်ကို
မည်ကဲ့သို့ဖြတ်သန်းရမည်နည်း? ဟူသော
အချက်ပင်။

"ငါတို့လမ်းလျှောက်သင့်လား?"

မှန်သည်။ ရှုံ့နှံ့တောဖြစ်သော်ငြား

ရှုံ့နှံ့များဖြင့်လုံးလုံးလျားလျား မဟုတ်ပေ။

လျှောက်လမ်းများလည်း

မရေမတွက်နိုင်အောင် ရှိနေ၏။

သို့သော် ပြဿနာမှာ ထိုလမ်းများကို

ဖြတ်လျှောက်သွားခြင်းက

မရေမတွက်နိုင်သော

သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများ ၏

ဝိုင်းရံတိုက်ခိုက်ခြင်းကို သေချာပေါက်

ခံရနိုင်လေသည်။

လူတိုင်း ပိုင်ဆိုင်ထားသည့် ခွန်အားနှင့်
ထိုလမ်းကြောင်းကို အဆုံးထိ
လျှောက်လှမ်းရန်
၎င်းတို့၏အရည်အချင်းကို
မယုံကြည်ကြပေ။

"ပျံသန်းသွားရမှာလား? ငါတို့က
ဘယ်လောက်ကြာကြာ ပျံသန်းနိုင်မလဲ?"
အကယ်၍ ပျံသန်းရင်းနှင့်

ဆန်းကြယ်ချီစွမ်းအင်များ ကုန်ဆုံးသွားပြီး စိမ့်မြေပြင်ထဲသို့ ပြုတ်ကျသွားပါက....."

"သွားရအောင်!" ယန်ယဲ့ က မဆုံးဖြတ်ခင် ခဏလောက် နှုတ်ဆိတ်နေခဲ့သည်။

အကယ်၍ သူသည် နဝမငရဲအေးမီးတောက်အတောင်ပံများကို အသုံးပြုလျှင် ရှုံ့နှံ့တောအပေါ်ကနေ ဖြတ်သန်းနိုင်သော်ငြား ပြဿနာမှာ ၎င်းကို အသုံးပြုနိုင်ခြင်းမရှိပေ။

နဝမငရဲအေးမီးတောက်အတောင်ပံများက
သူ(ဓားအင်ပါယာ) ၏ထူးခြားသော
အမှတ်သင်္ကေတတစ်ခု ဖြစ်ခဲ့သည်။
သို့သော် သူသည်
နဝမငရဲအေးမီးတောက်အတောင်ပံများကို
အသုံးမပြုဘဲ၊
ဆန်းကြယ်ချီစွမ်းအင်နှင့်ဖန်တီးထားသည့်
အတောင်ပံများကိုအသုံးပြုခဲ့လျှင်ပင်
မိုင်ရာချီကျယ်ဝန်းသည့် စိမ့်မြေပြင်အား
ဖြတ်သန်းနိုင်မည်ဟု ယုံကြည်ချက်မရှိပေ။

လုကျွန်းယောင် က ယန်ယဲ့
ပြောလိုက်သည့်စကားကို ကြားသောအခါ
အနည်းငယ် စိတ်လှုပ်ရှားပြီး
စိုးရိမ်ပူပန်လောင်သွား၏။

မည်သို့ပင်ဆိုစေကာမူ ယန်ယဲ့က
ဤနေရာတွင် ရှိနေသောကြောင့်
သတ်ဖြတ်ခြင်းသံမဏိမိကျောင်း
များမည်မျှပင်များပြားနေပါစေ
စိုးရိမ်စရာမရှိဟု သူမ ခံစားခဲ့ရသည်။

တစ်ဖက်တွင်တော့ လုဟိုင်၊ စီကွန်မင် နှင့် မိုချင်းရှယ် တို့၏ ပါးစပ်ထောင့်များ တဆတ်ဆတ်တုန်လှုပ်သွားခဲ့သည်။

၎င်းတို့သည်လည်း စိမ့်မြေပြင်ကို ဖြတ်ကျော်ရန်စွမ်းရည်ကို အမှန်တကယ်ပင် ယုံကြည်မှုမရှိခဲ့ကြပေ။

ထိုအချိန်တွင် ယန်ယွဲ့သည် ရုတ်တရက် ရပ်တန့်လိုက်ပြီး၊

နောက်ကို လျင်မြန်စွာ လှည့်ကာ အဝေးမှ မိုးကုတ်စက်ဝိုင်းဆီသို့ စူးစူးစိုက်စိုက် စိုက်ကြည့်လိုက်သည်။

ယန်ယဲ့ က ခဏလောက် ငြိမ်သွားပြီးမှ လူတိုင်းကိုကြည့်ကာ "မင်းတို့အားလုံး ငါ့မပါဘဲ အရင်ဝင်သွားလိုက်ကြ။ ငါ့မှာအရင်ဆုံးဖြေရှင်းစရာရှိတယ်။ ပြီးတာနဲ့ လိုက်လာခဲ့မယ်!"

ဆက်ရန်

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၂၈ – တိုက်ပွဲ တိုက်ပွဲ! တိုက်ပွဲ!

အားလုံး ထိတ်လန့်သွားပြီး လုဟိုင် က အလျင်စလိုပြောလေသည်။ "ညီအစ်ကို ရဲ! မင်းက ငါတို့နဲ့ လိုက်မလာဘူးလား?" ယန်ယွဲ့သာ သူတို့နဲ့လိုက်ပါလာခြင်းမရှိလျှင် ရှံ့နွံတောကို

ဖြတ်ကျော်ရန်မဖြစ်နိုင်ဟုယူဆထားခြင်းဖြစ်သည်။

ယန်ယဲ့က ခဏလောက် နှုတ်ဆိတ်သွားပြီးမှ "အမှန်အတိုင်းပြောရရင် ငါ့ဆရာက ငါ့ကို ပြန်ခေါ်သွားဖို့ တစ်စုံတစ်ယောက် စေလွှတ်ခဲ့တာ ဖြစ်နိုင်တယ်။

မင်းတို့အားလုံး ဒီမှာရှိနေရင် ငါ့အနားမှာရှိနေရင် မင်းတို့အားလုံးကို အပြစ်တင်ကြလိမ့်မယ်။

ငါတစ်ယောက်တည်းရှိနေရင်
အခြေအနေက ကယ်တင်နိုင်ပါသေးတယ်။
အခြေအနေကို လှည့်ကြည့်ဖို့
တကယ်မဖြစ်နိုင်ဘူးဆိုရင် ငါပိုင်ဆိုင်တဲ့
ခွန်အားနဲ့ ထွက်ပြေးဖို့ ဖြစ်နိုင်သေးတယ်။”

လုဟိုင် နှင့် အခြားသူများက ယန်ယဲ့
၏ဆိုလိုရင်းကို ချက်ချင်းပင်
နားလည်သဘောပေါက်သွားကြသည်။
ယန်ယဲ့ ၏ခွန်အားသည် သူ့ဆရာ
စေလွှတ်လိုက်သည့် ပညာရှင်ကို

အနိုင်မယူနိုင်လျှင်ပင် ထွက်ပြေးရန် လုံလောက်ပေသည်။

သို့သော် သူတို့အားလုံးကတော့ ယန်ယဲ့ သို့ မဖြစ်နိုင်ပေ။

တစ်ချိန်တည်းတွင် လူတိုင်းက အတော်လေး သိချင်နေခဲ့၏။

"ဒီလောက်အားကောင်းတဲ့ပညာရှင်ကိုစေလွှတ်လိုက်တာဆိုတော့ ရဲယန် ရဲ့ဆရာက ဘယ်လိုမျိုးအဆင့်အတန်းလဲ?"

သို့သော် လူတိုင်းက တစ်ဖက်
ကိုယ်ရေးကိုယ်တာကိစ္စကို
မစွက်ဖက်သင့်ပေ။

လုပ်ကိုင် က လက်သီးနှစ်ဖက်စုကာ
"ကောင်းပြီ၊ ဒီလိုဆို ကိုယ့်ကိုကိုယ်
ဂရုစိုက်ပါ အစ်ကို ရဲ!"

ထိုစကားပြောပြီးသည်နှင့် လှည့်၍
စီကွန်မင် နှင့် မိုချင်းရှယ် တို့ကို
အချက်ပြကာ ထွက်ခွာရန်ပြင်လိုက်သည်။

သို့သော် မိုချင်းရှယ် ၏အကြည့်စူးစူးက ယန်ယဲ့
ဆီသို့အချိန်တော်တော်ကြာစိုက်ကြည့်နေပြီးမှ
တစ်ဖက်ကိုလှည့်ကာလိုက်ပါသွားတော့သည်။

"မင်းလည်း သူတို့နဲ့လိုက်သွား!" ယန်ယဲ့က နေရာတွင် ရပ်နေသော လုကျန်းယောင် ကို စိုက်ကြည့်ကာ ငြင်းမရသော လေသံဖြင့် ပြောလိုက်သည်။

"နင့်ကိုသတ်ဖို့လာတဲ့ အပေါင်းအပါတွေက အရမ်းသန်မာနေတာလား?" လုကျန်းယောင်က စိတ်အသံလှိုင်းနှင့်မေးလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
“ပန်းနန်းတော်ရဲ့ အဆင့် ၉
ချီးမြောက်ခြင်းနယ်ပယ်ပညာရှင်ကလွဲရင်
ဒီလူက ငါ ရင်ဆိုင်ဖူးသမျှထဲ
အပြင်းထန်ဆုံး ဖြစ်နိုင်တယ်။

ငါတို့က ကီလိုမီတာ ၁၀၀

ကျော်လောက်ဝေးနေတာတောင်

အဲဒီလူဆီကနေ

ပြင်းထန်တဲ့အငွေ့အသက်တွေကို

ငါခံစားမိနိုင်တယ်။ မင်း ငါ့အနားမှာရှိနေရင်

အကူအညီဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့်

လုပ်ပိုင် တို့အဖွဲ့နဲ့ အရင်လိုက်သွားလိုက်။

မင်းဘေးနားမှာ သူတို့နဲ့အတူသွားမယ်ဆိုရင်

သူတော်စင်အကြွင်းအကျန်နယ်မြေကို

ဘေးကင်းကင်း ရောက်နိုင်မှာပါ။"

"နင်အနိုင်ရမှာမဟုတ်လား?"
လုကျန်းယောင် က ယန်ယဲ့ကို
မျက်လုံးချင်းတည့်တည့်စိုင်ကြည့်နေလေသ
ည်။

ယန်ယဲ့က ပြုံးကာ ပြောလိုက်၏။
"ငါအနိုင်ရမယ်လို့ တော့
သေချာပေါက်အာမမခံနိုင်ပါဘူး။
ဘာပဲဖြစ်ဖြစ် ငါမသေဘူးဆိုတာတော့
သေချာတယ်!"

လုကျွန်းယောင် က ခစ်ခနဲ ရယ်မောကာ
“ငါသိပါတယ်။ နင်က မနိုင်ရင်
ထွက်ပြေးမယ်။ ငါ နင့်ကို
ကြိုစောင့်နေမယ်!" စကားပြောပြီးသည်နှင့်
လုကျွန်းယောင် လည်း
လှည့်ထွက်သွားခဲ့သည်။

လုကျွန်းယောင် ထွက်သွားပြီးနောက်တွင်
ယန်ယဲ့က သူ့မျက်နှာဖုံးကို ခွာလိုက်ကာ
ပုံမှန်ဝတ်ရုံနှင့်ပြန်ပြောင်းလိုက်၏။

ရန်သူက သူ့နောက်တွင်ရှိနေသည်ဖြစ်ရာ
သူ၏အထောက်အထားကို ဆက်ပြီး
ဖုံးကွယ်နေရန်မလိုတော့ပေ။

ဘုန်း!

မကြာခင်မှာပဲ....,
ကောင်းကင်ထက်ကနေ
ပုံရိပ်နှစ်ခုထိုးဆင်းလာပြီးနောက် ယန်ယွဲ့ နှင့်
မလှမ်းမကမ်းတွင်ဆင်းလာကြသည်။

လဲ့ချန်းယွမ် က မျက်ခုံးပင့်ကာ ယန်ယဲ့ ကို ကြည့်လိုက်ပြီး "ဒါဆို မင်းက ယန်ယဲ့ လား?"

ယန်ယဲ့က စကားပြန်မပြောသေးဘဲ ခေါင်းကိုသာညိတ်လိုက်သည်။

လဲ့ချန်းယွမ် က သူ့ဓားကိုဆွဲထုတ်ပြီး တစ်ချက်ယမ်းလိုက်ရာ

စူးရှရှဓားအလင်းတန်းတစ်ခုပေါက်ကွဲထွက်လာ၏။

အလင်းတန်းက အလွန်လျင်မြန်သောအရှိန်ဖြင့် ယန်ယဲ့ ရှေ့တွင် ရောက်လာသည်။

ယန်ယဲ့က တုန်လှုပ်မသွားပေ၊ သူ၏ ညာဖက်လက်သီးကို ဆန့်ထုတ်ကာ ရှေ့သို့ ထိုးချလိုက်သည်။

ဘန်း

သူ၏ညာလက်သီးက
အလင်းတန်းနှင့်တိုက်မိသွားပြီးနောက်
ကျယ်လောင်သောပေါက်ကွဲသံတစ်ချက်ထွ
က်ပေါ်လာခဲ့သည်။

လဲ့ချန်းယွမ် က
ဤအခြေအနေကိုမြင်လိုက်ချိန်တွင် ပြုံးကာ
"ဓားအင်ပါယာ က မျှော်လင့်ထားသလိုပဲ။
မင်းရဲ့တိုက်ခိုက်ရေးစွမ်းအားက

ဒီလောက်နက်ရှိုင်းနေတာဆိုတော့ ငါဒီကို ရောက်လာမဲ့အချိန် ကြိုစောင့်နေတာဖြစ်ရမယ်။

ပထမတော့ မင်း ချီးမြှောက်ခြင်းနယ်ပယ်ကိုရောက်မှ တိုက်ခိုက်ချင်ခဲ့တာ။ ကံမကောင်းဘူး၊ ငါ့ဂိုဏ်းက အမိန့်မနာခံမနေရဆိုတဲ့ အမိန့်ကိုထုတ်ထားတယ်။ ဒါပေမယ့် စိတ်မပူပါနဲ့၊ မင်းရဲ့ဓားအင်ပါယာ ဘွဲ့ကိုလေးစားတဲ့အတွက်

ကောင်းမွန်တဲ့သေခြင်းဖြစ်အောင်
လုပ်ဆောင်ပေးမယ်။"

ယန်ယဲ့ က ခံစားချက်မရှိဟန်ဖြင့် "ငါ
တကယ်ကို သိချင်မိတယ်။ မင်း ငါ့ကို
ဘယ်လိုလုပ်ပြီး အတိအကျ
ရှာတွေ့ခဲ့တာလဲ?"

လဲ့ချန်းယွမ် က တဟားဟားရယ်မောပြီး
သူ့ဘေးနားက သန်မာသောလူကို
လက်ညှိုးထိုးပြလိုက်၏ "သူက

နတ်ဆိုးတစ်ကောင်လေ။
ရှေးဟောင်းနတ်ဆိုးသားရဲ
တိုက်တန်မျိုးနွယ်ကနေ ဆင်းသက်လာတာ။
သူက တစ်စုံတစ်ယောက်ရဲ့
အငွေ့အသက်ကို
ရနေသမျှဘယ်တော့မှမေ့မှာမဟုတ်ဘူး။

ဒါ့အပြင် ပစ်မှတ်က မြေပြင်ပေါ်မှာရှိနေရင်
ကီလိုမီတာ ၅၀၀ အတွင်းမှာ
အတိအကျရှာနိုင်တယ်။ ဒီလိုစွမ်းရည်တွေနဲ့

ရှာတွေ့ခဲ့တာဆိုတော့ မင်းက
သေရင်တောင် ဂုဏ်ယူသင့်တယ်!"

ယန်ယဲ့ က သန်မာသောလူကို ငုံ့ကြည့်ကာ
ခေါင်းညိတ်လိုက်သည်။ "ငါ့မှာ မေးစရာ
မရှိတော့ဘူး။ အခု မင်းတို့ ငါ့ကို
တစ်ယောက်စီတိုက်ခိုက်မှာလား?
ဒါမှမဟုတ် နှစ်ယောက်စလုံး ငါ့ကို
တိုက်ခိုက်မှာလား?"

"ဟားဟား!!" လဲ့ချန်းယွမ် က
ဟက်ဟက်ပက်ပက်ရယ်မောကာ
"ဗဟိုနယ်မြေကို ငါရောက်တုန်းက မင်း
အရမ်းမောက်မာတယ်လို့ ကြားခဲ့တယ်။
ဒါပေမဲ့ မင်းက ထင်ထားတာထက်
ပိုမောက်မာမယ်လို့ ငါဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး။
မင်းကို ဆန့်ကျင်ဖို့ အင်အားစုတွေ
ပေါင်းရမလား? ယန်ယွဲ့! မင်းက
ဆေးဘာစားဂိုဏ်း
ရဲ့တည်ထောင်သူဘိုးဘေးလို့ထင်နေသလား

? ဒီကမ္ဘာမှာ အမြဲတမ်း
သန်မာသူတစ်ယောက်
ဘယ်လိုရှိနေတယ်ဆိုတာ ပြောပြခွင့်ပြုပါ။”

လဲ့ချန်းယွမ် က ရုတ်တရက် နေရာကနေ
ပျောက်သွားပြီး ယန်ယဲ့ ရှေ့တည့်တည့်တွင်
ပေါ်လာသည်။

တစ်ချိန်တည်းတွင်
အေးစိမ့်စိမ့်လုံထိပ်ဖျားက လေထုကို

ထိုးဖောက်ကာ ယန်ယဲ့

ဧါနဖူးအလယ်ဗဟိုသို့

တိုက်ရိုက်ထိုးသွင်းလာခဲ့သည်။

ထန်!

အေးစက်သော

အလင်းရောင်ဖြာထွက်နေသည့်

ဓားတစ်ချောင်းက လုံကို ပိတ်ဆို့လိုက်ကာ

နှစ်ယောက်စလုံး ပြင်းထန်စွာ

တုန်လှုပ်သွားကြသည်။

နောက်အခိုက်အတန့်တွင် လုံထိပ်ဖျားမှ
ပြင်းထန်သောအလင်းတန်းများ
ပေါက်ကွဲထွက်သွား၏။

တစ်ဖက်တွင်မူ
အေးစိမ့်စိမ့်အငွေ့အသက်များထုတ်လွှတ်နေ
သည့် ဓားက အနည်းငယ်တုန်ခါသွားပြီး
ပြင်းထန်သော ဓားစိတ်ဆန္ဒ နှင့်
ထူးဆန်းသောဖိအားများထွက်ပေါ်လာပြီး
လုံရှည်ကို ဖိနှိပ်လိုက်သည်။

အုန်း!

တိုက်မိရာကနေ စွမ်းအင်လှိုင်းလုံးကြီး ထွက်ပေါ်လာခဲ့၏။

လှဲချန်းယွမ် နှင့် ယန်ယဲ့ နှစ်ဦးလုံးပင် ခြေလှမ်းအနည်းငယ်စီ နောက်ပြန်ဆုတ်သွားကြသည်။

လှဲချန်းယွမ် ၏မျက်နှာသည် စိတ်လှုပ်ရှားမှုများနှင့်ဖုံးလွှမ်းသွားကာ

"ဓားအင်ပါယာ ကမျှော်လင့်ထားသလိုပါပဲ၊
အရမ်းကောင်းတယ်။
ဆက်ပြီးတိုက်ခိုက်ရအောင်!"

လဲ့ချန်းယွမ် ၏အသံက ပဲ့တင်ထပ်ကာ
ရှေ့သို့ခုန်ထွက်လာရင်း ပုံရိပ်ယောင်များစွာ
ကွဲထွက်သွားသည်။

ယန်ယဲ့ က
နောက်တစ်ကြိမ်တိုက်ခိုက်ပြင်လိုက်သော်

ပြား လဲ့ချန်းယွမ် ပုံရိပ်များစွာ
ခွဲထွက်လာသည်ကို သတိပြုမိလိုက်သည်။

ယန်ယဲ့ ၏မျက်ခုံးများက အနည်းငယ်
တွဲကျနေသော်လည်း ရုတ်ချည်းပင်
ပါးစပ်ထောင့်၌ အေးစက်သော အပြုံးတစ်ခု
ဖြစ်ပေါ်လာသည်။

ထိုပုံရိပ်များက
လှုပ်ရှားမှုနည်းစနစ်မဟုတ်ပေ။

လှဲ့ချန်းယွမ် ၏အရှိန်ဖြင့်
ဖန်တီးထားသည့်မြောက်များစွာသော
နောက်ဆက်တွဲပုံရိပ်များသာဖြစ်ခဲ့သည်။
သို့သော် ညဏ်အလင်းရဓားနှလုံးသားကို
ပိုင်ဆိုင်ထားသည့် ယန်ယဲ့ အနေဖြင့်
ဤကဲ့သို့ ပုံရိပ်ယောင်များက
အသုံးမဝင်ပေ။

လှဲ့ချန်းယွမ် ၏လှံရှည်က ယန်ယဲ့
၏လည်ပင်းသို့ ထိုးသွင်းလာချိန်တွင်
တလက်လက်တောက်ပနေသော

ဓားတစ်ချောင်းက
ကန့်လန့်ဖြတ်ပိုင်းချလိုက်သည်။

ချွမ်း!

ကျယ်လောင်သော သတ္တုတိုက်မိသံများ
ပဲ့တင်ထပ်ကာ ပြင်းထန်စွာ
တိုက်မိသွားပြီးနောက် နှစ်ဦးလုံးခြေလှမ်း
၁၀ လှမ်းကျော်အထိ
လွင့်ပျံထွက်သွားကြသည်။

"ညာဏ်အလင်းရခြားနှလုံးသား....။"

လှဲချန်းယွမ် ၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားကာ ပထမဆုံးအကြိမ် လေးနက်သော အမူအရာ ပေါ်လာသည်။

သူ့ရှေ့တွင် ရပ်နေသည့် ဓားအင်ပါယာ က သူထင်ထားသည်ထက်ပင် အားကောင်းနေသည်မဟုတ်သလော။

သို့ရာတွင် သူ့စိတ်ထဲ
သိပ်ပြီးအလေးအနက်မထားပေ။ ၎င်းက
ပို၍ပင်
စိတ်ဝင်စားစရာကောင်းလာသည်ဟုပင်
ခံစားမိလိုက်သည်။

လဲ့ချန်းယွမ် က
ထပ်မံတိုက်ခိုက်ရန်ပြင်နေချိန်တွင်
အဝေးဆီမှ
ပြင်းထန်သောအငွေ့အသက်များနှင့်
ကျွမ်းကျင်သူအုပ်စုကြီး

ရောက်လာသည်ကိုသတိထားမိသွားလေသ
ည်။

ယန်ယဲ့ က ချက်ချင်းပင်
မျက်မှောင်ကြုတ်ကာ နှလုံးသားတစ်ခုလုံး
အပြင်းအထန် တုန်လှုပ်သွား၏။

အကြောင်းမှာ ရောက်ရှိလာသည့်အဖွဲ့တွင်
ကျွမ်းကျင်သူ ၃၀၀ ကျော်ရှိကာ အားလုံး
အဆင့် ၅ (သို့) ၎င်းအထက်
ဝိညာဉ်နယ်ပယ်အလွှာအဆင့်များဖြစ်နေ
သောကြောင့်ပင်။

ထို့အပြင် အဖွဲ့၏ရှေ့ဆုံးကနေ
ဦးဆောင်နေသည့်
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၄
ဦးပင်ရှိနေပါသည်။

အကယ်၍ ဤအဖွဲ့နှင့်သာ
တိုက်ခိုက်ရမည်ဆိုလျှင် သူ့အနေဖြင့်
ချက်ချင်း နောက်ပြန်လှည့်ပြီး
ထွက်ပြေးရန်ကလွဲ၍
ရွေးချယ်စရာမရှိနိုင်ပေ။

ထို့နောက်တွင် လဲ့ချန်းယွမ် ကို
စိုက်ကြည့်လိုက်ပြီး
"ဒါက မင်းပြောခဲ့တဲ့ တိုက်ပွဲတစ်ခုပဲလား?"
ယန်ယဲ့က
ဟက်ဟက်ပက်ပက်ရယ်မောလိုက်၏။

လဲ့ချန်းယွမ် က အေးစက်စွာ
နှာခေါင်းရှုံ့ပြီးခရမ်းရောင် ချပ်ဝတ်တန်ဆာ
ဝတ်ဆင်ထားသည့် အမျိုးသမီးကို

လှည့်ကြည့်လိုက်သည်။ "မင်းတို့အားလုံး ဘယ်သူတွေလဲ?"

"တော်ဝင်အစောင့်စစ်တပ်! ယန်ယဲ့ ကို ဖမ်းဆီးဖို့ အင်ပါယာ ရဲ့အမိန့်နဲ့ ငါ ဒီကို လာခဲ့တာ။" အမျိုးသမီးက ခံစားချက်မဲ့သော အသံဖြင့် ပြောလိုက်သည်။

"သူက ငါ့အပိုင်!" လဲ့ချန်းယွမ် က တိုးညှင်းသော အသံဖြင့် ပြောသည်။

“သူက အင်ပါယာကနေ အလိုရှိနေတဲ့

အပြစ်သားတစ်ယောက်ပဲ။

တော်ဝင်အစောင့်စစ်တပ်ကို

တားဆီးတဲ့ဘယ်သူမဆို

သနားညှာတာခြင်းမရှိဘဲ အသတ်ခံရမယ်။”

အမျိုးသမီးက လဲ့ချန်းယွမ်ကို ကြည့်ရင်း

မျက်လုံးထဲကနေ

သတ်ဖြတ်လိုသောရည်ရွယ်ချက်ကို

ထုတ်ဖော်လိုက်ပါသည်။

"အင်ပါယာ လား?" လဲ့ချန်းယွမ်က

အော်ရယ်လိုက်ပြီး "ငါ့ရဲ့ မွေးဖွားခြင်းဂိုဏ်း

က မြင့်မြတ်သောဟန်အင်ပါယာ ရဲ့အမိန့်ကို

ဘယ်အချိန်တုန်းက နာခံလိုက်တာလဲ?

ကောင်မလေး! မင်း ငါ့ကို

ဆက်ပြီးဆန့်ကျင်နေရင်သတ်ပစ်မယ်!"

ဆက်ရန်

၁၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၂၉ – အခွင့်ကောင်းစောင့်

ယန်ယဲ့သည်

ဤမြင်ကွင်းကိုမြင်လိုက်သောအခါ

ချက်ချင်းပင် ရယ်မောလိုက်၏။

သူက ထွက်ပြေးရန် ပြင်းဆန်ခဲ့ခြင်းမရှိပေ။

သူက ထိုလူများ ၏ပဋိပက္ခတိုက်ပွဲကိုသာ

ကြည့်နေလေသည်။

တစ်ချိန်တည်းတွင် သူ့နောက်ကျော၌

နဝမငရဲအေးမီးတောက်အတောင်ပံများ နှင့်

အပြာရောင်သက်စောင့်ဓားက

တဖျက်ဖျက်တောက်ပနေသည်။

ထို့နောက်

ထိပ်တန်းအဆင့်အဆောင်အုပ်လိုက်ကြီးကို

ထုတ်ယူကာ

သူ့ခန္ဓာကိုယ်ပေါ်တွင်ကပ်လိုက်သည်။

အကယ်၍ အခြေအနေမကောင်းပါက

ချက်ချင်းထွက်ပြေးရန် အသင့်ပြင်ထား၏။

“သတ်!”

ခရမ်းရောင်မျက်နှာဖုံးအုပ်အမျိုးသမီးက အေးစက်စက်အော်ဟစ်ရင်း လဲ့ချန်းယွမ် ဆီသို့ တိုက်ရိုက်ခုန်ဝင်သွားသည်။

သူမ၏နောက်မှ စစ်သည်များကလည်း သတိဝင်လာပြီး လက်နက်များကို ဆွဲထုတ်ကာ လဲ့ချန်းယွမ် နှင့် ဒီ ကို စတင်တိုက်ခိုက်လိုက်ကြသည်။

လှဲချန်းယွမ် ဧါမျက်ခွံများက
ထိုမြင်ကွင်းကြောင့်
တဆတ်ဆတ်လှုပ်ယမ်းသွားသည်။

တိုက်ပွဲတစ်ပွဲဆိုလျှင် သူက
ကြောက်လန့်ခြင်းမရှိသော်ငြား
ခရမ်းရောင်ဝတ်အမျိုးသမီးက
အုပ်စုလိုက်တိုက်ခိုက်နေခြင်းပါ။

ရာချီသော ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ကျွမ်းကျင်သူများ နှင့်

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၄ ဦး...။ ထိုကဲ့သို့ စွမ်းအားက သူ့အတွက်ပင် အတော်လေး အန္တရာယ်များလှသည်။

"ဟေ့ အမျိုးသမီး! မင်းမှာ အရည်အချင်းရှိရင် တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြ။ ငါတို့ကို ဝိုင်းဖွဲ့ပြီးတိုက်ခိုက်နေတာ မရှက်ဘူးလား…" လဲ့ချန်းယွမ်က သန်မာသောလူနှင့်

ဘေးချင်းကပ်တိုက်ခိုက်ရင်း
အော်ဟစ်လိုက်သည်။

အရှူးပဲ! ယန်ယဲ့က ခေါင်းယမ်းလိုက်မိသည်။
တစ်ဦးနှင့်တစ်ဦးတိုက်ပွဲ?
ခရမ်းရောင်ဝတ်အမျိုးသမီးက
မိုက်မဲနေတာမှမဟုတ်တာ။ ဘာလို့
မင်းနဲ့တစ်ယောက်ချင်းတိုက်ခိုက်မှာလဲ?
သို့သော် လဲ့ချန်းယွမ် က
ရာချီသောကျွမ်းကျင်သူများနှင့်
ရင်ဆိုင်နေရသည့်တိုင်

ရှုံးနိမ့်ခြင်းမရှိသေးပေ။ ၎င်း၏ခွန်အားက အမှန်ပင် ကြောက်စရာကောင်းလှသည်။

ယန်ယွဲ့ ကိုအဓိကအာရုံစိုက်စေသော နောက်ထပ် ပညာရှင်နှစ်ဦး ရှိသေး၏။

တစ်ယောက်က သန်မာသောလူဖြစ်ပြီးနောက်တစ်ယောက် ကတော့ ခရမ်းရောင်ဝတ်အမျိုးသမီး ပါပင်။

သန်မာသောလူက အလွန်ပင် ကြောက်စရာကောင်းနေလေသည်။

၎င်း ၏ခန္ဓာကိုယ်က သူနှင့်ပင်
ယှဉ်နိုင်လုနီးပါးပါ။
အကြောင်းမှာ ၎င်းက
ခန္ဓာကိုယ်အကာအကွယ်ကိုထုတ်ဖော်မထား
ဘဲ
ရက်စက်ကြမ်းကြုတ်စွာတိုက်ခိုက်နေခြင်း
ဖြစ်သည်။

မှန်သည်၊ အကယ်၍ လဲ့ချန်းယွမ် နှင့်
သန်မာသောလူကသာ

သူ့ကိုတိုက်ခိုက်လာလျှင်
သေချာပေါက်ထွက်ပြေးရပေမည်။

တစ်ဖက်တွင်လည်း
ခရမ်းရောင်ဝတ်အမျိုးသမီးက
အလွန်အစွမ်းထက်လှသည်။
သူမက သံမဏိလုံ့ရှည်ကိုအသုံးပြုနေပြီး
လှံနည်းစနစ်ကလည်း
အလွန်ပင်ကြောက်မက်ဖွယ်အတိပါ။

သူမ၏ လုံတစ်ချက်က သန်မာသောလူကို
မျက်နှာတစ်ပြင်လုံး
ရှုံ့မဲ့သွားလောက်အောင်ပင်
နာကျင်စေခဲ့သည်။

ဤသို့ဖြင့်.....
ယန်ယဲ့သည် သူ့ရှေ့မှ တိုက်ပွဲကို
ကြည့်နေရင်း ရုံဖန်ရုံခါ ခေါင်းယမ်းပြီး
ခေါင်းတညိတ်ညိတ်နှင့်ငြိမ်သက်စွာသာ
ကြည့်နေ၏။

တစ်ချိန်တည်းတွင်မူ မွေးဖွားခြင်းဂိုဏ်း မှ ပညာရှင်နှစ်ဦး နှင့် အင်ပါယာအစောင့်တပ်ဖွဲ့ ကြားမှတိုက်ပွဲက တဖြည်းဖြည်းနှင့် ပို၍ ပြင်းထန်လာလေသည်။

ယန်ယဲ့က တိုက်ပွဲကို ကြည့်နေရင်း မတ်တပ်ရပ်စောင့်နေခြင်းမဟုတ်ပေ။

သူ၏ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်ကိုအပြည့်အဝထုတ် ဖော်ပြီး အပြာရောင်သက်စောင့်ဓားက

အသက်သွင်းထားကာ
အသင့်တိုက်ခိုက်နိုင်ရန်ပြင်ထား၏။

သူ၏ပစ်မှတ်က
သံမဏိလုံ့ရှည်ကိုင်ထားသည့်
ခရမ်းရောင်ဝတ်အမျိုးသမီး နှင့်
သန်မာသောလူ ပင်။

ထိုနှစ်ဦးထဲမှ မည်သူပင်ဖြစ်စေ
ဒဏ်ရာရသွားခြင်းသို့မဟုတ်
ရှုံးနိမ့်သွားပါက

အလစ်အငိုက်ဖမ်းပြီးတိုက်ခိုက်ရန်
ကြံစည်နေလေသည်။

နောက်ထပ် ၁၀
မိနစ်နီးပါးကြာသွားပြီးနောက်တွင် ယန်ယဲ့
၏မျက်လုံးများက
အရောင်တဖျပ်ဖျပ်လက်သွားသည်။
ထို့နောက်တွင် သူ၏ အဆင့် ၉ ဓားစိတ်ဆန္ဒ
ကိုထုတ်ဖော်ကာ
အပြာရောင်သက်စောင့်ဓားမှ
ဓားအလင်းတန်း ၄ ခု တောက်ပလာပြီး

လျှပ်တစ်ပြက်ဆိုသလိုပင်
တိုက်ပွဲအလယ်သို့ ပစ်လွှတ်လိုက်သည်။

ဓားအလင်းတန်း ၄ ခု၏ပစ်မှတ်က
မွေးဖွားခြင်းဂိုဏ်းမှ သန်မာသောလူ
ဖြစ်သည်။

ခရမ်းရောင်ဝတ်အမျိုးသမီး နှင့် အခြား ချီး
မြှောက်ခြင်းနယ်ပယ်ပညာရှင် နှစ်ဦး
၏ဝိုင်းရံတိုက်ခိုက်မှုအောက်တွင် ၎င်းက
အနည်းငယ်အရေးနိမ့်နေခဲ့သည်။

ယန်ယဲ့ကလည်း ထိုကဲ့သို့အခွင့်အရေးမျိုးကို လုံးဝလက်လွှတ်မခံပေ။

ချက်ချင်းပင် အဆင့် ၉ ခားစိတ်ဆန္ဒ နှင့် အပြာရောင်သက်စောင့်ခားကို ပေါင်းစပ်ကာ တိုက်ခိုက်လိုက်သည်။

လဲ့ချန်းယွမ် က ခရမ်းရောင်ဝတ်အမျိုးသမီး နှင့် တိုက်ခိုက်နေရင်းဖြင့် ရုတ်တရက် သူ့နှလုံးသားထဲ၌ အန္တရာယ်ခံစားချက်ကို ရလိုက်သည်။

နှစ်ပေါင်းများစွာတိုင်
သေခြင်း၊ရှင်ခြင်းတိုက်ပွဲများကို
အဆက်မပြတ် ရင်ဆိုင်ခဲ့ဖူးသည်ဖြစ်ရာ
သူ့နှလုံးသားကနေ
အလိုအလျောက်တုံ့ပြန်ခဲ့၏။

လှဲ့ချန်းယွမ် က ခရမ်းရောင်ဝတ်အမျိုးသမီး
ကို တန်ပြန်တိုက်ခိုက်ခြင်းမပြုတော့ဘဲ
သူ့လက်ထဲမှ ငွေရောင်သံမဏိလုံ့ရှည်ကို
ညာဖက်သို့ လျင်မြန်စွာ ထိုးလိုက်သည်။

ချွမ်း!

အရိုန်ပြင်းပြင် လည်ပတ်နေသော
ဓားတစ်ချောင်းက လေထဲကနေ
ထွက်ပေါ်လာပြီး ငွေရောင်သံမဏိလုံ့ရှည်နှင့်
ပြင်းထန်စွာ တိုက်မိသွားသည်။

လှံချွန်းယွမ်
၏ညာဖက်လက်မောင်းတစ်ခုလုံးပြင်းထန်
စွာ ထုံကျဉ်သွားပြီး တစ်ချိန်တည်းတွင်
သူ၏ငွေရောင်သံမဏိလုံ့ရှည်

ကွဲအက်သွားကြောင်းမြင်လိုက်ရာ
သူ့မျက်လုံးအစုံက ချက်ချင်းပင်
ပြူးကျယ်သွားခဲ့သည်။

သူ၏ ငွေရောင်သံမဏိလုံ့ရှည်က
ကောင်းကင်အဆင့်မြင့်
အမှောင်ရတနာလက်နက်ဖြစ်ပြီး၊
နတ်ဆိုးနယ်မြေတွင်
သူရင်ဆိုင်တိုက်ခိုက်ခဲ့သော
အစွမ်းထက်နတ်ဆိုးပညာရှင်များပင်

ငွေရောင်သံမဏိလုံ့ရှည်ကို
မပျက်စီးစေနိုင်ခဲ့ပေ။

သို့သော် လူသားကမ္ဘာမှ
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ
တစ်ဦးက ၎င်းကို
ဖျက်ဆီးပစ်နိုင်လိမ့်မည်ဟု သူ
မမျှော်လင့်ခဲ့ပေ။

တစ်ချိန်တည်းပင် သူ ခံစားမိသည့်
အန္တရာယ်အငွေ့အသက်က

ပျောက်ကွယ်မသွားဘဲ
ပို၍ပင်ပြင်းထန်လာကြောင်း
ခံစားမိလိုက်သည်။

လှဲ့ချန်းယွမ်က မျက်လုံးများ
ကျဉ်းမြောင်းသွားကာ သူ့လက်ထဲက
လှံကျိုးကို ကမန်းကတန်းဝှေ့ယမ်းပြီး
သူ့ရှေ့တည့်တည့်တွင် ကာထားလိုက်၏။

ဝှစ်!

သူ့ရှေ့တည့်တည့်မှ

အာကာသဟင်းလင်းပြင်ကွဲအက်သွားသည့်

တိုင်

မည်သည့်တိုက်ခိုက်မှုမှထွက်ပေါ်မလာခဲ့ပေ

။

သို့သော် ရုတ်တရက်ပင် လှဲ့ချန်းယွမ်

၏အမူအရာက သိသိသာသာ

ပြောင်းလဲသွားပါတော့သည်။

"ယန်...ယန်ယဲ့! မင်းလုပ်ဝံ့သလား?"
လဲ့ချန်းယွမ် က တစ်ဖက်ကို
အလျင်အမြန်လှည့်၍ ဒီ ကို စိုက်ကြည့်ရင်း
ဒေါသတကြီး အော်ဟစ်လိုက်သည်။

သူ့မျက်လုံးများက အလွန်နီရဲနေပြီး
ဒေါသကြောင့် မီးထတောက်မတတ်ပါပင်။

ထိုအချိန်တွင် ဒီ က
အပြာရောင်တလက်လက်တောက်ပနေသ
ည့် ဓားကို ဆုပ်ကိုင်ထားရင်း

လက်နှစ်ဖက်လုံးကနေ
သွေးများတစ်စက်စက်စီးကျနေ၏။

နောက်ထပ် အပြာရောင်ဓားနှစ်ချောင်းက ဒီ
၏နဖူးအလယ်ဗဟို နှင့် ဝမ်းဗိုက်ကို
ထိုးဖောက်သွားခဲ့ပါသည်။

သို့သော်လည်း အပြာရောင်ဓားနှစ်ချောင်းက
ဒီ ၏ခန္ဓာကိုယ်ထဲသို့
လုံးလုံးလျားလျားထိုးဖောက်သွားနိုင်ခြင်းမ
ရှိပေ။ ဓားနှစ်ချောင်းက ၎င်း၏

ခန္ဓာကိုယ်အပေါ်ယံ အရေပြားကိုသာ
ထိုးဖောက်သွားနိုင်သည်။

သို့သော် ဒီ ၏မျက်နှာက
သိသိသာသာဖြူဖျော့နေသဖြင့်
သူ့ခန္ဓာကိုယ်ကို
ထိန်းချုပ်ထားနိုင်စွမ်းမရှိတော့ကြောင်း
သိသာနေပေသည်။

ဆက်ရန်

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၀ – ထာဝရနောင်တဖြင့်

သေဆုံးခြင်း

လဲ့ချန်းယွမ် က ဒေါသတကြီးဖြင့် ရှေ့ကိုပြေးထွက်လာချိန်မှာပဲ ယန်ယဲ့က ဖျတ်ခနဲလက်သွားပြီး ဒီ ရှေ့ကို ရောက်သွား၏။

ယန်ယဲ့က အေးစက်စက်ရယ်မောကာ ဒီ ဧါလည်ပင်းကို
ဓားဖြင့်ထိုးသွင်းလိုက်ပါသည်။

ယန်ယဲ့ ဧါဓားက အနည်းငယ်
ရပ်တန့်သွားသော်လည်း
နောက်အခိုက်အတန့်တွင်
စူးရှတောက်ပသော အလင်းတန်းတစ်ခု
ထွက်ပေါ်လာပြီးနောက် ဒီ ဧါလည်ပင်းကို
ထိုးဖောက်သွားလေတော့သည်။

ယန်ယဲ့က ဒီ ကို သတ်ပြီးနောက်
စိတ်ဆန္ဒတစ်ခုကို ထုတ်လွှတ်ရင်း
အပြာရောင်သက်စောင့်များ ၄ ချောင်းကို
ပြန်သိမ်းလိုက်၏။

ထို့နောက်တွင် သူ၏ညာလက်ကို
ဝှေ့ယမ်းကာ ဒီ ၏အလောင်းကို
ရှေးဟောင်းဓားအိမ်ထဲသို့
ထည့်သွားလိုက်သည်။

ရုတ်တရက်ဆိုသလိုပင်၊ ယန်ယဲ့က နဝမငရဲအေးမီးတောက်အတောင်ပံများကို ထုတ်လွှင့်ကာ တဖျပ်ဖျပ်ရိုက်ခတ်ရင်း နေရာမှာ ဖျတ်ခနဲပျောက်ကွယ်သွား၏။

"အာ!!! ယန်ယဲ့! မင်းက သေလမ်းရှာလိုက်တာဘဲ!" လဲ့ချန်းယွမ် က ဒေါသတကြီးကြိမ်းဝါးရင်း နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့က သူ့မျက်စိရှေ့မှာပင် ဒီ ကို သတ်ပစ်လိုက်သည်ဖြစ်ရာ အကြီးအကျယ် အရှက်ရသွားပါသည်။

အကြောင်းမှာ သူ နှင့် ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးတစ်ကောင်က ယန်ယဲ့ ကိုလိုက်လံရှာဖွေနေပြီး အဆုံးတွင် တစ်ဦးသေဆုံးသွားရ၏။

ထိုသတင်းသာ ပြန့်သွားလျှင်
သူ၏နာမည်က အောက်ဆုံးထိ
ထိုးကျသွားပါလိမ့်မည်။

ထို့အပြင် ဒီ က မွေးဖွားခြင်းဂိုဏ်း ၏
ကြီးမြတ်သောအကြီးအကဲ တစ်ဦး
၏အယုံကြည်ရဆုံး အစေခံတစ်ဦး
ပင်ဖြစ်သည်။

အကယ်၍ သူသာ မွေးဖွားခြင်းဂိုဏ်း ကို
ပြန်သွားပါက ထို

ကြီးမြတ်သောအကြီးအကဲ ကို
မည်သို့ရှင်းပြရမည်နည်း?

ကြီးမြတ်သောအကြီးအကဲ ၏ဒေါသကို
သူလည်း မခံနိုင်ပေ။

"အထူးသံတမန်...
ငါတို့လည်းလိုက်သင့်သလား?" ရှယင်ဟိုက
အလွန်တရာမှလေးစားသောအသံဖြင့်ပြော
လိုက်၏။

ခရမ်းရောင်ဝတ်အမျိုးသမီး နှင့် သူက
အဆင့်တူပညာရှင်များ ဖြစ်နေသည့်တိုင်
သူမ၏ခွန်အားက သူ့ထက်ပင်
များစွာသာလွန်နေကြောင်း
အစောပိုင်းတိုက်ပွဲက
သက်သေပြနေပါသည်။

ခရမ်းရောင်ဝတ်အမျိုးသမီးက
ခဏတာတိတ်ဆိတ်သွားကာ အတန်ကြာမှ
ပြန်ပြောလိုက်၏။ “အားလုံးပြန်နိုင်ပြီ။”

"ဘယ်လိုကြောင့်ပါလိမ့်?" ရှယင်ဟိုက အံ့ဩသွားသည်။

“နင်တို့အားလုံး ချီးမြှောက်ခြင်းနယ်ပယ်မှာမရှိရင် သူ့နောက်ကို မလိုက်ကြနဲ့။ မဟုတ်ရင် အရေအတွက်အားသာချက်က ဓားအင်ပါယာ ရဲ့ရှေ့မှာ လုံးဝ အသုံးမဝင်ဘူး။ သူ့ကိုလိုက်ဖမ်းတာက နင့်ရဲ့အသက်ကို စွန့်လွှတ်လိုက်သလိုပဲ!” ထိုစကားပြောပြီးသည်နှင့်

ခရမ်းရောင်ဝတ်အမျိုးသမီးက ချက်ချင်းပင် ပျောက်ကွယ်သွား၏။

အစောပိုင်းကတိုက်ပွဲတွင် တောင်ပိုင်းနယ်မြေမှ ဓားအင်ပါယာ ၏စွမ်းအားက သူမ၏မျှော်လင့်ချက်ထက် သာလွန်ကြောင်းကို သဘောပေါက်နိုင်စေခဲ့သည်။

၎င်းတို့အနေဖြင့် ယန်ယဲ့ကို သတ်ဖြတ်ရန်
အရေအတွက်အားသာချက်က
လုံးဝအသုံးမဝင်ပေ။

ချွင်းချက်အနေဖြင့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
ရာချီရှိနေလျှင်တော့
ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ထိုသို့မဟုတ်လျှင် ယန်ယဲ့ ၏လက်ထဲမှ
အပြာရောင်သက်စောင့်အား ကို မည်သူမှ
ခုခံနိုင်မည်မဟုတ်ပါ။

ရှယင်ဟို လည်း သူ့နောက်မှ
ကျွမ်းကျင်သူအားလုံးကို သိုင်းကမ္ဘာမြို့
သို့ပြန်သွားရန် အမိန့်ပေးပြီးနောက်
နေရာတွင်ရပ်ကာ ယန်ယဲ့
ထွက်ခွာသွားသောလမ်းကြောင်းဆီသို့
စူးစူးရဲရဲစိုက်ကြည့်ကာ မျက်လုံးထဲတွင်

ရှုပ်ထွေးသောအမူအရာဖြင့်
ဖုံးလွှမ်းသွားခဲ့သည်။
သူ့စိတ်ထဲတွင် ယန်ယဲ့ ကို တစ်နေရာရာတွင်
မြင်ဖူးသလို ခံစားလိုက်ရလေသည်။

"ဒါပေမယ့် ငါသူ့ကို ဘယ်မှာတွေ့ဖူးလဲ?"

...

ယန်ယဲ့သည် လုဟိုင် နှင့်

အခြားသူများနောက်သို့ ပြေးလိုက်ရန်

မရည်ရွယ်ခဲ့ပေ။

အခြားလမ်းကြောင်းတစ်ခုကိုသာ

ရွေးချယ်လိုက်၏။

"ယန်ယဲ့! ခွေးကောင်။ မင်းအသက်က

ငါ့အပိုင်ပဲ။" ထိုအချိန်မှာပင် လဲ့ချန်းယွမ်

၏ဒေါသတကြီးအော်ဟစ်သံ

သူ့နောက်ကနေ

ရုတ်တရက်ထွက်ပေါ်လာသည်ကို
ကြားလိုက်ရသည်။

ယန်ယဲ့က မလှုပ်မယှက် ရပ်လိုက်ပြီး
နောက်လှည့်ကာ ဒေါသအမျက်ဖုံးနေသော
လဲ့ချန်းယွမ် ကိုကြည့်လိုက်ပြီးနောက်
ပါးစပ်ထောင့်တွင် ထူးဆန်းသော
အပြုံးတစ်ခု ပေါ်လာသည်။
နှင်းခဲအလင်းဓားက ရုတ်တရက်
အနည်းငယ် တုန်ခါသွားပြီးနောက်

သူ့လက်ထဲတွင် အလင်းအသံလှိုင်းများ ပေါ်လာသည်။

"ယန်ယဲ့! မင်းတကယ်ပဲ အံ့အားသင့်စရာကောင်းတဲ့ တိုက်ခိုက်မှုကို စတင်ခဲ့တာ။ မင်းက ဓားအင်ပါယာ ဂုဏ်ပုဒ်နဲ့မတူဘဲ တကယ် စက်ဆုပ်ရွံရှာစရာကောင်းပြီး အရှက်ကင်းမဲ့တဲ့သူလို့ခေါ်ရမယ်!" လဲ့ချန်းယွမ် က သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ

အနက်ရောင်တလက်လက်တောက်ပနေသည့် သံမဏိလုံရှည်တစ်ချောင်း လက်ထဲတွင် ရောက်လာသည်။

ဤအခိုက်အတန့်တွင် သူ့လက်ထဲရှိ အနက်ရောင်သံမဏိလုံရှည်က အဆက်မပြတ်တုန်လှုပ်နေပြီး လဲ့ချန်းယွမ်၏အမျက်ဒေါသကို သိသာနေပေသည်။

"ငါက စက်ဆုပ်ရွံရှာပြီး အရှက်မရှိတာလား?" ယန်ယဲ့က

လှော်ပြောင်ရယ်မောလိုက်သည်။ "
မင်းတို့အားလုံး ဒီကို ဘာအတွက်
လာတာလဲ? ငါ့ကိုသတ်ဖို့လာခဲ့တာလေ။
မင်းတို့အားလုံးရဲ့ကျင့်ကြံမှုက
ဘယ်နယ်ပယ်မှာရှိနေကြတာလဲ? ငါ့ရဲ့
ကျင့်ကြံမှုကရော? ဘာလဲ? မင်းက
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နဲ့ ငါလို
ဝိညာဉ်နယ်ပယ်အလွှာအဆင့်ကျွမ်းကျင်သူ
တစ်ယောက်ကို လိုက်ပြီး
သတ်ချင်နေတာမဟုတ်လား? ဒါတောင်
ငါ့ကို စက်ဆုပ်ရွံရှာဖွယ် အရှက်မရှိသူလို့

ခေါ်နေသေးတာလား? မင်းက
လူအစစ်ဆိုရင် ငါ့ကိုမရှာခင် ငါ
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် ကို ရောက်ဖို့
မင်းစောင့်နေမှာလား? မင်းဒါကို
သေချာမလုပ်ဝံ့ဘူးဆိုတာ ငါသိတယ်!”

လဲ့ချန်းယွမ် က တစ်ခုခုပြောရန်
ရည်ရွယ်လိုက်သော်ငြား၊ ယန်ယဲ့က
သူ့လက်ကို ငှေ့ယမ်းပြီး
“အမှိုက်စကားတွေကို ရပ်လိုက်။
ဗဟိုနယ်မြေရဲ့အင်အားစုအသီးသီးက

မင်းတို့တွေ ဘယ်လောက်
အရှက်မဲ့တယ်ဆိုတာ ငါသိတယ်။
ဒါပေမဲ့ ကောင်းပြီ၊ ငါ့အတွက်
စေလွှတ်လိုက်တဲ့ ပညာရှင်တိုင်းကို
ငါသတ်ပစ်မယ်။ မင်းနဲ့အဆင့်တူတဲ့
ပါမီရှင်တွေ
ဘယ်လောက်များများလွှတ်နိုင်မလဲဆိုတာ
ငါကြည့်ပါရစေ။”

ယန်ယဲ့ ထိုစကားပြောပြီးသည်နှင့်
လဲ့ချန်းယွမ် ၏ဘေးနားတွင် အနက်ရောင်

အရိပ်တစ်ခု ရုတ်တရက်
ထွက်ပေါ်လာသည်။

အနက်ရောင်အရိပ်က လှဲချန်းယွမ် ရှေ့တွင်
ရုတ်ချည်းပေါ်လာပြီး
အေးစိမ့်စိမ့်ဓားမြှောင်တစ်ချောင်းက
သူ့လည်ပင်းကို ထိုးသွင်းလိုက်သည် ။

လှဲချန်းယွမ် ၏ အမူအရာ အနည်းငယ်
ပြောင်းလဲသွားပါသည်။

ယန်ယဲ့ ဘေးနားတွင်
လှျို့ဝှက်အကူအညီတစ်ခုရှိနေလိမ့်မည်ဟု
သူ မမျှော်လင့်ထားပေ။

လဲ့ချန်းယွမ် က
ကမန်းကတမ်းရှောင်တိမ်းရန်ပြင်လိုက်ချိန်
တွင် သူ့ဘေးနားကနေ
အသံနှစ်ခုထွက်လာသည်ကို
ကြားလိုက်ရသည်။
"လေဟာနယ်ချုပ်နှောင်ခြင်း!"

သူ့ပတ်ဝန်းကျင်ရှိ
အာကာသဟင်းလင်းပြင်အေးခဲသွားကြော
င်း သတိပြုမိသည့်အခါ လှဲချန်းယွမ်
၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။

သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်များ
တဟုန်ထိုးပေါက်ကွဲထွက်လာပြီး
လက်ထဲက အနက်ရောင်လှံရှည်ထဲသို့
စီးဝင်သွားသည်။

ထို့နောက် တုန့်ဆိုင်းမနေဘဲ
လက်ကိုမြှောက်ကာ
အာကာသဟင်းလင်းပြင် အတားအဆီးကို
ထိုးချလိုက်၏။

တစ်ချိန်တည်းတွင်
သူ၏ဘယ်လက်ဝါးကိုဆန့်ထုတ်ကာ
လက်သီးဆုပ်လိုက်ပြီး ဓားမြှောင်ကို
တန်ပြန်ထိုးလိုက်သည်။

အုန်း! အုန်း!

သူ့လက်သီးက ခါးပြောင်ကို
ပိတ်ဆို့ထားနိုင်လိုက်ကာ
အာကာသဟင်းလင်းပြင်
အတားအဆီးကလည်း
ကွဲအက်သွားခဲ့သည်။

လဲ့ချန်းယွမ်က
သက်ပြင်းတစ်ချက်ချလိုက်ချိန်တွင်
ရွှေရောင်ကြိုးတစ်ချောင်းက
သူ့ရှေ့တည့်တည့်လေထုထဲကနေ
ထွက်ပေါ်လာသည်။

ဘာ! ရုတ်တရက် ရွှေရောင်ကြိုး ကို
မြင်တွေ့ပြီးနောက် ထိတ်လန့်သွားမိသည်။

"ဒါက တာအိုရတနာလက်နက် တစ်ခုပဲ!"

ထိုအချိန်တွင်
အလွန်ပြင်းထန်ပြီးကြောက်မက်ဖွယ်
ဓားကြိုးတစ်ချောင်းက
တောင်ကြီးတစ်လုံးကဲ့သို့ သူ့အပေါ်
ဖိနှိပ်လာသည်ကို သတိပြုမိလိုက်၏။

ဓားစိတ်ဆန္ဒ ။ အဆင့် ၉ ဓားစိတ်ဆန္ဒ ။....

လှဲ့ချန်းယွမ် ၏ အော်ရာက ရုတ်ချည်းပင်
နေးကွေးသွားကာ ရွှေရောင်ကြိုးကလည်း
သူ့ပတ်ဝန်းကျင်လေထုအား
ချည်နှောင်သွားခဲ့လေသည်။

လှဲ့ချန်းယွမ် က
အကြီးအကျယ်ထိတ်လန့်သွား၏။သူ့ခန္ဓာကို
ယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်ကို
ကမန်းကတန်းထုတ်ဖော်ရန်ပြင်လိုက်စဉ်မှာ
ပဲ ဓားတစ်ချောင်းက
သူ့နဖူးအလယ်တည့်တည့်သို့

ထိုးသွင်းလာသည်ကိုသာ
သတိပြုမိလိုက်တော့သည်။

ယန်ယဲ့က လဲ့ချန်းယွမ် ကိုကြည့်ကာ
လျှောင်ပြောင်လိုက်သည်။
"မင်းကဒီလောက် အားနည်းနေမယ်လို့
ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။
ဓားတစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားပြီ။ မင်းရဲ
မွေးဖွားခြင်းဂိုဏ်း က ငါ့ကိုသတ်ဖို့
တကယ်စေလွှတ်တဲ့

အရည်အချင်းရှိတဲ့သူတစ်ယောက်မှ မရှိတာဖြစ်နိုင်မလား?"

"ယန်ယဲ့! မင်းက အံ့အားသင့်စရာကောင်းတဲ့ တိုက်ခိုက်မှုတစ်ခု... ဟုတ်လား? မင်းက တာအိုရတနာလက်နက်တွေနဲ့ ပြင်ပအကူအညီတွေကိုအသုံးပြုလို့ အောင်မြင်ခဲ့တာပဲ။ ငါ့အရှုံးကို ငါမယုံဘူး!" လဲ့ချန်းယွမ်က ယန်ယဲ့ကို ဒေါသတကြီး စိုက်ကြည့်နေခဲ့သည်။

"မင်း ယုံကြည်နေဖို့ မလိုဘူး!" ယန်ယဲ့ က
“ငါမင်းကို မသတ်ရသေးတဲ့
အကြောင်းရင်းက မင်းကို
တစ်ခုခုမေးချင်လို့ပဲ။ ငါ့ကို ဖြေဖို့ ဒါမှမဟုတ်
မဖြေဖို့ရွေးချယ်နိုင်တယ်။ မင်းသေသွားရင်
မွေးဖွားခြင်းဂိုဏ်း က ငါ့ကိုသတ်ဖို့
ဘယ်သူကို စေလွှတ်မယ်လို့
မင်းထင်လဲ?ပညာရှင်တစ်ယောက်ပဲလား
ဒါမှမဟုတ် မြောက်မြားစွာပါနိုင်လား?"

"ကြောက်နေတာလား?" လဲ့ချန်းယွမ် က အေးစက်စွာ ရယ်မောလိုက်ပြီး "မင်းကို ငါပြောပြမယ်လို့ ထင်လား?" သူက ငြင်းဆန်သလို ပြုမူနေသော်လည်း စိတ်ထဲတွင် သက်ပြင်းချမိသည်။

"ဒီယန်ယဲ့က ဒီလိုမျိုး ညှိနှိုင်းနိုင်လို့ တောင်းဆိုထားတာလား? ဒါဆိုရင်တော့ အဆင်ပြေမှာပါ။"

ယန်ယဲ့ က ခေါင်းညိတ်ပြလိုက်ပြီး "ဒီလိုမျိုးဆိုမှတော့ မင်း...သေနိုင်တယ်!"

ထိုစကားပြောပြီးသည်နှင့်
အလင်းအသံလှိုင်းဓား က လွဲချန်းယွမ်
နဖူးကို တည့်တည့်ထိုးခွဲသွားခဲ့သည်။

လွဲချန်းယွမ် ၏မျက်လုံးများက
ပြူးကျယ်သွားကာ  မယုံနိုင်စရာများဖြင့်
ပြည့်နှက်နေခဲ့ပါသည်။

သူ သေဆုံးသွားချိန်တွင်ပင် ထိုကဲ့သို့
သေဆုံးသွားမည်ဟု မယုံကြည်နိုင်ခဲ့ပေ။

"ငါ့ရဲ့ခွန်အားကို အပြည့်အဝ မပြရသေးဘူး။ ငါ့ဓားနည်းစနစ်တွေ… ငါ့ဝှက်ဖဲတွေ…. ငါအဲဒါတွေကို တစ်ခုမှ အသုံးမချရသေးဘူးလေ။ ငါ… ငါ ညှိနှိုင်းချင်ရုံသက်သက်ပဲလေ၊ အဲဒါကို လျှို့ဝှက်ထားဖို့ မစဉ်းစားဖူးဘူး…။

သို့သော်လည်း

စကားတစ်ချက်အမှားကြောင့်

ပြန်ပြင်မရနိုင်သည့် ထာဝရနောင်တရားဖြင့်

သေဆုံးသွားခဲ့ပါပြီ…။

ဆက်ရန်

၅၃၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၁ –

ကေရာဇ်အဆင့်စွမ်းအားရှင်(သိုင်းကေရာဇ်)

(###ကေရာ်အဆင့် ကို သိုင်းကေရာ်
လို့ပြောင်းလဲရေးသားပါမည်။
အဆင့်နာမည်လိုသွားတဲ့အတွက်
အားလုံးကို တောင်းပန်ပါရစေ🙏🙏🙏)

"မွေးဖွားခြင်းဂိုဏ်း.... ။"

"လဲ့ချန်းယွမ် သေပြီ!" မွေးဖွားခြင်းဂိုဏ်း
၏ဂိုဏ်းသခင် ရှွမ်ရှောင်ဇီက
ထိုစကားကိုပြောလိုက်ချိန်တွင်

ခန်းမတစ်ခုလုံး ရုတ်ချည်းပင် လုံးဝ
တိတ်ဆိတ်သွားခဲ့သည်။

မွေးဖွားခြင်းဂိုဏ်း မှ အကြီးအကဲများ နှင့်
တပည့်များအားလုံးပင်လျှင် ၎င်းတို့
ဂိုဏ်းခင်ကို မယုံကြည်နိုင်စွာ
စိုက်ကြည့်နေကြသည်။

အကယ်၍ ထိုစကားများကို ပြောခဲ့သူမှာ
ရွှမ်ရှောင်ဇီ မဟုတ်လျှင်

ထိုသတင်းနှင့်ပတ်သက်၍ လူတိုင်း သံသယဝင်မည်မှာ မလွဲပေ။

ခဏအကြာတွင် အကြီးအကဲတစ်ယောက်က မယုံနိုင်စွာဖြင့် မေးလိုက်လေသည်။ "ဂိုဏ်းသခင်! လဲ့ချန်းယွမ် က ယန်ယဲ့ ရဲ့လက်ထဲမှာ သေသွားတာလား?"

ရှမ်ရှောင်ဇီ က ခေါင်းညိတ်လိုက်သည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?" ထို အကြီးအကဲ က မယုံကြည်နိုင်စွာနှင့် ထပ်ပြောလိုက်၏။ "ဂိုဏ်းသခင်! အားလုံးက သံသယမရှိပေမဲ့ သူပိုင်တဲ့ စွမ်းအားနဲ့ဆို လဲ့ချန်းယွမ်က အဆင့်နိမ့် ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူရဲ့လက်ထဲမှာ ဘယ်လို သေဆုံးသွားနိုင်မလဲ? ဒါ့အပြင် လဲ့ချန်းယွမ် မသွားခင် သူ့ဘေးနားမှာ ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

နတ်ဆိုးတစ်ကောင်လည်းရှိနေတယ်လေ။ တစ်စုံတစ်ယောက်က ယန်ယွဲ့ ကို ကူညီပေးလိုက်တာများလား?"

ရွှမ်ရှောင်ဇီ က "လဲ့ချန်းယွမ် ဘယ်လိုသေဆုံးသွားတယ်ဆိုတာ ဘယ်သူမှ မသိပါဘူး။ ဒါပေမဲ့ အကြီးအကဲ ရွှမ်ကုန်း ရဲ့ အစေခံနတ်ဆိုး သေတာကိုတော့ လူတိုင်းမြင်တွေ့ခဲ့ရတယ်။ အကြီးအကဲ ရွှမ် ရဲ့နတ်ဆိုးက ဘယ်လောက်ကြောက်စရာကောင်းပြီး

ရုပ်ခန္ဓာအကာအကွယ်သန်မာအားကောင်း
တာကို
မင်းတို့အားလုံးလည်းသတိပြုမိမှာပါ။
တကယ်တမ်း မင်းတို့တွေ မယုံနိုင်စရာ
ဖြစ်ကောင်းဖြစ်နိုင်ပေမဲ့ ယန်ယဲ့က
ဓားတစ်ချက်တည်းနဲ့ အသုံးပြုပြီး ဒီ
ကိုသတ်ပစ်လိုက်တာ။”

ထိုစကားကြောင့် ခန်းထဲမှ လူတိုင်း
၏အမူအရာများ ပြောင်းလဲကုန်ကြသည်။

"နောက်ထပ်တစ်ခုရှိသေးတယ်၊
မင်းတို့အားလုံး သတိမပြုမိကြသေးပေမဲ့
သူ့ရဲ့ ဓားစိတ်ဆန္ဒ က အဆင့် ၉
ကိုရောက်သွားပြီ!" ရွှမ်ရှောင်ဇီ က
တိတ်ဆိတ်နေသည့် လူအုပ်ကြီးကို
နောက်ထပ်စွမ်းအင်ဗုံးတစ်လုံး
ပစ်လွှတ်လိုက်သည်။

ရှူး!

လူအားလုံး အံဩတုန်လှုပ်သွားပြီး
မျက်လုံးထဲတွင် ကိုယ်စီ
တုန်လှုပ်ခြောက်ခြားဟန်များပေါ်လာခဲ့၏။

ရွှမ်ရှောင်ဇီ က သက်ပြင်းချလိုက်သည်။
"ငါတို့ ဝန်ခံတာပဲဖြစ်ဖြစ်
ဘယ်လိုပဲငြင်းဆန်နေနေငါ့မွေးဖွားခြင်းကို
ကျင်းမှာ ဘယ်သူမှ သူပြိုင်ဖက်မရှိဘူး။
ရုတ်စွအဆုံး ပြောရမယ်ဆိုရင်
ဗဟိုနယ်မြေတစ်ခုလုံး

အဆင့်တူနယ်ပယ်မှာ ဘယ်သူမှ

သူ့ကိုယှဉ်နိုင်မဲ့သူမရှိဘူး။

တကယ်လို့ အဲဒီလူသာ

ချီးမြှောက်ခြင်းနယ်ပယ် ကိုရောက်သွားရင်

သိုင်းကျောင်း တွေသာ ဝင်မပါဘူးဆိုရင်

သူက ချီးမြှောက်ခြင်းနယ်ပယ်မှာ

သေချာပေါက် ပြိုင်ဖက်ကင်းဖြစ်လိမ့်မယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး

မင်းတို့ရဲ့ထင်မြင်ယူဆချက်တွေကို

ငါကြားချင်လို့ အားလုံးကို

ဒီမှာစုစည်းခိုင်းလိုက်တာ။”

“သူ့ကို အသက်ရှင်ခွင့်ပေးလို့မရဘူး။ သူ့ကို ဖယ်ရှားပစ်ရမယ်! ဒီလိုမှမဟုတ်ရင် သူက ငါတို့ မွေးဖွားခြင်းဂိုဏ်း အတွက် ကြောက်စရာကောင်းတဲ့ ရန်သူဖြစ်လာလိမ့်မယ်။” အကြီးအကဲတစ်ယောက်က အသံတိုးတိုးနှင့် ပြောလေသည်။

"ငါတို့ ဒီအဖြစ်အပျက်ကို ခဏလောက်မေ့ထားရအောင်။"

ထိုစကားပြောလိုက်သူက

လူငယ်တစ်ယောက်ပါ။

လူငယ် ၏နာမည်က ရွှမ်ကုန်းဇီ ဖြစ်ပြီး

မွေးဖွားခြင်းဂိုဏ်း

၏အဓိကတပည့်တစ်ဦးဖြစ်သည်။

ထို့အပြင် ၎င်းက

ပို၍ပင်မြင့်မားသောအဆင့်အတန်းကို

ပိုင်ဆိုင်ထား၏။

ထိုအဆင့်အတန်းက လက်ရှိ ဂိုဏ်းသခင်

ရွှမ်ရှောင်ဇီ ၏မြေး ပါ။

အကြီးအကဲ အများစုက ရှမ်ကုန်းဇီ

၏စကားကိုကြားလိုက်သောအခါ

တော်တော်များများမျက်မှောင်ကြုတ်ကာ

မကျေမနပ်ဖြစ်နေကြသည် ။

သို့သော်လည်း အားလုံးက ရှမ်ကုန်းဇီ

၏အဆင့်အတန်းကြောင့်

လှောင်ပြောင်ဝံ့ခြင်းတော့မရှိကြပေ။

ရွှမ်ရှောင်ဇီ က သူ၏မြေးဖြစ်သူကို ကြည့်ကာ ပြုံးပြီး မေးလိုက်သည်။
"ဘယ်လိုကြောင့်ပါလိမ့်?"

ရွှမ်ကုန်းဇီ က လေးလေးနက်နက် စဉ်းစားဟန်ပြုပြီးမှ ပြောပါသည်။
"တကယ်တော့ ငါတို့ကို မြင့်မြတ်သောဟန်အင်ပါယာက အသုံးချခဲ့ပြီးပြီ၊ မဟုတ်ဘူး...တိတိကျကျပြောရရင် လှော့ကျန်း ပဲ!"

"ဆက်ပြောပါ!" ရွှမ်ရှောင်ဇီ၏မျက်လုံးများတွင် ချီးမွမ်းသည့်အရိပ်အယောင် ပေါ်လာသည်။

ရွှမ်ကုန်းဇီ က ခန်းမထဲရှိ လူတိုင်း ကို တစ်ချက်ကြည့်လိုက်ရင်း "အကြီးအကဲတို့၊ အဲဒီအဓိကအချက်ကို သေချာစဉ်းစားပါ။ မြင့်မြတ်သောဟန်အင်ပါယာပိုင်ဆိုင်တဲ့ စွမ်းအားနဲ့ဆိုရင် သိုင်းကောရာဇ် အဆင့်

တွေကို မစေလွှတ်နိုင်ရင်တောင် ယန်ယဲ့ ကိုသတ်ဖို့ ခက်ခဲနိုင်မှာလား?

ယန်ယဲ့က တကယ်ပဲ သန်မာတယ်ဆိုတာ ဝန်ခံတယ်။ သူက တစ်ပြိုင်တည်း ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀ ယောက်ကို အသာလေးသတ်ပစ်နိုင်တယ်။ ဒါပေမဲ့ သူက အယောက် (၁၀၀) ဒါမှမဟုတ် (၂၀၀) လောက်ကို သတ်နိုင်ပါ့မလား?

အဖြေကတော့ မဖြစ်နိုင်ဘူး! ဒါပေမဲ့ လော့ကျန်း က  အဲဒါကို မလုပ်ခဲ့ဘူးလေ။ သူက ဆုကြေးထုတ်ပေးပြီး အဲဒီအစား

လူတိုင်းကို ဆွဲဆောင်နိုင်တဲ့
ဆုလာဘ်တွေကို ပေးခဲ့တယ်။
ဒါ့အပြင် ငါတို့လို ဂိုဏ်းတွေ နဲ့
အင်အားစုအသီးသီးအတွက်တောင်
ငြင်းလို့မရတဲ့ ဆုလာဘ်တွေလေ။အဲဒါကို
သေချာစဉ်းစားပါ။ ဒါကပုံမှန်လား?"

အားလုံးက လေးလေးနက်နက် အတွေးထဲ
ရောက်သွားကြသည်။

ရွှမ်ကုန်းဇီ က ဆက်ပြောလိုက်၏ ။

“ငါတို့ပိုင်ဆိုင်ထားတဲ့ ခွန်အားတွေကို ကုန်ဆုံးဖို့ရည်ရွယ်ချက်နဲ့ ယန်ယွဲ့ကိုသတ်ဖို့ကြံစည်တာကလွဲရင် တခြားမဟုတ်ပါဘူး။ ပြောစရာမလိုအောင် သူ့ရဲ့အကြံအစည်က အောင်မြင်သွားပြီ။ အနည်းဆုံးတော့ ငါတို့ရဲ့ မွေးဖွားခြင်းဂိုဏ်းက ပါရမီရှင်နှစ်ယောက် ဆုံးရှုံးခဲ့တယ်။ ဒါ့အပြင် အကြောင်းပြချက်မရှိဘဲ ငါတို့က ယန်ယွဲ့ နဲ့ ရန်သူတွေတောင် ဖြစ်သွားခဲ့ပြီ။”

ထိုစကားပြောပြီးသည်နှင့် ရွှမ်ကုန်းဇီ က
နောက်ပြန်ဆုတ်ကာ ဂိုဏ်းသခင်
၏ဘေးနားတွင်ရပ်နေလိုက်သည်။

အကြီးအကဲ အားလုံး ရွှမ်ကုန်းဇီ ကို
စိုက်ကြည့်လိုက်ကြပြီး
၎င်းတို့မျက်လုံးထဲတွင် ချီးမွမ်းလိုသော
အရိပ်အယောင်များ
ထင်ရှားစွာထွက်ပေါ်နေပါသည်။

"ဒါပေမယ့် ငါတို့ ယန်ယဲ့ ကိုသတ်နိုင်ရင်
လော့ကျန်း ကတိပေးထားတဲ့အရာတွေကို
ရနိုင်မှာမဟုတ်ဘူးလား?
တောင်ပိုင်းနယ်မြေ စစ်ရှုံးသွားတာနဲ့
ငါတို့က အဲဒီမှာ
စိတ်ကြိုက်လုပ်လို့ရပြီမဟုတ်လား? အဲဒါ
ဘာပဲဖြစ်ဖြစ် ငါတို့ဂိုဏ်းအတွက်
အရမ်းအရေးကြီးတယ်!”
အကြီးအကဲတစ်ဦးက
လက်မလျှော့လိုဟန်ဖြင့် ပြောလိုက်သည်။

ရွှမ်ရှောင်ဇီ က ခေါင်းခါပြီး "ဒါက တကယ်အရေးကြီးပါတယ်။ ဒါပေမဲ့ အဲဒါမတိုင်ခင် ငါတို့အားလုံး အကြီးအကျယ် ဆုံးရှုံးနိုင်တယ်။

အားလုံးက ဖြစ်နိုင်ချေကို မတွေးမိကြဘူးလား? ဒီလိုကတိတွေက ပါးစပ်ကနေ ထွက်လာတဲ့ စကားသက်သက်ပဲလေ။ အနာဂတ်က မတူညီတဲ့အဖြစ်အပျက်တွေ၊ အခြေအနေတွေနဲ့ ပြည့်နေတာ။

ဒီတော့ အနာဂတ်မှာ သူက ဒီကတိကို
အကောင်အထည်ဖော်နိုင်မယ်လို့
ဘယ်သူအာမခံနိုင်လဲ? အတိုချုပ်ပြောရရင်
အခုအချိန်ကစလို့ ငါ့ရဲ့မွေးဖွားခြင်းဂိုဏ်းက
တပည့်တွေကို ယန်ယဲ့ နဲ့ပတ်သက်ပြီး
ဘာမှဝင်မရှုပ်ရဘူးဆိုတာ
တားမြစ်ထားတယ်။

ယန်ယဲ့ ကို လိုက်ရှာဖို့ ဂိုဏ်းကနေ
ထွက်သွားတဲ့ တပည့်တွေကို
အကုန်ပြန်ခေါ်လိုက်ကြ။ ငါ့အမိန့်ကို

မနာခံတဲ့သူတွေကို ဂိုဏ်းကနေ
နှင်ထုတ်ပစ်မယ်!”

ထိုအခိုက်အတန့်တွင် အဘိုးအိုတစ်ဦးက
ခန်းမထဲသို့ အလျင်စလိုဝင်လာပြီး
"ဂိုဏ်းသခင်! အကြီးအကဲ ရှမ်ဂုန်း
ထွက်သွားပြီ။"

ထိုစကားကိုကြားသောအခါ ရှမ်ရှောင်ဇီ
၏အမူအရာကပြောင်းသွားပြီး
ကျိန်ဆဲလိုက်သည်။

"အဲ့ဒီလူမိုက်!နတ်မိစ္ဆာကောရာဇ်က နှောက်ပြောင်နေတယ်ထင်လို့လား?" ထိုစကားပြောပြီးသည်နှင့် ခန်းမထဲကနေ ရုတ်ချည်း ပျောက်ကွယ်သွား၏။

...

"အဲ့ဒီနေရာကို မကြာခင်ရောက်ဖို့ မျှော်လင့်တယ်။ " ယန်ယဲ့က သက်ပြင်းချကာ ရေရွတ်လိုက်ပါသည်။

သူက ငွေရောင်လင်းယုန်ဘုရင်
အသုံးပြုရှာဖွေခဲ့ပြီးနောက် လုပ်ပိုင် နှင့်
အခြားသူများရှိရာကို
ချက်ချင်းတွေ့ရှိခဲ့သည်။
သို့သော် ၎င်းတို့အားလုံး
အနည်းငယ်ဆိုးရွားသော အခြေအနေတွင်
ရှိနေပုံရ၏။

ယန်ယဲ့က ထိုအဖွဲ့ကို ကူညီရန်
ထွက်ခွာခါနီးတွင်
အလွန်ကြောက်စရာကောင်းသော

အငွေ့အသက်တစ်ခု မိုးကုတ်စက်ဝိုင်းမှ
ရုတ်တရက်
ပျံ့လွင့်လာသည်ကိုသတိပြုမိသွားခဲ့လေသ
ည်။

ထိုအရှိန်အဝါ ပြန့်နှံ့လာပြီးနောက်
လေထုတစ်ခုလုံး
အမှုန့်ဖြစ်ကာ အာကာသဟင်းလင်းပြင်
ပင်လျှင်အက်ကြောင်းများထပ်သွား၏။

ကေရာဇ်အဆင့်စွမ်းအားရှင်
(သိုင်းကေရာဇ်အဆင့် ကျွမ်းကျင်သူ။)

ဤအငွေ့အသက်တစ်ခုတည်းနှင့် ယန်ယဲ့
၏စိတ်ထဲတွင် သိုင်းကေရာဇ်အဆင့်
ကျွမ်းကျင်သူ
ဖြစ်ကြောင်းသတိပြုမိသွားခဲ့ပါသည်။

အကြောင်းမှာ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များက
ထိုကဲ့သို့ ကြီးကျယ်ခမ်းနားသော

အရှိန်အဝါ၊ အငွေ့အသက်ကို
ထုတ်လွှတ်နိုင်စွမ်းမရှိပေ။

" မွေးဖွားခြင်းဂိုဏ်း က သူတို့ရဲ့
ဂုဏ်သိက္ခာကိုတောင်မထိန်းနိုင်တော့ဘူး
လား? သိုင်းကျောဇ်
တစ်ယောက်ကိုတောင်
စေလွှတ်လိုက်တယ်ပေါ့လေ။"

ယန်ယဲ့က အေးစက်စက်ပြုံးလိုက်ကာ
သူ့ခန္ဓာကိုယ်ထဲမှ အဆင့် ၉ ဓားစိတ်ဆန္ဒ

ကိုထုတ်ဖော်ပြီး ကြောက်စရာကောင်းသော
ဖိအားကို ခုခံလိုက်သည်။

အဆင့် ၉ ဓားစိတ်ဆန္ဒ က
၎င်းကိုခုခံနိုင်လိုက်သော်ငြား ယန်ယဲ့
၏ခန္ဓာကိုယ်တစ်ခုလုံး
ပြင်းထန်စွာတုန်ယင်သွားခဲ့ရသည်။

သိပ်မကြာခင်မှာပဲ၊ အဘိုးအိုတစ်ယောက်က
ယန်ယဲ့ရှေ့တွင် ပေါ်လာသည်။

အဘိုးအို ၏မျက်လုံးများက ယန်ယဲ့ ကို စိုက်ကြည့်ရင်း ဖုံးကွယ်မထားသည့် သတ်ဖြတ်ခြင်းအငွေ့အသက်များ ထွက်ပေါ်နေပါသည်။

"မင်းက ငါ့အစေခံနတ်ဆိုးကို သတ်လိုက်တဲ့သူလား?" အဘိုးအိုက ချက်ချင်းတန်းမေးလိုက်သည်။

ယန်ယဲ့က ငြင်းဆန်မနေဘဲ ခေါင်းညိတ်ပြပြီး "တကယ် ငါပဲလေ!"

သူ့မျက်နှာက အလွန်တည်ငြိမ်နေသည့်တိုင်
စိတ်ထဲတွင်တော့
အလွန်အမင်းတုန်လှုပ်နေ၏။

"သိုင်းကျောင်း တစ်ယောက်က ငါ့ကို
လာပြီးတိုက်ခိုက်နေပြီလေ။
နတ်မိစ္ဆာကျောင်းက
ဘာလို့ပေါ်မလာသေးတာလဲ? ချီး!
သူ့ကိုယ်သူ မပြသေးရင် ဒီနေရာမှာ
ငါသေတော့မယ်။"

"ဒါဆိုသေလိုက်!" အဘိုးအိုက ရုတ်တရက် သူ့ညာဖက်လက်ဝါးကို မြှောက်ကာ ယန်ယဲ့ကို လှမ်းရိုက်ချလိုက်လေသည်။

ယန်ယဲ့ ၏ခေါင်းအထက်တွင် ရောမလက်ဝါးကြီးတစ်ဖက် ထွက်ပေါ်လာသည်။

ယန်ယဲ့က ၎င်းကို ကြည့်နေရုံသာဖြစ်ပြီး တားဆီးရန်မကြိုးစားခဲ့ပေ။

နောက်ဆုံးတွင်တော့ သိုင်းကေရာဇ်
တစ်ယောက် ၏တိုက်ခိုက်မှုက လက်ရှိ
သူရင်ဆိုင်နိုင်သောအရာမဟုတ်ပေ။

ရောမလက်ဝါးကြီးက ယန်ယဲ့
ခေါင်းပေါ်သို့ရိုက်ချလာချိန်တွင်
ပတ်ဝန်းကျင်ရှိ ကြားကွက်လပ်အလွှာများ
ရုတ်တရက် အေးခဲသွား၏။

ယန်ယဲ့က ထိုအခြေအနေကို ခံစားလိုက်ရသောအခါ ချက်ချင်းပင် သက်သာရာရစွာ သက်ပြင်းချလိုက်သည်။

"ကံကောင်းစွာပဲ၊ နတ်မိစ္ဆာကေရာဇ်က အရေးကြီးတဲ့အချိန်မှာ အမှီရောက်လာခဲ့တာပဲ။"

သို့သော်လည်း ယန်ယဲ့ က စိတ်ထဲတွင် ရုတ်တရက် သိချင်မိသွား၏။ "ဒါနဲ့ ငါ့အန္တရာယ်ရှိမှန်း သူဘယ်လိုသိတာလဲ?"

ထိုအချိန်တွင် အဘိုးအို ၏အမူအရာလည်း

ပြောင်းသွားသည်။

နတ်မိစ္ဆာကေရာဇ် ရောက်ရှိနေကြောင်း

သူလည်း သိထား၏။

တစ်ချိန်တည်းတွင် အဘိုးအို

၏အမူအရာကအနည်းငယ်

ဆိုးရွားလာခဲ့သည်။

နတ်ဆိုးနယ်မြေ ၏အရှင်သခင်ဖြစ်သည့်

နတ်မိစ္ဆာကေရာဇ် က

ဝိညာဉ်နယ်ပယ်အလွှာအဆင့်နိမ့်

လူသားပုရွက်ဆိတ်တစ်ကောင်အား

အမှန်တကယ် အာရုံစိုက်နေလိမ့်မည်ဟု
သူမထင်ထားခဲ့ပေ။

အစောပိုင်းတွင် နတ်မိစ္ဆာကေရာ့ဇ် က
လေဟာနယ်ထိန်းချုပ်ခြင်းကို
အသုံးပြုခဲ့သော်ငြား လက်ရှိအချိန်ထိ
ကိုယ်ထင်မပြသေးပေ။

အဘိုးအိုက သူ့စိတ်ထဲတွင်
နတ်မိစ္ဆာကေရာ့ဇ် နှင့် မယှဉ်နိုင်ကြောင်းကို
ကောင်းစွာသိထား၏။

အကယ်၍ သူသာ ယခုအချိန်တွင်
လှည့်၍ထွက်ပြေးပါက နတ်မိစ္ဆာကောရာဇ်
နှင့် ရင်ဆိုင်နေစရာမလိုပေ။
သို့ရာတွင် အဘိုးအိုက ယန်ယဲ့ကို
မသတ်ဘဲပြန်ထွက်မသွားလိုပါ။

အဘိုးအိုက ခဏတာတုံ့ဆိုင်းသွား၏။
ရုတ်တရက်ပင် သူ့မျက်နှာပေါ်၌
ရက်စက်ကြမ်းကြုတ်သောအမူအရာများ
ပေါ်လာလေသည်။

ထို့နောက်တွင် အဘိုးအိုက
ညာဖက်လက်ဝါးကိုဆန့်ထုတ်ကာ ယန်ယဲ့
ဆီသို့ ထပ်မံ ရိုက်ချလိုက်သည် ။

လက်ဝါးကြီး ဖြတ်သွားရာနေရာတိုင်း
အာကာသဟင်းလင်းပြင်က
ချက်ချင်းပြိုကျသွားပြီး ယန်ယဲ့ကို
ကာကွယ်ပေးထားသည့်
အာကာသပြင်အတားအဆီးပင်လျှင်
မရေမတွက်နိုင်သောအက်ကြောင်းများထပ်
လာခဲ့၏။

ယန်ယဲ့ ၏မျက်ခွံများ
အဆက်မပြတ်လှုပ်ယမ်းသွားသည်။
"ဒီလူအိုကြီးက ငါ့ကို မသတ်ဘဲ ထွက်သွားဖို့
မရည်ရွယ်ထားဘူးထင်တယ်!"

ထိုအချိန်တွင် အဘိုးအို ၏လက်ဝါးက
ယန်ယဲ့ ဆီသို့ တိုက်ရိုက်ကျဆင်းလာပြီး၊
ရုတ်တရက် လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအင်တစ်ခု ထွက်ပေါ်လာသည်။

ထိုစွမ်းအင်က ယန်ယဲ့
ကိုကာကွယ်ပေးထားသည့်
အာကာသဟင်းလင်းပြင် အတားအဆီးကို
ရိုက်ခတ်သွား၏။
ခဏအကြာတွင် အာကာသဟင်းလင်းပြင်
အတားအဆီးက
ကျယ်လောင်သောပေါက်ကွဲသံနှင့်အတူ
ကွဲထွက်သွားပါတော့သည်။

ထို့နောက်တွင် ယန်ယဲ့ ၏ပုံရိပ်ကလည်း
အနက်ရောင်အာကာသဟင်းလင်းပြင်ထဲမှ

တဖြည်းဖြည်း

ပျောက်ကွယ်လာခဲ့လေသည်။

ထိုမြင်ကွင်းကြောင့် အဘိုးအိုက

မျက်နှာပေါ်တွင်ကျေနပ်စွာ ပြုံးလိုက်၏။

ဆက်ရန်

၅၃၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၂ – နတ်မိစ္ဆာကောရာဇ် ရောက်လာခြင်း

အဘိုးအိုက ထွက်ခွာရန်ပြင်လိုက်ချိန်တွင် ယန်ယဲ့ အားဝါးမြိုနေသော အနက်ရောင်အာကာသဟင်းလင်းပြင်က ရုတ်ချည်းပင်ရပ်တန့်သွား၏။

ထို့နောက်တွင်တော့ အဘိုးအို၏မျက်လုံးများ ပြူးကျယ်နေကာ အနက်ရောင်အာကာသဟင်းလင်းပြင်

အက်ကြောင်းအတွင်းပိုင်းမှ

လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး

ဖြည်းညှင်းစွာ အံ့အားသင့်စွာ

ကြည့်နေလေသည်။

လူလတ်ပိုင်းအရွယ် အမျိုးသားက

လက်ထဲတွင်

အနည်းငယ်မျက်နှာဖြူဖျော့နေသည့် ယန်ယဲ့

ကိုကိုင်ထား၏။

"နတ်မိစ္ဆာကောင်ရာဇ်...။ "

အဘိုးအို ၏မျက်လုံးများက သိသိသာကို ကျဉ်းမြောင်းသွားပါတော့သည်။

အဘိုးအိုက တွန့်ဆုတ်မနေဘဲ ထွက်ပြေးရန်ပြင်လိုက်၏။

နတ်မိစ္ဆာကောရာဇ် ရှေ့တွင် အစွမ်းထက်ပညာရှင်တစ်ဦးကဲ့သို့ ဟန်ဆောင်နေခြင်းက သူ၏သေဆုံးခြင်းကို လွတ်မြောက်စေနိုင်မည်ဟုတ်ပေ။

အဘိုးအိုက ချက်ချင်းပင် အာကာသဟင်းလင်းပြင် ကို ဆုတ်ဖြဲကာ ထွက်ပြေးလိုက်သည်။

"မင်းက အခုမှ ထွက်ပြေးဖို့ ကြိုးစားနေတာလား?"

နတ်မိစ္ဆာကောရာဇ် က အေးစက်စက်အော်ဟစ်ရင်း ညာလက်ကိုဆန့်ကာ ၃ ကီလိုမီတာအကွာအဝေးကနေ အဘိုးအိုဆီသို့ဆုပ်ကိုင်လိုက်ပါသည်။

အဘိုးအို ၏ခန္ဓာကိုယ်က ချက်ချင်းဆိုသလိုပင် ရပ်တန့်သွားပြီး

သူ့အနီးနားရှိ အာကာသဟင်းလင်းပြင်က ဆင့်ကာဆင့်ကာ အထပ်ထပ် တုန်ခါလာသည်။

အဘိုးအိုက ဤမြင်ကွင်းကြောင့် အလွန်အမင်းထိတ်လန့်သွား၏။

ပတ်ဝန်းကျင်ရှိ အာကာသဟင်းလင်းပြင်ချုပ်နှောင်ခြင်း နှင့် လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်က အမှန်တကယ်ပင် သူ့အတွက် ခုခံရန် မဖြစ်နိုင်ပေ။

ဤအခိုက်အတန့်တွင် အဘိုးအို ၏စိတ်ထဲ၌ ဆန်းကြယ်တိုက်ကြီးတစ်တိုက်လုံးတွင် ကျော်ကြားခဲ့သည့် နတ်မိစ္ဆာကေရာဇ် မည်မျှထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသ ည်ကို အတိအကျ နားလည်သွားခဲ့ပါပြီ။

"နတ်မိစ္ဆာကေရာဇ်၊ ရပ်ပြီး ခဏလောက်စောင့်ပါ!" ထိုအချိန်တွင် ကီလိုမီတာ ၅၀၀ ကျော်အကွာကနေ စိုးရိမ်ထိတ်လန့်နေသည့် အသံလှိုင်းတစ်ခုပဲ့တင်ထပ်ကာ

အာကာသဟင်းလင်းပြင်ထဲကနေ
ရွှမ်းရှောင်ဇီ ၏ပုံရိပ်
ထွက်ပေါ်လာခဲ့လေသည်။

"ရပ်လိုက် လား?" နတ်မိစ္ဆာကောရာဇ် က
အေးစက်စက်ရယ်မော လိုက်ပြီး
ညာလက်ကို ပို၍ တင်းတင်းကျပ်ကျပ်
ဆုပ်ကိုင်လိုက်သည် ။

ဖောင်း!

အဘိုးအိုကို ပိတ်မိနေသည့်
အာကာသဟင်းလင်းပြင် က ချက်ချင်းပင်
ကွဲထွက်သွား၏။

အဘိုးအိုက မသေသေးသော်လည်း
သေလုနီးပါးဖြစ်နေပါပြီ။
နတ်မိစ္ဆာကောရာဇ် က ညာလက်ကို
နောက်တစ်ကြိမ်ယမ်းလိုက်ရာ အဘိုးအို
၏နောက်တွင်
ကြောက်မက်ဖွယ်ကောင်းသော

အနက်ရောင်အက်ကြောင်းတစ်ခုပေါ်လာသ
ည်။

အား...

ထို့နောက်တွင်တော့ နတ်မိစ္ဆာကောရာဇ်
၏လက်မှ
ပြင်းထန်သောအားလှိုင်းတစ်ခုထွက်ပေါ်လာ
ပြီး အဘိုးအိုထံကနေ နာကျင်သော
အော်ဟစ်သံနှင့်အတူ
အနက်ရောင်အက်ကြောင်းထဲသို့
တွန်းပို့ခံလိုက်ရသည်။

နောက်တစ်ဖန် လက်ကို ပြန်ရုတ်လိုက်ရာ
အနက်ရောင်အက်ကြောင်းက ချက်ချင်းပင်
ပိတ်သွားကာ အဘိုးအို အပါအဝင်
အရာအားလုံး ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့သည် ဤမြင်ကွင်းကို
မြင်လိုက်ရသောအခါသူ့နှလုံးသားထဲတွင်
တစ်ခုခု ပေါက်ကွဲထွက်တော့မည်ဟုပင်
ခံစားလိုက်ရသည်။

"နတ်မိစ္ဆာကေရာဇ် ရဲ့ခွန်အားက
ဘယ်လောက်တောင်နက်ရှိုင်းနေတာလဲ?
အဲဒါက ဘယ်လိုနည်းစနစ်လဲ?"

ထိုအချိန်တွင် ရှမ်ရှောင်ဇီ က
နတ်မိစ္ဆာကေရာဇ် နှင့် မလှမ်းမကမ်းတွင်
ပေါ်လာပြီး ပတ်ဝန်းကျင်ကို စူးစူးစိုက်စိုက်
ကြည့်လိုက်သည်နှင့် သူ့မျက်လုံးများ က
ချက်ချင်းနီရဲသွားလေသည်။

တစ်ချက်ကြည့်လိုက်ရုံနှင့် အကြီးအကဲ ရှမ်ဂုန် သေဆုံးသွားပြီ ဖြစ်ကြောင်း သိလိုက်ပါသည်။

၎င်းက သိုင်းကောရာဇ် အဆင့်ကျွမ်းကျင်သူ ဖြစ်သည်။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် မဟုတ်ပေ၊ သိုင်းကောရာဇ် တစ်ပါးက မွေးဖွားခြင်းဂိုဏ်း ပင်လျှင် ဆုံးရှုံးရန် မတတ်နိုင်ပါ။

ရွှမ်ရှောင်ဇီ က နတ်မိစ္ဆာကောရာဇ် ကို စိုက်ကြည့်ကာ ရေခဲတမျှ အေးစက်နေသော လေသံဖြင့် ပြောလိုက်၏။

“နတ်မိစ္ဆာကောရာဇ်၊ မင်းက နည်းနည်းလွန်လွန်းသွားပြီ မဟုတ်ဘူးလား? ဒါက လူသားလောကနော်!”

နတ်မိစ္ဆာကောရာဇ် က လက်ကို ဝှေ့ယမ်းလိုက်ကာ “မင်းက အပိုစကားတွေပြောမနေနဲ့။ ဒါက လူသားလောကဆိုတာ ငါသိတယ်။

ရွှမ်ရှောင်ဇီ! ယန်ယဲ့က

ငါ့နတ်ဆိုးမျိုးနွယ်ဝင်ဖြစ်တယ်ဆိုတာ

ကြေငြာခဲ့ပြီးပြီ။ မျိုးနွယ် ၃ ခုကြားက

သဘောတူညီချက်က သူ့အပေါ်

သက်ရောက်မှုရှိတယ်။ ဒါပေမဲ့ မင်းရဲ့

မွေးဖွားခြင်းဂိုဏ်း က သိုင်းကျောင်းကြေဖ်

တစ်ယောက်ကိုတောင်

စေလွှတ်လိုက်သေးတယ်။

မင်းက သဘောတူညီချက်ကို

အရင်ချိုးဖောက်ပြီးတိုက်ခိုက်လိုက်ကတ

ည်းက ငါလှူပ်ရှားလိုက်တာ မှားသလား?
ကောင်းပြီ၊ ဒါကို ထားလိုက်ရအောင်။

ရွှမ်ရှောင်ဇီ! မင်းဂိုဏ်းရဲ့အကြီးအကဲကို
လက်စားချေချင်ရင် မင်း ငါ့ကို
လွတ်လွတ်လပ်လပ်တိုက်ခိုက်နိုင်တယ်။
မင်းက လွှန်ခဲ့တဲ့ ရာစုနှစ်တွေကလို
အားနည်းနေသေးလား.... ငါကြည့်ပါရစေ။”

ရွှမ်ရှောင်ဇီက မျက်လုံးထဲတွင်
မီးပွင့်မတတ်ဒေါသများ

ထွက်ပေါ်နေသော်လည်း တိုက်ခိုက်ရန်
မဝံ့ရဲခဲ့ပေ။

ဆန်းကြယ်တိုက်ကြီးတစ်ခုလုံးတွင်
လူအနည်းငယ်ကသာ နတ်မိစ္ဆာကောရာဇ် နှင့်
ယှဉ်ပြိုင်နိုင်၏။
ကံဆိုးစွာပင် ထိုအထဲတွင် သူ မပါဝင်ခဲ့ပေ။

အကယ်၍ သူသာ နတ်မိစ္ဆာကောရာဇ်ကို
တိုက်ခိုက်ဝံ့လျှင် ၎င်းက သူ့ကိုသတ်ရန်
တွန့်ဆုတ်မည်မဟုတ်ကြောင်း
ရှင်းရှင်းလင်းလင်း သိထားသည်။

နောက်ဆုံးတွင် သူက နတ်မိစ္ဆာကောရာဇ် ကို ထိုကဲ့သို့ လုပ်ဆောင်ရန် အကြောင်းပြချက်ရှာပေးလိုက်သကဲ့သို့သာ ဖြစ်သွားပေမည်။

ရှမ်ရှောင်ဇီက နတ်မိစ္ဆာကောရာဇ် ကို စူးစူးရဲရဲ တစ်ချက်ကြည့်လိုက်ပြီးနောက် တဖန် ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ကာ နေရာမှာပင် ပျောက်ကွယ်သွား၏။

နတ်မိစ္ဆာကောရာဇ်က

တုန်လှုပ်ခြောက်ခြားနေပုံရသည် ယန်ယဲ့ ကို

လှည့်ကြည့်လိုက်သည်။

တစ်ဆက်တည်း သူက “အဆင့် ၉

ဓားစိတ်ဆန္ဒ ။ မင်းက တကယ်ပဲ အဆင့် ၉

ဓားစိတ်ဆန္ဒ ကို ရောက်သွားပြီ။"

နတ်မိစ္ဆာကောရာဇ် ပင်လျှင် သူ့စိတ်ထဲတွင်

အလွန်တုန်လှုပ်သွား၏။

ယန်ယဲ့ ၏ခါးစိတ်ဆန္ဒက မကြာသေးမီအချိန်က အဆင့် ၈ တွင်သာရှိသည်။ ယခုအချိန်တွင်မူ ယန်ယဲ့ က အဆင့် ၉ ခါးစိတ်ဆန္ဒ ကိုပင် ပိုင်ဆိုင်ထားပါပြီ။ ခါးတာအိုတွင် ထိုကဲ့သို့ သဘာဝစွမ်းရည်က အလွန်ပင် ကြောက်စရာကောင်းသည် မဟုတ်ပါလော?

"ဒါဟာ ကံကောင်းသွားတာပါ!" ယန်ယဲ့က ပြုံးကာရှားရှားပါးပါး

ကျိုးနွံခြင်းအခိုက်အတန့်ကို ထုတ်ဖော်ပြသလိုက်သည်။

နတ်မိစ္ဆာကေရာဇ် က ခေါင်းယမ်းပြီး ပြောသည်။ "မင်းက ငါ စိတ်ကူးထားတဲ့အခြေအနေထက်တောင် ကျော်လွန်သွားပြီပဲ။ ဒါပေမဲ့ မင်းရဲ့ကျင့်ကြံမှုက အရမ်းအားနည်းလွန်းတယ်။ ဗဟိုနယ်မြေမှာ မင်းရဲ့ ဒီလိုကျင့်ကြံမှုလေးနဲ့ အရမ်းအန္တရာယ်များနေတယ်။”

ထိုစကားပြောပြီးသည်နှင့်
နတ်မိစ္ဆာကောရာဇ် က
သလင်းကျောက်ကဲ့သို့ကြည်လင်နေသော
သစ်သီးတစ်လုံးကို ထုတ်ယူပြီး ယန်ယဲ့ထံ
ပစ်ပေးကာ “ဒါက ဝိညာဉ်စမ်းရေအသီး
လို့ခေါ်တယ်။ ပြီးတော့ အဲဒါက
လူသားတွေအတွက် အရမ်းအကျိုးရှိတယ်၊
စားလိုက်ပါ။ ဒီတစ်ခါတော့
ငါမင်းကိုကူညီလိုက်မယ်!"

"ဒါက ငါ့ရဲ့ကျင့်ကြံမှုကို
တိုးတက်စေမှာလား?"ယန်ယဲ့က
သူ့လက်ထဲရှိ သလင်းကျောက်ကဲ့သို့
ဝိညာဉ်စွမ်းအင်များဖြာထွက်နေသော
သစ်သီးကိုကြည့်ရင်းမေးလိုက်၏။

နတ်မိစ္ဆာဧကရာဇ် က ခေါင်းညိတ်ပြီး
“ဘေးထွက်ဆိုးကျိုးအတွက်ဆိုရင်
စိတ်ပူစရာမလိုဘူး။
မင်းရဲ့အခြေခံအုတ်မြစ်က အရမ်းခိုင်မာပြီး
မင်းရဲ့ဆန်းကြယ်ချီစွမ်းအင်တွေကလည်း

အရမ်းသိပ်သည်းနေတယ်။
ကျင့်ကြံမှုအဆင့်
နည်းနည်းလေးတိုးတက်လာတာကို
အသာထားဦး၊ မင်းက
ချီးမြှောက်ခြင်းနယ်ပယ်ကို
အဆင့်ခုန်ကျော်တက်သွားရင်တောင်
ပြဿနာမဟုတ်ဘူး။

ဒါပေမယ့် အဲဒါ မလိုအပ်ပါဘူး။
မြန်မြန်ဆန်ဆန် တိုးတက်လာရင် မင်းက
ခန္ဓာကိုယ်ထဲက အခြေအနေတွေကို
မျှတအောင် လုပ်နိုင်မှာ မဟုတ်ဘူး၊

ဒါကြောင့် အခုချက်ချင်း
ချီးမြှောက်ခြင်းနယ်ပယ် ကို
အဆင့်တက်တာက
မထိုက်တန်ဘူးလို့ဆိုနိုင်တယ်!”

ယန်ယွဲ့သည်လည်း ခဏပင်
တုံ့ဆိုင်းမနေတော့ပေ။သူ့လက်ထဲမှ
သစ်သီးကို ပါးစပ်ထဲထည့်ကာ
တိုက်ရိုက်မျိုချလိုက်ပါသည်။

တစ်ခဏလေးအတွင်း သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်များ ပြင်းထန်စွာ ထွက်ပေါ်လာခဲ့၏။

သူ၏ဆန်းကြယ်ချီစွမ်းအင်က ရုတ်တရက် နိုးဆွလိုက်ပုံရပြီး သူ့ခန္ဓာကိုယ်သွေးကြောများကနေတစ်ဆင့် စိမ့်ဝင်ပြန့်နှံ့သွားသည်။

ထို့နောက်တွင် ယန်ယဲ့က ချက်ချင်းပင် တင်ပျဉ်ခွေလျက်ထိုင်ချလိုက်ပြီး

ဆန်းကြယ်ချီစွမ်းအင်ကို သူ့ခန္ဓာကိုယ်အနှံ့ ဖြန့်ကျက်စေလိုက်ပါသည်။

၅၃၃

အဆုံးမဲ့စားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၃ – ဝိညာဉ်နယ်ပယ်အလွှာအဆင့်

၇

ထိုအချိန်တွင် ဘေးနားမှ
စောင့်ကြည့်နေသော နတ်မိစ္ဆာကေရာဇ် က
ယန်ယဲ့ ကို စိုက်ကြည့်ရင်း သူ့မျက်လုံးထဲ၌
ချီးမွမ်းလိုစိတ်များထွက်ပေါ်လာသည်။

အားလုံးက သန်မာသောခွန်အား
တစ်နည်းဆိုရသော်
အထွတ်အထိပ်တည်ရှိမှုကိုသာ
လေးစားသည့် ကမ္ဘာတွင် ရှိနေ၏။

အကယ်၍ ယန်ယဲ့သာ
လုံလောက်သည့်အရည်အချင်းမရှိလျှင်
ထိုနေ့ကတည်းက နေရာမှာပင်
သတ်ပစ်ပြီးဖြစ်သည်။

ထို့အပြင် ယန်ယဲ့ကို ကာကွယ်ပေးရန်
ရှေ့ထွက်လာသည့်အကြောင်းအရင်းမှာ
ယန်ယဲ့
၏အနာဂတ်အလားအလာကြောင့်ချည်းမ
ဟုတ်ခဲ့ပေ။

အကြောင်းမှာ မရဏသေမင်းချောက်နက်

၏အောက်ခြေမှ ယန်ယဲ့

၏ဆရာဖြစ်သူကြောင့်ပင်။

နတ်မိစ္ဆာကေရာဇ် ကဲ့သို့

ဆန်းကြယ်တိုက်ကြီး

၏အထွတ်အထိပ်တည်ရှိမှုပင်လျှင်

သင်္ချိုင်းစောင့်ဘိုးဘေး ကို အလွန်

ကြောက်ရွံ့ခဲ့သည်။

နတ်မိစ္ဆာကေရာဇ်က ယန်ယဲ့ ၏ဆရာ

သင်္ချိုင်းစောင့်ဘိုးဘေး နှင့်

မတိုက်ခိုက်ခဲ့သော်ငြား ထိုအဘိုးအို

၏စွမ်းအားက သူ့ထက်ပင်

မနိမ့်ကျနိုင်ကြောင်း  ရှင်းရှင်းလင်းလင်း

သတိထားမိလိုက်ပါသည်။

ယန်ယဲ့ သည် သင်္ချိုင်းစောင့်ဘိုးဘေး

၏တပည့်ဖြစ်သောကြောင့်

သေခြင်း၊ရှင်ခြင်း

အခြေအနေတွင်ကျရောက်နေပါက

သင်္ချိုင်းစောင့်ဘိုးဘေး ကိုယ်တိုင် ပြင်ပသို့

ထွက်လာမည်ဖြစ်ကြောင်း အလိုလို
သိနေပါသည်။

ထိုအတွေးအမြင်က လက်တွေ့ဆန်သည့်
သဘောတရားပါပဲ။

တစ်စုံတစ်ယောက်က တန်ဖိုးမရှိလျှင်
၎င်းကို မည်သူက အလေးထားပါမည်နည်း?
အပြင်လူများကို အသာထား၊ ၎င်း၏
ကိုယ်ပိုင်မျိုးနွယ်စုပင်လျှင်
စွန့်ပယ်ပစ်ပါလိမ့်မည်။

..........။

အချိန်များ
တရွေ့ရွေ့ကုန်ဆုံးလာသည်နှင့်တပြိုင်နက်
ယန်ယွဲ့ ၏ပတ်ဝန်းကျင်မှ
စွမ်းအင်အတက်အကျလှိုင်းများ မူလထက်
ပိုပြီး အားကောင်းလာခဲ့ပါသည်။
အဆုံးတွင်တော့ ယန်ယွဲ့ ၏ခန္ဓာကိုယ်က
မရေမတွက်နိုင်သော ဝိညာဉ်စွမ်းအင်များ
ရှုးသွပ်စွာ စီးဆင်းရာ
ရောမရေဝဲကြီးတစ်ခုလို ပင်။

သိပ်သည်းသောစွမ်းအင်များက
သူ့ခန္ဓာကိုယ်ထဲကို စီးဝင်လာပြီးနောက်
ယန်ယဲ့က ဝင်လာသည့်စွမ်းအင်များကို
ဖိနှိပ်ကာ သန့်စင်လိုက်ပါသည်။

အစပိုင်းတွင် ပြဿနာမဟုတ်သော်လည်း
ပြင်ပကမ္ဘာမှ စွမ်းအင်များ
ပိုမိုများပြားစွာစီးဝင်လာပြီး
သူ့ခန္ဓာကိုယ်ထဲ၌
ဝိညာဉ်စမ်းရေသစ်သီးမှစွမ်းအင်များ

အဆက်မပြတ်ထုတ်လွှတ်နေကာ
စွမ်းအင်များ ပို၍များပြားလာသည်။
ယန်ယွဲ့က ခန္ဓာကိုယ်ထဲသို့ စီးဝင်လာသည့်
စွမ်းအင်များကို ဖိနှိပ်၍ သန့်စင်နေရင်း
ပင်ပန်းနွမ်းနယ်လာသလိုပင်
ခံစားလိုက်ရသည်။

ထိုအချိန်တွင် နတ်မိစ္ဆာဧကရာဇ် က
လက်တစ်ဖက်ကို ဆန့်ကာ ယန်ယွဲ့
၏ခေါင်းပေါ်တွင် တင်လိုက်သည်။

ရုတ်တရက် နတ်မိစ္ဆာကောရာဇ်

၏လက်ဝါးအလယ်မှငေးငယ်သော

စွမ်းအင်ကြိုးတစ်ချောင်းဟာ

ယန်ယဲ့၏ခန္ဓာကိုယ်ထဲကို ဖြည်းညှင်းစွာ

ဝင်ရောက်သွားပါသည်။

ဤသို့ဖြင့်.......,

နောက်ထပ်

နှစ်နာရီကျော်ကြာပြီးနောက်တွင် ယန်ယဲ့

၏မျက်လုံးများက
ဖြည်းညှင်းစွာပွင့်လာခဲ့သည်။
သူ့မျက်လုံးထဲတွင်
အတော်လေးကျေနပ်ပျော်ရွှင်နေသည့်
အရိပ်အယောင်များပင် ရှိနေ၏။

"ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၇ ။"

ယန်ယဲ့ ၏စိတ်ထဲ၌ပင် တစ်ကြိမ်တည်းဖြင့်
အဆင့်ကြီး ၃ ဆင့်ကျော်ခုန်တက်သွားပြီး

ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၇ သို့
ရောက်ရှိသွားလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။
လက်ရှိအချိန်တွင် သူပိုင်ဆိုင်ထားသော
ဆန်းကြယ်ချီစွမ်းအင်ပမာဏဖြင့်ဆိုလျှင်
အလင်းအသံလှိုင်းများ ကို အနည်းဆုံး ၆
ကြိမ်ထိ
အသုံးပြုနိုင်ကြောင်းယုံကြည်နေပါသည်။
တစ်ချိန်တည်းတွင် သူ၏ခွန်အားက
ရုတ်တရက် တိုးလာသဖြင့် ဝမ်းသာအားရ
ခုန်ပေါက်ချင်စိတ်ပင်
ဖြစ်ပေါ်လာလေသည်။

"မင်းရဲ့အခြေခံအုတ်မြစ်က အရမ်းခိုင်မာပြီး
မင်းခန္ဓာကိုယ်ထဲက
ဆန်းကြယ်ချီစွမ်းအင်တွေကလည်း
သန့်စင်လွန်းတယ်လေ။ တကယ်တော့၊
မင်းရဲ့ကျင့်ကြံမှုအဆင့်က
ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၉ ထိ
တက်လှမ်းနိုင်ပေမဲ့ အဲဒါက မင်းရဲ့
ဆန်းကြယ်ချီစွမ်းအင်ကို
နည်းပါးသွားစေလိမ့်မယ်။

ဒါ့အပြင် မင်းရဲ့စိတ်အာရုံအသိကို
ပြင်းပြင်းထန်ထန်
ထိခိုက်သွားစေနိုင်သေးတယ်။

ဒါကြောင့် မင်းက လက်ရှိ
ဝိညာဉ်နယ်ပယ်အလွှာအဆင့် ၇ မှာပဲ
ရပ်တန့်လိုက်တာ ကောင်းတယ်။
ဒီလိုကျင့်ကြံမှုအဆင့်က မင်းကို
လုံးဝထိခိုက်နိုင်မှာ မဟုတ်ဘူး။”

နတ်မိစ္ဆာကေရာဇ် က ယန်ယဲ့ကို ကြည့်ကာ
ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် စီနီယာ !" ယန်ယဲ့ က ရိုးသားဦးညွှတ်လိုက်သည်။

အကယ်၍ နတ်မိစ္ဆာဧကရာဇ် ကသာ သူ၏ဆန်းကြယ်ချီစွမ်းအင် မြင့်တက်လာသည့်အရှိန်ကို ဖိနှိပ်မပေးပါက တစ်ကြိမ်တည်းတွင် အဆင့်ကြီး ၃ ဆင့် ခုန်တက်သွားရန် မဖြစ်နိုင်ပေ။

နတ်မိစ္ဆာဧကရာဇ် က ပြုံးပြီးပြောလိုက်သည်။ "မင်းရဲ့ ကျင့်ကြံမှုအရှိန်အဝါကို ငါ အခုပဲ

ဖုံးကွယ်ပေးထားပြီးပြီ။ ဒါကြောင့်
သိုင်းကျောင်း မဟုတ်ရင် တခြားလူတွေက
မင်းရဲ့လက်ရှိကျင့်ကြံမှုအဆင့်ကို
မြင်နိုင်မှာမဟုတ်တော့ဘူး။

ကလေး! လူသားလောကမှာ
အခြေအနေကိုမထိန်းချုပ်နိုင်တော့ရင်
အမြဲတမ်း ငါ့ရဲ့နတ်ဆိုးနယ်မြေကနေ
ကြိုဆိုတယ်။ နတ်ဆိုးနယ်မြေကိုသာလာခဲ့!
မင်းပိုင်တဲ့ ခွန်အားနဲ့ဆိုရင်
နတ်ဆိုးနယ်မြေတစ်ခုလုံးမှာတောင်
အတားအဆီးမရှိ သွားလာနိုင်တယ်!"

ယန်ယဲ့က ခေါင်းယမ်းပြီး ပြုံးလိုက်ပါသည်။
"အကြီးအကဲ၊ အငယ်လေး
အဆင်ပြေရဲ့လား?"

"ဇီအာ က အမွေအနှစ်ကို လက်ခံတုန်းပဲ၊
ဒါပေမဲ့ မကြာခင်မှာ အောင်မြင်တော့မယ်။"
နတ်မိစ္ဆာဧကရာဇ် က
ခေါင်းတစ်ချက်ယမ်းလိုက်ရင်း “ဒါပေမဲ့
သူ့ကို လူသားလောကထဲ လာခွင့်မပေးဘူး။
တကယ်လို့ သူမက လူသားလောကကို

ရောက်လာရင် သူမရဲ့အဆင့်အတန်းကြောင့်
လူသားတွေက သေချာပေါက်
ပစ်မှတ်ထားလိမ့်မယ်။ ဒါ့အပြင် အခုလက်ရှိ
မင်းမှာ မင်းရဲ့ရန်သူအဖြစ်
တိုက်ကြီးတစ်ခုလုံးရှိနေပြီ။ ဒီလိုဆိုမှာတော့
သူမ သာ မင်းအနားမှာရှိနေရင်
ငါတကယ်ကိုစိတ်မချမ်းသာနိုင်ဘူးလေ!"

ယန်ယဲ့က မချိပြုံးပြုံးကာ "တကယ်တော့
သူမကို တွေ့ဖို့ တွေးနေတာပါ!"

"မင်းမှာ အခွင့်ရေးရှိမယ်!"

နတ်မိစ္ဆာကေရာဇ် က ပြုံးပြီး ပြောသည်။ "

အရေးကြီးတာက မင်းရဲ့ခွန်အားကို

တတ်နိုင်သမျှ မြှင့်တင်ဖို့ နဲ့ လှောင့်ကျန်း ကို

သူတော်စင်အကြွင်းအကျန်နယ်မြေထဲက

ကမ္ဘာ့ပေါ်တယ် မရအောင်တားဆီးဖို့ပဲ။

တကယ်လို့ သူက

သူတော်စင်အကြွင်းအကျန်နယ်မြေထဲကနေ

အမွေအနှစ် ဒါမှမဟုတ် ကမ္ဘာ့ပေါ်တယ်

ကိုရသွားရင် တောင်ပိုင်းနယ်မြေအတွက်

မဟာကပ်ဘေးကြီးတစ်ခုဖြစ်လာမယ်။

ကောင်းပြီ၊... ငါလည်း
ဒီမှာကြာကြာဆက်မနေသင့်တော့ဘူး။
ထွက်သွားသင့်ပြီ။ ဒီလိုမှမဟုတ်ရင်
အဲဒီလူအိုကြီးတွေက
အကောင်းကြည့်နေမယ်ထင်ဘူး။

ငါ မင်းရဲ့ခန္ဓာကိုယ်ထဲမှာ
နတ်ဆိုးစွမ်းအင်ကြိုးတစ်ချောင်းချန်ထားတယ်။ တကယ်လို့ သိုင်းကောရာဇ် တစ်
ယောက်က မင်းကို တိုက်ခိုက်ရင် ချက်ချင်း
အမြန် ရောက်လာနိုင်မှာပါ!"

ထိုစကားပြောပြီးသည်နှင့်
နတ်မိစ္ဆာကောရာဇ်က
ရပ်နေသည့်နေရာတွင်ပင် လွင့်မျောသွားကာ
ပျောက်ကွယ်သွားခဲ့သည်။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်.... ။
ယန်ယဲ့က ရယ်မောလိုက်သည်။ ရုတ်တရက်
မျက်မှောင်ကြုတ်ကာ "သူမ ငါ့ကို
ဘယ်လိုရှာတွေ့တာလဲ?" စကားဆုံးသည်နှင့်
ယန်ယဲ့ ၏ခန္ဓာကိုယ်က အနည်းငယ်

တုန်ခါသွားပြီး နေရာတွင်ပင်
ပျောက်ကွယ်သွားလေသည်။

တစ်ဖက်တွင်
အပြာရောင်မျက်နှာဖုံးအုပ်အောက်မှရှုန်းလဲ့
နေသောမျက်ဝန်းအစုံဖြင့် အမျိုးသမီးက
ရုတ်တရက် ရွေ့လျားမှု
ရပ်တန့်သွားပြီးနောက် အဝေးက
တောအုပ်ကို ငေးကြည့်ကာ “ကိုယ့်ကိုကိုယ်
ပြပါ။ တချို့အရာတွေကို
ဆွေးနွေးလို့ရတယ်။”

ယန်ယဲ့က သစ်ပင်တစ်ပင်၏နောက်တွင်
ရပ်နေရင်းမျက်မှောင်ကြုတ်လိုက်ပါသည်။

အပြာရောင်မျက်နှာဖုံးအုပ်အမျိုးသမီးက
သူ့ကိုသတိပြုမိကြောင်း သိထားသည်။
သို့ရာတွင် သူ့စိတ်ထဲ၌ အမျိုးသမီးက သူ့ကို
မည်ကဲ့သို့ သတိထားမိသွားကြောင်းကို
အတော်လေးသိချင်နေ၏။

သို့သော် သူ့စိတ်ထဲမှ သိလိုစိတ်ကို ထိန်းကာ မေးခွန်းများစွာဖြင့် ရှေ့ထွက်လာရင်း အေးတိအေးစက်ပြောလိုက်သည်။

“ဘာဆွေးနွေးကြမလဲ? ငါယန်ယွဲ့ နဲ့ မြင့်မြတ်သောဟန်အင်ပါယာကြားမှာ ဆွေးနွေးဖို့ တစ်စုံတစ်ရာများ ကျန်သေးလို့လား? ငါတကယ်ကို သိချင်နေတယ်!”

“မြင့်မြတ်သောဟန်အင်ပါယာမှမဟုတ်ဘဲ တတိယမင်းသား!”

အပြာရောင်မျက်နှာဖုံးအုပ်အမျိုးသမီးက ပြန်ပြောသည်။

"တတိယမင်းသားလား?"

အပြာရောင်မျက်နှာဖုံးအုပ်အမျိုးသမီးက ခေါင်းညိတ်ကာ “ကေရာဇ်မှာ မင်းသားတွေ အများကြီးရှိတယ်။ တတိယမင်းသား က သူတို့ထဲကတစ်ယောက်ပဲ” ဟုဆိုသည်။

ယန်ယဲ့က မျက်နှာဖုံးအုပ်အမျိုးသမီး
ပြောလိုက်သောစကားကြောင့်
ထူးဆန်းသလို ခံစားလိုက်ရသည်။ "ဒါဆို
လောဝကျန်း နဲ့ မင်းရဲ့မြင့်မြတ်သော
ဟန်အင်ပါယာရဲ့ကေရာဇ် မဟုတ်လား?"

"အဲဒါကြောင့် ငါတို့
စကားပြောရမှာပေါ့!"အပြာရောင်မျက်နှာဖုံး
အုပ်အမျိုးသမီးက
ချိုသာလှသောအသံလေးဖြင့်
ပြောလေသည်။

ယန်ယဲ့က ခေါင်းညိတ်ကာ "မင်းတို့ တတိယမင်းသားရဲ့ရည်ရွယ်ချက်ကို ငါ အကြမ်းဖျင်း နားလည်ပါတယ်။ သူက လော့ကျန်း ရဲ့လက်အောက်ကိုဝင်ရောက်ဖို့ ငြင်းဆန်ပြီး တိုက်ခိုက်ဖို့စီစဉ်နေတာမဟုတ်လား? ဒါနဲ့ မင်းတို့အားလုံး ငါ့ကိုပါ ဒီလိုလုပ်ခိုင်းဖို့ ကြံစည်နေကြတာ ဟုတ်ရဲ့လား?”

ထိုအချိန်တွင်
အပြာရောင်မျက်နှာဖုံးအုပ်အမျိုးသမီးက
စကားမပြောသေးဘဲ သူမ၏ လက်ကို
ဖြည်းညှင်းစွာ မြှောက်ကာ
မျက်နှာပေါ်မှပုဝါစကိုဖယ်လိုက်သည်။

ထို့နောက်ကွယ်တွင်
ပြစ်မျိုးမှဲ့မထင်လှပသောချစ်စဖွယ်မျက်နှာ
လေးတစ်ခုပေါ်လာ၏။

ထိုအခါမှ သူမက ယန်ယွဲ့ကို စိုက်ကြည့်ကာ
“နင်က ချောမောလှပတဲ့ မိန်းမတွေကို
အရမ်းနှစ်သက်တယ်လို့ ငါကြားတယ်။

ငါ့ကိုယ်ငါ တော်တော်လှတယ်လို့
ထင်တယ်။ တတိယမင်းသားက နင်သာ သူနဲ့
လက်တွဲဖို့ သဘောတူရင် ငါက
နင့်အပိုင်ဖြစ်ရမယ်လို့ အမိန့်ပေးထားတယ်။
”

"ချီး…! သေစမ်းဟ!" ယန်ယွဲ့က
ချက်ချင်းပင် သူ့ကိုယ်သူ
ကျိန်ဆဲလိုက်ပါသည်။
"ဘယ်သူလဲ? ဘယ်သူကများ ငါက
ချောမောလှပတဲ့ မိန်းမတွေကို

နှစ်သက်တယ်ဆိုတဲ့ ကောလဟာလတွေ ဖြန့်လိုက်တာလဲ?"

သို့သော်,

သူ့ရှေ့တွင်ရပ်နေသည့် အမျိုးသမီးက အလွန်လှပသည်ဟု ဝန်ခံလိုက်၏။

ထို့အပြင် သူမက ယန်ယဲ့တွေ့ဆုံဖူးသည့် မိန်းမလှများအားလုံးထဲတွင်ပင် ထိပ်တန်း ၅ ယောက်အပါအဝင်ဖြစ်နိုင်သည်။

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၄ –

သဘောတူညီချက်တစ်ခုလား

ယန်ယဲ့ က "မင်းအရမ်းလှတယ်ဆိုတာ ငါဝန်ခံပါတယ်။ မင်းရဲ့အလှကြောင့် ယောက်ျားတိုင်းက သွေးဆောင်ခံရလိမ့်မယ်။

အဲဒီအချိန်မှာ သူတို့ရဲ့ခန္ဓာကိုယ်တွေက ဘာဖြစ်သွားမှန်းတောင်သိမှာမဟုတ်ဘူး။

ဒါပေမယ့် ငါယန်ယဲ့က အသုံးမဝင်တဲ့အရာတွေကို စိတ်မဝင်စားပါဘူး။

ဒါ့ပြင် မင်းက ငါ့ကို သွေးဆောင်ဖို့ တပ်မက်မှုတွေ သုံးပြီး အဲဒါက ငါ့ဉာဏ်ရည်ကို စော်ကားသလိုပဲ။ ငါက ဒီလိုလူပဲလား။

ပွင့်ပွင့်လင်းလင်းပြောပါ ၊ မင်းရဲ့သခင်က ငါ့ကိုပြသချင်တဲ့ ရိုးသားမှုလို့ ခေါ်တဲ့

ရိုးသားမှုမရှိရင် ငါတို့ အချင်းချင်း အသက်ရှုချိန်ကိုဖြုန်းဖို့ မလိုအပ်တော့ဘူး ”

"နင်ငါ့ကိုသတ်နိုင်တဲ့စွမ်းရည်ကို ယုံကြည်နေတာလား?" အမျိုးသမီး ၏အသံသည် အလွန်တည်ငြိမ်နေပြီး ယန်ယွဲ့၏စကားကို လုံးဝစိတ်မဝင်စားပုံရသည်။

"မင်း စမ်းကြည့်ချင်လား?" ယန်ယွဲ့ က အေးစက်စက်သာ ပြန်ပြောလိုက်၏။

အမျိုးသမီးက စကားဆက်မပြောခင်
ခဏကြာ ငြိမ်သက်သွားပြီး
"မမျှော်လင့်တာတွေသာဖြစ်မလာဘူးဆိုရင်
အနောက်ပိုင်းနယ်မြေကို သိမ်းပိုက်ဖို့
လော့ကျန်း စေလွှတ်ထားတဲ့
မဟာဗိုလ်ချုပ်ကြီး ကျန်းဟို က ဒီလထဲမှာပဲ
အနိုင်ယူပြီး အနောက်ပိုင်းနယ်မြေတစ်ခုလုံး
လော့ကျန်း ရဲ့လက်ထဲကို
ရောက်သွားလိမ့်မယ်။

အဲဒီအချိန်ကျရင် သူက အင်ပါယာရဲ့
ကံကြမ္မာစွမ်းအားကို ရပြီး
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို
အသာလေးသတ်နိုင်ပြီ။

သူ့လက်ထဲမှာရှိတဲ့ လူသားကေရာဇ်ဓား
နဲ့ဆိုရင်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေက
ပုရွက်ဆိတ်တွေလိုဖြစ်သွားလိမ့်မယ်။
တကယ်လို့ ကမ္ဘာ့ပေါ်တယ် သာ
သူ့လက်ထဲကိုရောက်သွားရင်တော့

လော့ကျန်းက လူသားမျိုးနွယ်ရဲ့
ကေရာဇ်ဖြစ်လာမှာကို
ဘယ်သူမှတားဆီးနိုင်တော့မှာမဟုတ်ဘူး။”

ယန်ယဲ့က အမျိုးသမီးကို စိုက်ကြည့်ကာ
စကားရှေ့ဆက်ရန် စောင့်ဆိုင်းနေလိုက်၏။

အမျိုးသမီးက
"သူတော်စင်အကြွင်းအကျန်နယ်မြေထဲမှာ
ငါတို့ရဲ့တပ်ဖွဲ့တွေရှိတယ်၊ ဒါပေမဲ့

ငါတို့ရဲ့တပ်ဖွဲ့တွေက လော့ကျန်း ကို
လုပ်ကြံသတ်ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။

ဘာကြောင့်လဲဆိုရင် သူ့ဘေးနားမှာ အဆင့်
၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၅) ဦး
နဲ့ အဆင့် ၅
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၁၀) ဦး
ရှိနေလို့ပဲ။

ဒီ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၁၅)
ဦးလုံးက လုံးဝကို

ခိုင်မာတဲ့အခြေခံအုတ်မြစ်တွေ ပိုင်ဆိုင်ထားတယ်။

သူတို့က လူတိုင်းကို နှင်းချေပြီးမှ လက်ရှိအဆင့်အတန်းကို ရယူထားကြတာ။

မဟုတ်သေးဘူး၊ သူတို့က အင်ပါယာရဲ့ ရက်စက်ကြမ်းကြုတ်တဲ့လေ့ကျင့်ပေးမှုကို ခံခဲ့ရတယ်လို့ ဆိုနိုင်တယ်။"

"မင်း ဘာကိုဆိုလိုချင်တာလဲ?" ယန်ယွဲ့က မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

အမျိုးသမီးက "နင့်
တောထဲရောက်သွားရင်တောင် လော့ကျန်း
ဖက်က ပညာရှင်တွေ အများကြီးနဲ့
ရင်ဆိုင်ရတဲ့အခါ နင့်မှာ
ထွက်ပြေးရုံပဲရှိမယ်။

ဒီတော့ ငါတို့ ပူးပေါင်းဖို့ကလွဲလို့
ရွေးချယ်စရာမရှိဘူး။
လက်တွဲလုပ်ဆောင်မှသာ လော့ကျန်း ကို
ရင်ဆိုင်နိုင်မယ်။

ငါတို့ရဲ့ဘယ်အင်အားစုကမှ လော့ကျန်း ကို ရင်ဆိုင်နိုင်မှာမဟုတ်လို့ ပူးပေါင်းတာကသာ တစ်ခုတည်းသော ရွေးချယ်မှုပဲ!”

ယန်ယဲ့ က သူမကို တစ်ချက်ကြည့်လိုက်ပြီး "မင်း ငါ့ရဲ့ရည်ရွယ်ချက်တွေကို သတိထားမိသင့်တယ်။ လော့ကျန်း လက်ထဲ ကမ္ဘာ့ပေါ်တယ် မရောက်အောင် တားဆီးဖို့က အဓိကပဲ။

တစ်နည်းပြောရရင် ငါတို့တွေက ရည်ရွယ်ချက်ချင်းတူပေမဲ့

တတိယမင်းသားက ငါနဲ့အတူတူ
လုပ်ခိုင်းတာမဟုတ်ဘူးလို့ ငါထင်တယ်။
အမျိုးသမီး! ငါယန်ယွဲ့က ခြံပုတ်တွေ
ပတ်ပြီး ရိုက်ရတာကို မကြိုက်ဘူး၊
ရှင်းရှင်းလေးပဲ နားလည်လား?"

"တတိယမင်းသားက သူ့အတွက်
ကမ္ဘာ့ပေါ်တယ် ရယူပေးလိမ့်မယ်လို့
မျှော်လင့်ပါတယ်။" အမျိုးသမီးက
ပြောလိုက်ပါသည်။

ယန်ယဲ့ က အံ့အားသင့်သွားပြီး ခေါင်းယမ်းကာ ပြုံးလေသည်။

“ကမ္ဘာ့ပေါ်တယ်က သဘာဝတာအိုရတနာလက်နက်တစ်ခုလေ။

ဒါတောင် သူက တောင်းဝံ့နေတာလား။

ငါတကယ် သိချင်မိတယ်။ ဘယ်လို လျော်ကြေးမျိုး ပေးချင်လဲ? သူက "မင်း" ကို လျော်ကြေးပေးတယ် လို့ပြောရင် ငါက ရယ်ရုံဘဲ။"

အမျိုးသမီးက “တကယ်တော့ အဲဒါတွေအားလုံးကို ပြောဖို့က နည်းနည်းစောလွန်းတယ်မဟုတ်လား? တကယ်လို့ ငါတို့က ကမ္ဘာ့ပေါ်ါတယ် ကို ကိုယ်တိုင်ရမယ် ဒါမှမဟုတ် လော့ကျန်း ရဲ့လက်ထဲကို ကျရောက်သွားခဲ့ရင် နင့်ကို ပေးထားတဲ့ ကတိက အဓိပ္ပါယ်မရှိတော့ဘူးလေ။ အရင်ဦးဆုံး လော့ကျန်း ကို တားဆီးဖို့ ပဲတွေးသင့်တယ်။ အနည်းဆုံးတော့ ကမ္ဘာ့ပေါ်ါတယ် မှာ ပိုင်ရှင်မရှိမချင်း ငါတို့

အတူတူ အလုပ်လုပ်နိုင်မယ်။ နင်က ဘယ်လိုထင်လဲ?"

"ဘာကို ပူးပေါင်းဆောင်ရွက်မှာလဲ?" ယန်ယွဲ့က အတော်လေး စိတ်ဝင်စားသွားမိသည်။

"ငါတို့နှစ်ယောက်လုံး လော့ကျန်း ကို ကမ္ဘာ့ပေါ်တယ် မရအောင် အမျိုးမျိုး တိုက်ခိုက်ရမှာပေါ့။ နင်က

ဘယ်လိုထင်လို့လဲ?" အမျိုးသမီးက ပြောသည်။

ယန်ယဲ့က  "မင်းတို့မှာ သူတော်စင်အကြွင်းအကျန်နယ်မြေကို စေလွှတ်ထားတဲ့ ပညာရှင် ဘယ်လောက်ရှိလဲ?"

အမျိုးသမီးက တိတ်တိတ်ဆိတ်ဆိတ်နေပြီး ယန်ယဲ့ ကို ဖြေသင့်မဖြေသင့် စဉ်းစားနေပုံပင်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းတို့
ဘယ်လောက် ရိုးသားသလဲ?" ယန်ယဲ့ က
အေးစက်စက် မေးလိုက်၏။

"အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၂)ယောက်၊ အဆင့် ၅
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၅)ယောက် နဲ့ အဆင့် ၅ အောက်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၅)

ယောက် " ဟု အမျိုးသမီးက ပြောလာလေသည်။

"အဲ့ဒါလေး တင်?" ယန်ယဲ့ မစဉ်းစားဘဲ ပြောလိုက်ပြီးနောက် သူက ဆက်ပြောသည်။ "လော့ကျန်း ဘေးမှာ အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၅) ယောက်တောင်ရှိတယ်။ ဒါပေမဲ့ မင်းတို့ဖက်မှာ ၂ ယောက်ပဲရှိတယ်။

ဒီလိုမျိုး အင်အားနည်းနည်းလေးနဲ့ သူ့ကိုဆန့်ကျင်နေတာက သေလမ်းရှာနေတာမဟုတ်ဘူးလား?"

"ဒါဆို နင်ကော ဘာရှိလဲ?" အမျိုးသမီးက ယန်ယဲ့ ကို ကြည့်ကာ "နင့်မှာ ဘယ်နှစ်ယောက်ရှိလဲ?"

ယန်ယဲ့ဟာ စကားပြန်မပြောနိုင်တော့ပေ။

"ဒါတွေအားလုံးက ဘယ်လိုပဲ ဖြစ်ဖြစ်၊
အတူတကွ ပူးပေါင်းဆောင်ရွက်တာက
ငါတို့ နှစ်ဖက်စလုံးအတွက်
အဆင်မပြေပါဘူး ဟုတ်တယ်မလား?"
အမျိုးသမီးက ပြောလိုက်သည်။

ယန်ယဲ့က ခဏတာတိတ်ဆိတ်သွားရင်း
အမျိုးသမီးကိုကြည့်ကာ"ဒါဆို
နောက်ဆုံးမေးခွန်းတစ်ခုပဲကျန်တယ်"
" ငါ့ရဲ့အရှိန်အဝါကို ဖုံးကွယ်ဖို့
နည်းလမ်းမျိုးစုံကို ငါအသုံးပြုပြီးပြီ၊

ပြီးတော့ လော့ကျန်း က ငါ့ကို
စောင့်ကြည့်ဖို့ အသုံးပြုထားတဲ့
အရာတွေကိုတောင် ဖယ်ရှားပစ်ခဲ့တယ်။

ဒါပေမဲ့ မြင့်မြတ်သောဟန်အင်ပါယာက
ငါ့ရဲ့နေရာကိုသတိပြုမိနေတယ်။ ဒါ့အပြင်
မင်းကိုယ်တိုင်တောင် ငါ့ကို
ရှာဖွေနိုင်ခဲ့တယ်။

ဘာကြောင့်လဲဆိုတာ ပြောပြနိုင်မလား?
ဒါမှမဟုတ် မြင့်မြတ်သောဟန်အင်ပါယာ ရဲ့
သိုင်းကေရာဇ် အဆင့်

ကျွမ်းကျင်သူတစ်ယောက်ကများ
လုပ်ရှားနေတာလား?"

ဘုရင်နယ်မြေ
ကျွမ်းကျင်သူတစ်ယောက်ဟာ
လှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့တာ
ဖြစ်ကောင်းဖြစ်နိုင်မလား"

"နင့်ရဲ့တည်နေရာကို သိုင်းကျော်
တစ်ယောက်က လိုက်နေတာမဟုတ်ဘူး။"
အမျိုးသမီးက

"မြင့်မြတ်သောဟန်အင်ပါယာ ရဲ့အင်အားကို လျော့မတွက်နဲ့။

အထူးသဖြင့် အင်ပါယာရဲ့

သတင်းကွန်ယက် ပဲ။

လူတစ်ဦးရဲ့နေရာကို စုံစမ်းချင်ရင် အဲဒီလူက ဗဟိုနယ်မြေမှာ ရှိနေသရွေ့ သေချာပေါက်ရှာတွေ့နိုင်တယ်။

ဘာကြောင့်လဲဆိုရင် မြင့်မြတ်သောဟန်အင်ပါယာ တစ်ခုလုံးမှာ သတင်းကွန်ယက် (၃) ခုရှိတယ်။

အဲဒီအရာတွေကို ကောင်းကင်ဗျာန၊
မြေကမ္ဘာဗျာန နဲ့ လူသားဗျာန ဆိုပြီး
အင်ပါယာတစ်ခုလုံးကို လွှမ်းခြုံထားတယ်။
နားလည်ပြီလား?"

ကောင်းကင်ဗျာန? ယန်ယဲ့ က
ခေါင်းကိုမော့ပြီး တိမ်တိုက်များကြားမှ
ငွေရောင်လင်းယုန်ကို ကြည့်လိုက်သည်။

ထိုလင်းယုန်က ကောင်းကင်မှာန

ဟုခေါ်သည့်

အစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပေသည်။

"တိုက်ကြီးရဲ့ ရှေးအကျဆုံး အင်ပါယာ က

မျှော်လင့်ထားတဲ့အတိုင်း။

ကြည့်ရတာ ရှေ့လျှောက်

ပိုတောင်သတိထားရမယ်!

အမျိုးသမီးက "ငါ့နာမည် ဇီရှမ်!

သူတော်စင်အကြွင်းအကျန်နယ်မြေ

ရောက်တာနဲ့ ဆက်သွယ်လိုက်မယ်။

မြင့်မြတ်သောဟန်အင်ပါယာ

ရဲ့နယ်မြေထဲမှာရှိနေတုန်း နင့်ကိုယ်နင်

သိပ်ပြီးမပြတာကောင်းမယ်။

အကောင်းဆုံးကတော့ နင်က

ရွေးချယ်ထားတဲ့ လမ်းကနေပဲဆက်သွားပါ။

အဲဒါက တော်တော်အန္တရာယ်များပေမယ့်

နင့်အတွက် ပြဿနာမဖြစ်သင့်ဘူး!"

အမျိုးသမီးက နောက်ကို  လှည့်ထွက်ရင်း ခဏာရပ်ကာ ယန်ယဲ့ကို ပြန်ကြည့်လိုက်၏။

ထို့နောက်တွင် သူမက တစ်ခုခုကို တွေးနေပုံရပြီး ရုတ်တရက် ပြောခဲ့သည်။

"ဒါ့အပြင် နင်က ဘယ်သူ့ကိုမှ မယုံတာပိုကောင်းမယ်!"

ထိုစကားပြောပြီးသည်နှင့်
အမျိုးသမီး၏ပုံရိပ်က
တဖျပ်ဖျပ်ဖျပ်လတ်လျက် နေရာမှာပင်
ပျောက်ကွယ်သွားသည်။

ယန်ယဲ့ က သူမ၏စကားကြောင့်
ဘာပြောရမှန်းပင်မသိအောင်
ခံစားလိုက်ရသည်။

၅၃၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၅ -

လူသားတွေရဲ့စိတ်သဘောထား

ထို့နောက်တွင် ယန်ယဲ့သည်လည်း ခဏတာရပ်နေပြီးနောက် လုဟိုင် တို့အဖွဲ့ ထွက်ခွာသွားသည့်လမ်းကြောင်းအတိုင်း လိုက်ပါသွားသည်။

သို့သော် ယန်ယဲ့သည် လုဟိုင် တို့အဖွဲ့နှင့် လိုက်မှီသွားချိန်တွင် ရှေ့မှ မြင်လိုက်ရသောအခြေအနေကြောင့် လူလုံးထွက်မပြသေးဘဲ အသာလေးငြိမ်ကာ စောင့်ကြည့်နေလိုက်၏။

... ရှေ့မှမြင်ကွင်းကား.....။

"အကြီးအကဲ၊ ငါ့မှာ အဆင့်နိမ့်ကောင်းကင်အဆင့် နည်းစနစ် တစ်ခု ရှိတယ်!" စီကွန်မင် က

တုန်ယင်စွာဖြင့် လုပ်ဟိုင်ကို ကြည့်လိုက်ရင်း သူ့ရှေ့မှ လူလတ်ပိုင်းအရွယ်ကို ပြောလေသည်။

တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်မှ သတ်ဖြတ်ခြင်းသံမဏ္ဍိမိကျောင်း အရေအတွက်ကလည်း တဖြည်းဖြည်းနှင့် တိုးလာ၏။

လုကျန်းယောင် နှင့် မိုချင်းရွှယ် တို့နှစ်ဦး ပူးပေါင်းတိုက်ခိုက်နေသည့်တိုင်အောင်

သတ်ဖြတ်ခြင်းသံမဏိမိကျောင်းအရေအတွ
က်ကို လျော့ပါးသွားအောင်မလုပ်နိုင်ပေ။

ထို့ကြောင့် ၎င်းတို့ ကြုံတွေ့နေရသည့်
အခြေအနေကို မထိန်းချုပ်နိုင်တော့သဖြင့်
လက်တစ်ဖက်ဌားရန် ကြံစည်နေခြင်းပင်။

ထို့နောက် စီကွန်မင်က ခါးသီးစွာ
ရှန်းကန်တိုက်ခိုက်နေသည့် လုကျန်းယောင်

နှင့် မိုချင်းရှယ် ကို တစ်ချက်ကြည့်လိုက်ပြီး "အကြီးအကဲ! ကျေးဇူးပြုပြီး…."

လူလတ်ပိုင်း ယွန်ရန်က သူ့လက်ကို ဝှေ့ယမ်းပြီး ပြောလိုက်သည်။ "သူတို့တောင် စိတ်မပူတာကို မင်းက ဘာတွေ စိတ်ပူနေတာလဲ? မင်းက သူရဲကောင်းလုပ်ချင်ရင် အဲဒီနေရာကို ကိုယ်တိုင်သွားပါ။ မင်းကိုမတားဘူးလို့ ငါအာမခံတယ်"

စီကွန်မင် ၏မျက်နှာက အနည်းငယ်
ဆိုးရွားနေပြီး
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများ
ဝိုင်းရံထားသည့် အမျိုးသမီး နှစ်ဦးကို
စိုက်ကြည့်ရင်း
စိတ်မကောင်းဖြစ်သွားမိသည်။

စီကွန်မင် က သက်ပြင်းတချက်ချပြီး
အားနည်းစွာဖြင့်
မြေပြင်ပေါ်ထိုင်ချလိုက်ကာ

ဆေးတစ်မျိုးကို ထုတ်ယူပြီး မျိုချကာ
ဒဏ်ရာများကို ပြန်၍ ကုသနေလိုက်၏။

ဤအခြေအနေတွင် လုကျန်းယောင် နှင့်
မိုချင်းရှယ် တို့နှစ်ဦးလုံး
၏မျက်နှာထက်တွင် စိတ်ပျက်ဟန်များ
အထင်းသားပင် ပေါ်လွင်နေသည်။

နောက်ဆုံးတွင်တော့
အရေးကြုံလာသည့်အချိန်တွင်
စွန့်ပစ်ခံခဲ့ရသည်မဟုတ်ပါလား?

လူ့သဘောသဘာဝသည်

လူတစ်ဦး၏နှလုံးသားနှင့်တူသည်၊ ၎င်းသည် အလွန်လွယ်ကူစွာပြောင်းလဲတတ်ကာ လုံးဝမခန့်မှန်းနိုင်ပေ။

ထို့အပြင် အထူးသဖြင့် သေခြင်း၊ရှင်ခြင်း အခြေအနေတွင် လူတိုင်းက ၎င်းတို့၏နှလုံးသားစမ်းသပ်မှုကို တောင့်မခံနိုင်ပေ။

ထိုအချိန်တွင် လုပ်ဟိုင် က ရုတ်တရက်ပြောလိုက်သည်။ "မိန်းကလေး

မို! မင်းရဲ့ မိုကလန် အင်အားနဲ့ဆို ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၈၀ လောက်ကို ထုတ်ဖို့က လွယ်တယ်မဟုတ်ဘူးလား?"

"ထိပ်တန်းအဆင့်မြင့်စွမ်းအင်ကျောက်တုံး ၈၀ ?"

ယွန်ရှန် က ခေါင်းယမ်းကာ အေးစက်စက် ရယ်မောလိုက်သည်။ "အဲဒါက အခု တန်ကြေး မဟုတ်ဘူး။ထိပ်တန်းအဆင့်စွမ်းအင်ကျော

က်တုံး ၅၀၀ ။

ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၅၀၀ ပေးပါ။ ဒီလိုဆို ငါ့လက်ကို ပေးဌားလိုက်မယ်။

ချွင်းချက်အနေနဲ့ မင်းတို့နှစ်ယောက်လုံးက အလှတွေမို့လို့ ငါ့ကိုလက်ထပ်မယ်လို့ ကတိပြုလာရင် တော့ မင်းတို့နှစ်ယောက်ကို ကူညီဖို့ ငါငြင်းမှာမဟုတ်ဘူး။”

“အကြီးအကဲ….”ယွန်ရန်က
စကားပြောရန်ပြင်နေသည့် လုဟိုင် ကို
တစ်ချက်စိုက်ကြည့်လိုက်၏။

ယွန်ရန်က ကြည့်နေသည်ကို မြင်သောအခါ
လုဟိုင် ကပြောရန်ပြင်နေသည့်
စကားများကို ပြန်မျိုချပြီး ချက်ချင်းပင်
ပါးစပ်ပိတ်ထားလိုက်သည်။

"အကြီးအကဲ! ဒီမိန်းကလေး နှစ်ယောက်ကို စိတ်ဝင်စားနေတာလား?" ဘေးနားရှိ ရဲချန်က မေးလေသည်။

ယွန်ရန်က ခေါင်းညိတ်ရင်း “တကယ်တော့ ငါ သဘောကျတယ်။ ဒါပေမဲ့ အတင်းအကြပ်လုပ်ရတာကို ငါ ဘယ်တုန်းကမှ မကြိုက်ဘူး။”

..........။

လုကျန်းယောင် က သူမ၏ ဓားကို
လျင်မြန်စွာ ဝှေ့ယမ်းလိုက်ရာ
ဓားကြိုးတစ်ချောင်း ပေါက်ကွဲထွက်လာပြီး
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများအပေါ်
ပစ်လွှတ်လိုက်သည်။

သို့ရာတွင် ဓားချီကြိုးက
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများကို
မည်သို့မှ မထိခိုက်စေနိုင်ပေ။

ထို့အပြင် တဖြည်းဖြည်း နှင့်
သတ်ဖြတ်ခြင်းသံမဏိမိကျောင်း
အရေအတွက်က ပို၍ပင်
တိုးလာခဲ့လေသည်။

လုကျန်းယောင် နှင့် မိုချင်းရှယ်
တို့နှစ်ဦးလည်း ရှေ့မှအခြေအနေများကို
မြင်တွေ့ပြီး နှစ်ဦးလုံး
မျက်စိမျက်နှာပျက်နေကြသည်။
အခြေအနေက လုံးဝကို
ထိန်းမရလောက်အောင်ဆိုးရွာနေပါပြီ။

"ချင်းရွှယ်! ဒီအတိုင်းဆက်သွားရင်
ငါတို့သေလိမ့်မယ်!" လုကျန်းယောင် က
လေးနက်သော အမူအရာနှင့်ပြောရင်း
မိုချင်းရွှယ် ၏ဘေးနားသို့
ဖြည်းညှင်းစွာကပ်သွားသည်။

မိုချင်းရွှယ် ၏အမူအရာသည်လည်း
အလွန်လေးနက်နေပေသည်။

သတ်ဖြတ်ခြင်းသံမဏိမိကျောင်း
အရေအတွက် တိုးလာရုံသာမကပေ။
၎င်းတို့က ပို၍ပင် ရှုးသွပ်သွားသည့်အလား
ရက်စက်ကြမ်းကြုတ်စွာပင်
တိုက်ခိုက်လာခဲ့ကြသည်။

သို့သော်လည်း တစ်ဖက်တွင် သူမတို့နှစ်ဦး
၏ခန္ဓာကိုယ်ထဲတွင်
ဆန်းကြယ်ချီစွမ်းအင်များ
ကုန်ဆုံးနီးပါးဖြစ်နေခဲ့ပါသည်။

အကယ်၍ ယခုအချိန် ထွက်မသွားပါက
နောက်ထပ် အချိန်အနည်းငယ်ကြာတွင်
သေချာပေါက်သေဆုံးသွားမည်ဖြစ်သည်။

ထိုအချက်ကို တွေးမိလိုက်သည်နှင့်
မိုချင်းရှယ် ၏မျက်လုံးများက
ပြင်းထန်သည့်
အမူအရာများတောက်ပလာလေသည်။
လုကျန်းယောင် ကိုလှည့်ကြည့်ရင်း
"ကျန်းယောင်၊ အခု ငါ့အနားကို လာပြီး
ကာကွယ်ပေးပါ!"

လုကျန်းယောင် က တုံ့ဆိုင်းမနေဘဲ
မိုချင်းရှယ် ၏ဘေးတွင် ယှဉ်ရပ်ကာ
သူမ၏ဓားကို အဆက်မပြတ်
ဝှေ့ယမ်းလိုက်ပါသည်။

တစ်ဖက်တွင်၊ မိုချင်းရှယ် ၏ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်များက
တစ်စုံတစ်ခုကနေ စုပ်ယူသွားပုံရပြီး
ရုတ်တရက် သူမ၏ပတ်ပတ်လည်တွင်
စွမ်းအင်လှိုင်းများ ဖြစ်ပေါ်လာခဲ့သည်။

"ဒါ..... ဒါက အနည်းဆုံးတော့ ကောင်းကင်အလယ်အလတ်အဆင့်နည်းစနစ် ပဲဖြစ်ရမယ်။" လုဟိုင် နှင့် အခြားလူများ၏အမူအရာက ပြောင်းလဲသွားပါပြီ။

ယွန်ရန် ၏အမူအရာပင်လျှင် အနည်းငယ်ပြောင်းလဲသွားသည်။

ဤအမျိုးသမီးက ကောင်းကင်အလယ်အလတ်အဆင့်နည်းစနစ်အား အသုံးပြုနိုင်လိမ့်မည်ဟု သူမမျှော်လင့်ထားခဲ့ပေ။

ဝိညာဉ်နယ်ပယ်အလွှာအဆင့် ဖြင့်

ကောင်းကင်အဆင့်နည်းစနစ်ကို

အသုံးပြုနိုင်သည့် သဘာဝစွမ်းရည်မျိုးက

အလွန်ပင်

ကြောက်စရာကောင်းသည်ဟုသာ

သတ်မှတ်နိုင်သည်။

အမှန်စင်စစ်

ကောင်းကင်အလယ်အလတ်အဆင့် နှင့်

အထက်ဆင့် နည်းစနစ်များက

လေ့ကျင့်ရန်ခက်ခဲလှသည်။ ထို့အပြင်

လေ့ကျင့်အောင်မြင်ထားသည့်တိုင် ၎င်းကို အသုံးပြုရန် ခဲယဉ်းပေသည်။

၎င်းကို အသုံးပြုသူက အနည်းငယ်မှားယွင်းသွားခဲ့လျှင် နည်းစနစ်၏တန်ပြန်ရိုက်ခတ်မှုကို သေချာပေါက်ခံရပေမည်။

သို့သော်၊ သူတို့ရှေ့မှ အမျိုးသမီးက ကောင်းကင်အဆင့်နည်းစနစ်တစ်ခုကို ပြီးပြည့်စုံစွာ အသုံးပြုခဲ့၏။

"ပုံရိပ်ယောင်လက်ဝါးတစ်ထောင်!"

မိုချင်းရှယ် က သူမ၏ လက်ဝါးနှစ်ဖက်ကို ပူးကပ်ကာ ရှေ့သို့ လျင်မြန်စွာ တွန်းထုတ်လိုက်ရင်း ကျယ်လောင်စွာ အော်လိုက်သည်။

အုန်း...!!!

မိုချင်းရွှယ် ၏လက်ဝါးနှစ်ဖက်မှ
သိပ်သည်းသော
အဖြူရောင်စွမ်းအင်တန်းများ
ဖြာထွက်လာပြီး လေထဲတွင်
လက်ဝါးတစ်ထောင် (၁၀၀၀)
ဖြစ်ပေါ်လာကာ ပတ်ဝန်းကျင်ရှိ
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများထံသို့
ရိုက်ချသွားလေတော့သည်။

အုန်း

အဖြူရောင်အလင်းတန်း မြောက်များစွာ ဖြာထွက်နေသည့် လက်ဝါးတစ်ထောင်က အောက်သို့ လျင်မြန်စွာ ကျဆင်းလာပြီး နွံတောထဲမှ သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများကို တိုက်ရိုက်ဖိချလိုက်သည်။

ဂါး....

သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများက ဒေါသတကြီး အော်ရင်း နွံတောအနက်ထဲသို့ လျင်မြန်စွာတိုးဝင်ပြီး ထွက်ပြေးကြသည်။

၅၃၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၆ – ရောက်လာပြီ

"သွားကြရအောင်!" ထိုအချိန်တွင်

မိုချင်းရှယ် အနည်းငယ်

အံ့အားသင့်သွားသော လုကျန်းယောင် အား

ရုတ်တရက် ပြောလိုက်သည်။

လုကျန်းယောင် က ထိတ်လန့်နေရာကနေ သတိပြန်ဝင်လာပြီးနောက် မိုချင်းရှယ် ၏မျက်နှာက ဖြူဖျော့နေသည်ကို သတိပြုမိသွားသည်။

လုကျန်းယောင် က ရုတ်တရက် စိုးရိမ်သွားပြီး မိုချင်းရှယ် ကို ပွေ့ဖက်လိုက်ကာ ယွန်ရန် တို့အဖွဲ့နှင့် ဆန့်ကျင်ဖက်ဆီသို့ ထွက်ခွာရန်ပြင်လိုက်၏။

သို့သော်လည်း လူလတ်ပိုင်း ယွန်ရန်က
သူမရှေ့တွင်ပေါ်လာပြီး
လမ်းပိတ်ရပ်နေသည်ကို
မြင်လိုက်လေသည်။

လုကျန်းယောင် က
ဒေါသတကြီးပြောလိုက်သည်။
"နင်ဘာလုပ်နေတာလဲ?"

"နင်က ငါ့ မိုကလန် ကို တကယ်ပဲ ဂရုမစိုက်တာလား?" မိုချင်းရွှယ်၏ဖြူဖျော့ဖျော့မျက်နှာပေါ်တွင် ဒေါသအရိပ်အယောင် ပေါ်လာသည်။

"မိုကလန်?" ယွန်ရန် က အေးစက်စက်ညည်းညူရင်း "မိန်းမပျို မို၊ အမှန်ပဲ။ ပြောရရင် မင်းရဲ့ မိုကလန် ကို ငါ မစော်ကားရဲဘူး။ ဒါပေမဲ့ မင်းဘေးနားက ဒီအမျိုးသမီးက ယန်ယဲ့ ဘယ်မှာလဲဆိုတာကို သိတယ်။ ဒါကြောင့်

သူ့ကို လိုချင်နေတာက မင်းရဲ့ မိုကလန် နဲ့
လုံးဝ မသက်ဆိုင်ဘူး မဟုတ်လား?"

"သူက ငါ့မိတ်ဆွေ!" မိုချင်းရှယ်
၏မျက်နှာက အတော်လေးဆိုးရွားလှသည်။
ဤယွန်ရန်က မည်သည့်အခြေအနေကို
ဦးတည်နေကြောင်း သူမ
ကောင်းကောင်းသိထား၏။

လုကျွန်းယောင် ကို ဖမ်းဆီးလိုက်သည်နှင့် သူမကို လွှတ်ပေးရန် တောင်းပန်ရုံမှတစ်ပါး လက်ရှိအခြေအနေနှင့် ရှင်သန်ရန် အခြားနည်းလမ်းမရှိပေ။

"မင်းရဲ့မိတ်ဆွေ?" ယွန်ရန်က အေးစက်စွာရယ်မောပြီး "မိန်းမပျို မို၊ မင်းရဲ့ မိုကလန် က မဆန့်ကျင်နိုင်လောက်ဘူးလို့ တကယ်ထင်နေတာလား?" စကားပြောနေစဉ်တွင် သူ့လက်ကို

ဆန့်ထုတ်ကာ လုကျန်းယောင် ကို
ကုတ်ဆွဲလိုက်သည်။

လုကျန်းယောင် ၏အမူအရာက
ချက်ချင်းပင် ပြောင်းသွားသည်။

ဤအချိန်တွင် သူမက အလွန်မောပန်းနေပြီး
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို
ရင်ဆိုင်ရန်အသာထား၊ လွတ်မြောက်ရန်ပင်
မဖြစ်နိုင်တော့ပေ။

ယွန်ရန် ၏လက်က သူ့မထံသို့
ချဉ်းကပ်လာသည်ကို မြင်သောအခါ
ခုခံလိုက်ချင်သော်လည်း ထိုသို့ပြုလုပ်ရန်
ခွန်အားမရှိတော့ပါ။

ဝုစ်....!

လေထုကွဲအက်သွားသည့်အသံ
ရုတ်တရက်ထွက်ပေါ်လာခဲ့သည်။

ထို့နောက်တွင် လုကျန်းယောင် ၏ရှေ့၌ ပုံရိပ်တစ်ခု ပေါ်လာလေသည်။ ထိုပုံရိပ်က အဖြစ်အပျက်များကို တစ်ချိန်လုံး စောင့်ကြည့်နေသည့် ယန်ယဲ့ ပါပဲ။

လုကျန်းယောင် ၏ရှေ့တွင်ပိတ်ရပ်နေရင်း သူ့ဆီသို့ တိုးဝင်လာသော လက်ကို စိုက်ကြည့်ရင်း ယန်ယဲ့ ၏မျက်နှာထက်တွင် ရက်စက်ကြမ်းကြုတ်သော အမူအရာ ပေါ်လာသည် ။

ဘုန်း!

ယန်ယဲ့က ရုတ်ချည်းပင်
လက်ကိုဆန့်ထုတ်ပြီး ယွန်ရန် ၏လက်ကို
လက်သီးဖြင့် တိုက်ရိုက်ထိုးချလိုက်သည်။

ယွန်ရန် ၏ခန္ဓာကိုယ်က
အနည်းငယ်တုန်ခါသွားကာ နောက်သို့

ခြေလှမ်း ၂၀ ကျော်ထိပင်
ပြန်ဆုတ်သွားရသည်။

ယွန်ရန် ၏အမူအရာက သိသိသာပင်
ပြောင်းလဲသွားခဲ့ပါသည်။

"မင်းကဘယ်သူလဲ?" ယွန်ရန်က ယန်ယဲ့
၏လက်သီးချက်ကြောင့် တုန်ရီနေသည့်
ညာဖက်လက်ကို နောက်သို့ ဖြည်းညှင်းစွာ
ပွတ်သပ်ရင်း ယန်ယဲ့အား

လေးနက်သောအမူအရာဖြင့်
စိုက်ကြည့်နေသည်။

လုကျန်းယောင် က ယန်ယဲ့ ကို
မြင်သောအခါ
သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလူသာ ဒီကို မရောက်သေးရင် ငါတို့
နှစ်ယောက် ဒီမှာ တကယ်
သေဆုံးသွားလိမ့်မယ်။"

မိုချင်း၍ယ် ကလည်း ယန်ယဲ့
ရောက်လာသည်ကိုသတိပြုမိပြီး
စိတ်ထဲတွင်
သက်ပြင်းတစ်ချက်ချလိုက်သည်။

သူမရှေ့မှ အနက်ဝတ်လူက
ဝိညာဉ်နယ်ပယ်အလွှာအဆင့်သာ
ရှိသည့်တိုင် ၎င်း၏စွမ်းအားကို
အပြည့်အဝယုံကြည်နေမိသည်။

"အစ်ကိုရဲ့…." ဤအချိန်တွင် လုဟိုင်က
တစ်ခုခုပြောရန် ရည်ရွယ်လိုက်၏။

သို့သော် ယန်ယဲ့ က သူ့လက်ကို
ဝှေ့ယမ်းလိုက်ကာ တားဆီးလိုက်သည်။

သူက ပတ်ဝန်းကျင်တွင် ပုန်းအောင်းနေရင်း
အရာအားလုံးကို ရှင်းရှင်းလင်းလင်း
မြင်တွေ့ခဲ့၏။

ဤလူနှစ်ယောက်က
သူနှင့်စစ်မှန်သောမိတ်ဆွေများဟု
ထင်ထားခဲ့သော်ငြား ယခုအချိန်တွင်
မလိုအပ်တော့ကြောင်း
သဘောပေါက်သွားသည်။

လုဟိုင် နှင့် စီကွန်မင် တို့နှစ်ဦးလုံး ၏အမူအရာများက အတော်လေးကို ဆိုးရွားသွားခဲ့သည်။

“အကြီးအကဲ ယွန်! အဲဒီလူက ရဲယန်။ သူက အကြီးအကဲ တို့ ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေကို သတ်ခဲ့တဲ့သူပဲ။” ရဲချန်က တိုးညှင်းသော အသံဖြင့် ပြောသည်။

ယွန်ရန် က ယန်ယဲ့ ကို စိုက်ကြည့်ကာ
"မင်း...."

စကားပြောရန်ပြင်နေချိန်မှာပဲ
သူ့ရှေ့မှအနက်ဝတ်လူက
ရိပ်ခနဲရောက်လာပြီး လက်သီးချက်က
သူ့မျက်နှာထံတည့်တည့်ပြေးဝင်လာသည်
ကို သတိပြုမိလိုက်ပါတော့သည်။

ယန်ယဲ့သည် သူ၏ရန်သူများကို
အသက်ရှူချိန်ပေးရန် အလေ့အထမရှိပေ။

ဝိညာဉ်နယ်ပယ်အလွှာအဆင်ကျွမ်းကျင်သူ

သာဖြစ်သည့် အနက်ဝတ်လူက သူကဲ့သို့

အဆင့် ၂

ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်အား

တိုက်ခိုက်ရဲသဖြင့် အလွန်တရာ

ဒေါသထွက်သွားသည်။

ယွန်ရန်က သူ၏ညာခြေကို မြေပြင်ပေါ်သို့

စောင့်နင်းလိုက်ပြီး ချက်ချင်းပင်

ပျောက်ကွယ်သွားကာ မီတာ ၄၀

ကျော်အကွာတွင် ပြန်ပေါ်လာသည်။

ထို့နောက် တစ်ဆက်တည်း
သူ့ဘယ်လက်ကို ဆန့်ထုတ်လိုက်ပြီး ယန်ယွဲ့
ကို ဦးတည်ကာ ဆုပ်ကိုင်လိုက်သည်။
"အာကာသဟင်းလင်းပြင်ချုပ်နှောင်ခြင်း!"

ယန်ယွဲ့ ၏ပုံရိပ်က
အနည်းငယ်တုံ့ဆိုင်းသွားသော်ငြား
ရုတ်တရက် သူ့လက်သီးကို ဆန့်ထုတ်ပြီး
ထိုးချလိုက်သည်။

အုန်း!

ယန်ယဲ့ ၏လက်သီးချက်က
အာကာသဟင်းလင်းပြင်အတားအဆီးကို
ချိုးဖျက်ပစ်လိုက်ကာ
အပိုင်းပိုင်းကွဲကြေသွားခဲ့သည်။

ဂျာတစ်ကြိမ်တွင် ယန်ယဲ့ က ယွန်ရန်ကို
အခွင့်အရေး လုံးဝမပေးဘဲ ရှေ့ကို

လျှပ်တစ်ပြက်ခုန်ထွက်လာပြီး လက်သီးဖြင့်
ထိုးချလိုက်လေသည်။

ယန်ယဲ့ က သူ၏
အာကာသဟင်းလင်းပြင်အတားအဆီးကို
ချိုးဖျက်လိုက်ကြောင်းမြင်သည့်အခါ
ယွန်ရန်က အံ့သြသွားသည်။
ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ပုရွက်ဆိတ်တစ်ကောင်က သူ၏
လေဟာနယ်ချုပ်နှောင်ခြင်းအတားအဆီးကို

အမှန်တကယ် ဖျက်ဆီးနိုင်လိမ့်မည်ဟု မမျှော်လင့်ထားပေ။

"သူ့ရဲ့ရုပ်ခန္ဓာခွန်အားက ဘယ်လောက်ကြောက်စရာကောင်းလဲ? သူက ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးတစ်ကောင်လား?

သို့သော် စဉ်းစားနေတုန်းပင် ရှိသေး၊ ယန်ယဲ့၏လက်သီးချက်က သူ့ခေါင်းရှေ့ကိုရောက်လာသဖြင့် တွေဝေနေရန် အချိန်မရှိပေ။

ယွန်ရန် ၏ခန္ဓာကိုယ်က
နာကျင်သောအော်ဟစ်သံနှင့်အတူ
ချက်ချင်းပင် လွင့်ပျံထွက်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့က ရုတ်ချည်း
ရှေ့တိုးလိုက်ကာ ညာလက်ကို ဆန့်ထုတ်ပြီး
ယွန်ရန် ၏ပုခုံးကို ဖမ်းဆုပ်လိုက်သည်။

ခွပ်!

ယွန်ရန် ၏မျက်လုံးများက
အရောင်မှိန်ဖျော့သွားသည်။

ရဲချန်၊ လုဟိုင် နှင့် စီကွန်မင် တို့လည်း
အံ့ဩတုန်လှုပ်သွားကြသည်။

အဆင့် ၂ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ။
ဂိုဏ်းတစ်ခုကနေ ဆင်းသက်လာတဲ့
ထိပ်သီးပညာရှင်တစ်ဦးကို ဒီလိုပဲ
သတ်ပစ်လိုက်တာလား?"

ထို့အပြင် ၎င်းက ပြန်လည်တိုက်ခိုက်ရန်
ခွန်အား ပင် လုံးဝမရှိခဲ့ပေ။ "သူက

ကောလဟာလထွက်နေတဲ့ သိုင်းနတ်ဘုရား
များဖြစ်နေမလား?"

ယန်ယဲ့က လက်ကိုဝှေ့ယမ်းကာ ယွန်ရန်
၏သိုလှောင်လက်စွပ်ကို ဆွဲယူလိုက်ကာ
အထဲမှအရာများကို
တစ်ချက်ကြည့်လိုက်သည်။

"ဒီ လူက အဆင့် ၂
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်
ဖြစ်နေပြီးတော့ တကယ်ကို ဆင်းရဲတာပဲ။

သူ့မှာ ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံး ၅၀၀ တောင်မရှိဘူး။

တော်သေးတယ်....,

ကောင်းကင်အဆင့်နည်းစနစ်တစ်ခုရှိနေလို့။ ငါ ဒါကို ထိပ်တန်းအဆင့်စွမ်းအင်ကျောက်တုံးတွေနဲ့ ပြန်ရောင်းရမယ်။"

"ဟမ်? ထွက်ပြေးဖို့ စဉ်းစားနေတာလား?" ယန်ယဲ့ က မီတာ ၁၀၀ ကျော်ထိ ရောက်နေသည့် ရဲချန် ကို စိုက်ကြည့်ရင်း

နွတ်ခမ်းထောင့်တွင်
အေးစက်သောအပြုံးတစ်ခု ပေါ်လာသည်။

ဤလူ ရဲချန် က သူ့ကိုသတ်ရန်
တစ်ကြိမ်ထက်မက ကြိုးစားခဲ့၏။

အကယ်၍ သူသာ ပြဿနာကို မရှောင်လျှင်
သိုင်းကမ္ဘာမြို့တွင်ရှိနေစဉ်ကတည်းက ရဲချန်
၏ဘဝကို လက်စတုံးပစ်ပေလိမ့်မည်။

ယန်ယဲ့ ၏ပုံရိပ်က တဖျပ်ဖျပ်
တောက်ပလာပြီး
အသက်ရှူနှစ်ရှိုက်စာအတွင်းမှာပင် ရဲချန်
ကိုဖမ်းမိသွားလေသည်။

ရဲချန်က တစ်ခုခုပြောချင်သော်လည်း
ယန်ယဲ့ ကအခွင့်မရေးမပေးခဲ့ပေ။
သူ့လက်ကို တင်းကြပ်စွာဆုပ်ပြီး ရဲချန်
၏လည်ပင်းကို လိမ်ချိုးကာ မီတာ ၁၀၀
ကျော်အဝေးသို့ လွှင့်ပစ်လိုက်သည်။

ခဏအကြာတွင် လုကျန်းယောင် နှင့်
မိုချင်းရှယ် ၏ဘေးနားသို့
ပြန်လျှောက်လာပြီး
ထိပ်တန်းအဆင့်ကုသခြင်းအဆောင်နှစ်ခုကို
ထုတ်ယူကာ ကပ်ပေးလိုက်သည်။

အချိန်အနည်းငယ်ကြာပြီးနောက်
မိန်းမပျိုနှစ်ဦးစလုံး ပြန်၍
သက်သာလာခဲ့ပြီး နောက် ယန်ယဲ့ က
ခေါင်းညိတ်ပြီး "သွားကြရအောင်!"

"လုပ်ဟိုင် နဲ့ စီကွန်မင် တို့ကော? ဘယ်လိုလဲ?" မိုချင်းရှယ် က လူငယ်နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်သည်။

ဤအချိန်တွင် ၎င်းတို့ နှစ်ယောက်လုံး ဒဏ်ရာ အပြင်းအထန် ရနေပြီဖြစ်ရာ ဤနေရာတွင်ထားခဲ့ပါက သေချာပေါက် သေဆုံးသွားနိုင်ပေသည်။

၅၃၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၃၇ – တရားမျှတတယ်

ယန်ယဲ့သည် လုဟိုင် နှင့် စီကွန်မင် ကို စူးစူးရဲရဲကြည့်ကာ ထိုနှစ်ဦးက ရှက်ရွံ့နေသည့် မျက်လုံးများဖြင့် သူ့ကို ကြည့်နေကြသည်။

မည်သို့ပင်ဖြစ်စေ အဖွဲ့ဝင်များကို
စွန့်လွှတ်လိုက်ခြင်းက
ဂုဏ်ယူဝင့်ကြွားစရာကိစ္စမဟုတ်ပေ။

ခဏကြာတိတ်ဆိတ်နေပြီးနောက်တွင်
လုဟိုင်က အားတင်းပြီး
ရုတ်တရက်ပြောလိုက်သည်။

"အစ်ကို ရဲ! အစ်ကို စီကွန် နဲ့ ငါက
ဒီလိုလုပ်မိတာ မှားသွားတဲ့အတွက် ငါတို့
တောင်းပန်ပါတယ်။

ငါတို့ကို
သူတော်စင်အကြွင်းအကျန်နယ်မြေကို
ဆက်ခေါ်သွားဖို့ အစ်ကို ရဲ
ကိုမတောင်းဆိုပါဘူး။

ပြီးတော့ အစ်ကို ရဲ က
ငါတို့ရဲ့အတိတ်ကဆက်ဆံရေးအတွက်
စဉ်းစားပြီး သိုင်းကမ္ဘာမြို့ကို
ပြန်ပို့လိမ့်မယ်လို့ပဲ မျှော်လင့်ပါတယ်။”

စီကွန်မင် ကလည်း ဝင်ပြောလိုက်၏။

"အစ်ကို ရဲ၊ ငါတို့လုပ်ရပ်တွေက တကယ်ပဲ လူမဆန်ဘူး။ ဒါပေမဲ့ ဒီလိုအခြေအနေမျိုး ကြုံနေရချိန်မှာတော့ ငါတို့မှာ တခြားရွေးချယ်စရာ မရှိဘူး။

ငါတို့နောက်မဆုတ်ဘူးဆိုရင်တော့ မိန်းမပျို လု နဲ့ မိန်းမပျို မို အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သွားလိမ့်မယ်။

ဒီလိုအခြေအနေမျိုးကြုံရတဲ့အခါ ဘယ်သူမဆို တူညီတဲ့ရွေးချယ်မှုတစ်ခု လုပ်လိမ့်မယ်လို့ ငါထင်ပါတယ်။"

ယန်ယဲ့ က  ခေါင်းခါလိုက်ပြီး

“လူတစ်ယောက်စီတိုင်းမှာ

သူ့ကိုယ်ပိုင်ရွေးချယ်ခွင့်ရှိတယ်။

မင်းတို့နှစ်ယောက်ရဲ့

ကိုယ်ပိုင်ရွေးချယ်ခွင့်လည်း ရှိတယ်၊ ငါက

မင်းတို့ မှားပါတယ်လို့ စွက်ဖက်ပိုင်ခွင့်

မရှိဘူး။

ဒါပေမဲ့ မင်းတို့က

အဲဒီလမ်းကိုရွေးချယ်လိုက်ပြီဆိုမှတော့

အကျိုးဆက်တွေကိုလည်း
ရင်ဆိုင်နိုင်ဖို့အသင့်ပြင်ထားသင့်တယ်။
မင်းတို့ အစောပိုင်းက သူတို့ကို စွန့်လွှတ်ဖို့
ရွေးချယ်ခဲ့တာဆိုတော့ ငါလည်း အခု
မင်းတို့နှစ်ယောက်ကို စွန့်လွှတ်ဖို့
ရွေးချယ်နေတာ။ဒါက
အရမ်းတရားမျှတတယ်!”

မှန်သည်။ လူတိုင်းသည် ၎င်းတို့
၏ရွေးချယ်ခဲ့သည့်အရာရာတိုင်းအတွက်

တာဝန်ယူကာ အကျိုးဆက်များကို
လက်ခံယူရပေမည်။

ယန်ယဲ့ ပြောလိုက်သည့်စကားကို
ကြားလိုက်သောအခါ စီကွန်မင် နှင့် လုဟိုင်
တို့၏ မျက်နှာများ က ဖြူဖျော့သွားသည် ။

သူတို့က
တစ်ခုခုပြောချင်နေသေးသော်လည်း
ယန်ယဲ့က အမျိုးသမီးနှစ်ယောက်ကို
ဆွဲခေါ်ပြီး ချက်ချင်းပင်
ထွက်ခွာသွားသည်။

ချက်ချင်း သူတို့နှစ်ဦး ၏မျက်လုံးထဲတွင်
ကြောက်လန့်မှုက ဒေါသအဖြစ်သို့
တဖြည်းဖြည်း ပြောင်းလဲသွားသည်။

“သူ့အတွက် ငါတို့ကို
သိုင်းကမ္ဘာမြို့ပြန်ပို့ချင်ရင်လွယ်ကူပါတယ်။
ဒီ ရဲယန်က
တကယ်ကိုရက်စက်ကြမ်းကြုတ်တဲ့လူပဲ။

သူ့အတွက် ငါ့ဦးလေးဆီကို အသနားခံဖို့
မြို့သခင်အိမ်တော်ကိုတောင်
သွားလိုက်သေးတယ်။

သူက ဒီလောက် အကြင်နာကင်းမဲ့ပြီး
ကြင်နာမှုကင်းမဲ့သူဆိုတာ ငါသိရင် သူ့ကို
သိုင်းကမ္ဘာမြို့မှာကတည်းက သတ်ပစ်ဖို့
ငါ့ဦးလေးကို တောင်းဆိုလိုက်ပါတယ်!"
စီကွန်မင် က ဒေါသတကြီး
အော်လိုက်သည်။

"အစ်ကို လု! အခု ငါတို့ ဘာလုပ်သင့်လဲ?"
စီကွန်မင် က ထိတ်လန့်နေသည့် အသံဖြင့်
ပြောလိုက်သည်။

လူတိုင်း သေခြင်းတရားကိုရင်ဆိုင်ရသော
မရှက်မကြောက်
ထုတ်ဖော်ပြောဆိုလေ့ရှိကြသည်။

ပတ်ဝန်းကျင်မှ
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းများကို

စိုက်ကြည့်ရင်း လုပ်ဟိုင် ၏မျက်လုံးများတွင်
ရက်စက်သော အမူအရာ ပေါ်လာသည်။

ရုတ်တရက် သူက စီကွန်မင် ၏ ပုခုံးကို
ဖမ်းကိုင်လိုက်ပြီး စီကွန်မင်
မခုခံနိုင်ချိန်မှာဘဲ
ဝမ်းဗိုက်ကိုဖြတ်ကန်လိုက်ကာ
သတ်ဖြတ်ခြင်းသံမဏိမိကျောင်းအုပ်ထဲသို့
ပစ်ချလိုက်လေသည်။

“ငါတို့နှစ်ယောက်ထဲက
တစ်ယောက်သေတာက
ငါတို့နှစ်ယောက်လုံးသေတာထက်
ပိုကောင်းပါတယ်။

အစ်ကို စီကွန်! စိတ်မပူပါနဲ့ ငါမင်းကို
လက်စားချေပေးမယ်!"
ထိုစကားပြောပြီးသည်နှင့်
နောက်ပြန်ဆုတ်ကာ လှည့်၍
ထွက်ပြေးသွားခဲ့သည်။

"အာ!!! ငါ◌္◌္ဖိုးမသား လုပ်ိုင်!!
သေတာတောင် မင်းကို ဘယ်တော့မှ
ခွင့်မလွှတ်ဘူး!!" သို့ရာတွင် သူ့အသံက
အချိန်တိုအတွင်း ပျောက်ကွယ်သွားသည် ။

ထိုအချိန်တွင် တိမ်တိုက်များ အပေါ်မှ
စူးရှသော အော်ဟစ်သံတစ်ခု ရုတ်တရက်
ထွက်ပေါ်လာပြီးနောက် တိမ်တိုက်များမှ
ရွှေရောင်အလင်းတန်းနှစ်စင်း
ထွက်ပေါ်လာသည်။

ထိုအလင်းတန်းနှစ်ခုက
သတ်ဖြတ်ခြင်းသံမဏိမိကျောင်း
၏နယ်မြေမှ လွတ်မြောက်လာသော လုဟိုင်
ထံသို့ ချက်ချင်း ရောက်ရှိလာခဲ့သည်။

“မဟုတ်ဘူး!!!” လုဟိုင်က ရွှေရောင်
အလင်းတန်းများကို ငေးကြည့်ရင်း
ထိတ်လန့်တကြားအော်ဟစ်ကာ.....

အုန်း!

ရွှေရောင်အလင်းတန်းက
ပေါက်ကွဲထွက်ကာ လုဟိုင် ၏ခန္ဓာကိုယ်ကို
ချက်ချင်း ဝါးမြိုသွားခဲ့သည်။

...

ည။

လရောင်ခြည်က ကောင်းကင်ထက်တွင်
တလက်လက်တောက်ပနေကာ
ညမျက်နှာဖုံးကိုလွှမ်းခြုံနေကာ
ငွေရောင်အလင်းများ လင်းထိန်နေ၏။

ယန်ယဲ့က ပတ်ဝန်းကျင်
ကိုတစ်ချက်ကြည့်ရင်း ရပ်လိုက်ကာ နှင့်
ညဖက်တွင် ခရီးမဆက်ရန်
ဆုံးဖြတ်လိုက်ပါသည်။

"ရဲယန်! ငါတို့အင်အားနဲ့ ဒီနွံတောကို
တကယ်ဖြတ်ကျော်နိုင်ပါ့မလား?"
သုံးယောက်သား ရွှံ့နွံတောဘေးမှ မြေပြင်
လမ်းမတစ်ခုပေါ်တွင် ထိုင်နေကြသည်။

###Book.28

---------------------------------------------

----

---------------------------------------------

-------